# ဇီဝမျိုးစုံမျိုးကွဲများ၏ တန်ဖိုးမြင့်မားမှုကို အမည်ဖော်ရန်
## ယေဘူယျလမ်းညွှန်ချက်များ



မတူညီကွဲပြားသော ဂေဟစနစ်များ ထုတ်လုပ်ရေးလုပ်ငန်းသုံးများတွင်
ဇီဝမျိုးစုံမျိုးကွဲများ၏ တန်ဖိုးမြင့်မားမှု High conservation Values (HCVS)
ကို အမည်ဖော်နိုင်ရန် လက်တွေ့ကျင့်သုံးနည်း လမ်းညွှန်စာအုပ်

This report is an unofficial translation of an original document from the HCV Network. The translation was commissioned and checked by the Myanmar Programme of Fauna & Flora International, and made possible with the kind support of the European Union, Helmsley Charitable Trust and Segre Condervation Foundation. Any errors are entirely the responsibility of FFI Myanmar, and errors, omissions or comments should be addressed to FFI [carl.reeder@fauna-flora.org]."  Room 706, Myay Nu Condo, No. 99b Myay Nu Street, Sanchaung Township, Yangon
အောက်တိုဘာ ၂၀၁၃

HCV
RESOURCE
NETWORK



ဤအရပ်သည် High conservation value (HCVS) ကျင့်သုံးသူများ၊ စာရင်းစစ်ခံရသူများအတွက် ကျင့်သုံးနည်းလမ်းညွှန် စာအုပ်များထဲမှ တစ်ရပ်ဖြစ်သည်။ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းတွင် ကမ္ဘာလုံးဆိုင်ရာ HCV အဓိပ္ပါယ်သတ်မှတ်ချက်များကို ပြုပြင်ပြောင်းလဲလာခဲ့ပြီး HCV ချဉ်းကပ်ပုံများကို အစဦးလုပ်ဆောင်သူအများအပြားက လက်ခံကျင့်သုံးလာခဲ့ကြရာ ယခုလက်ရှိ လမ်းညွှန်ချက်များနှင့် အသစ်ပြုပြင်ပြောင်းလဲမှုများကို စာရင်းပြုစုထားနိုင်ရန် အရေးကြီးသည်။ ဤစာအုပ်သည် ရှိပြီးသားလမ်းညွှန်ချက်များကို လုံးလုံးအစားထိုးရန်ကြံရွယ်ခြင်းမဟုတ်ဘဲ HCV များကို အသုံးပြုနိုင်သည့် နယ်ပယ်ကို ချဲ့ထွင်ရန် လက်တွေ့ကွင်းဆင်းအတွေ့အကြုံများကို အခြေခံကျလမ်းညွှန်ချက်များ ပေးနိုင်ရန် ရည်ရွယ်သည်။ မကြာသေးမီနှစ်များအတွင်းတွင် HCV ရင်းမြစ်ကွန်ယက်၊ HCV ကျင့်သုံးသူများ နှင့် တခြားသော စိတ်ဝင်စားသည့် အဖွဲ့များကြားတွင် HCV ချဉ်းကပ်ပုံကို မတူညီကွဲပြားသော မြေယာအသုံးကဏ္ဍများနှင့် ပထဝီနေရာများတွင် တစ်သက်မတ်တည်း ကျင့်သုံးခြင်းမရှိဟု စိုးရိမ်ပူပန်မှုများ ရှိလာခဲ့သည်။ မြေယာအခင်းအကျင်းတစ်ခု နေရာဒေသတစ်ခု၏ ယင်းHCV တန်ဖိုးကို အမည်ဖော်ရာတွင် HCV အဓိပ္ပါယ်သတ်မှတ်ချက်များကို ယေဘုယျအမည်ဖော်ခြင်း အပေါ်အခြေခံ၍ ပြုလုပ်ရမည်။ ၎င်းကို ဤစာအုပ်တွင် ဖော်ပြထားသည်။ ဤစာအုပ်ကို HCV စိစစ်သူများအတွက် အထူးသဖြင့် နိုင်ငံဆိုင်ရာ အမည်ဖော်မှု၏ အကျိုးရလဒ်များမပါဘဲ လုပ်ဆောင်သူများအတွက် ရည်ရွယ်ထားသည်။ ၎င်းတို့အနေဖြင့် HCV အဓိပ္ပါယ်သတ်မှတ်ချက်များကို အဓိပ္ပါယ်ဖော်ပြခြင်းနှင့် အသုံးချခြင်းတို့တွင် လမ်းညွှန်မှုပေးနိုင်ရန် ဖြစ်သည်။ ထိုသို့တစ်စုတစ်ရာကို ရရှိနိုင်မည်ဖြစ်သည်။



## စာအုပ်တည်းဖြတ်သူအဖွဲ့


Eilen Brown, Nige, Dudley, Anders Lindne, Dwi R Muhtaman, Christopher stewart နှင့် Timothy Synnott တို့ဖြစ်ကြသည်။



စာအုပ်တည်းဖြတ်သူ အယ်ဒီတာများသည် Robin Abell နှင့် Michael Senior တို့ထံမှ မာတိကာနှင့် စာအုပ်မတည်ဆောက်ပုံအကူအညီကို ရရှိခဲ့၍ ကျေးဇူးတင်လိုပါသည်။ စာမူကြမ်း ရေးသားစဉ်ကာလတွင် အသုံးဝင်သော အကြံပေးချက်များပေးခဲ့သော စာအုပ်သုံးသပ် ဖတ်ရှုသူများ တို့လည်း ကျေးဇူးတင်ရှိပါသည်။ နောက်ဆုံးအနေဖြင့် စာအုပ်ကို ဒီဇိုင်းရေးဆွဲပေးခဲ့သော Fern lee ကို ကျေးဇူးတင်ရှိပါသည်။


စာအုပ်တွင် ပါဝင်ရေးသားသူများ

Brown E, N Dudley, A Lindne , DR Muhtam on , Stewart နှင့် synnoh (2013 october)

ဇီဝမျိုးစုံမျိုးကွဲများ၏ တန်ဖိုးမြင့်မားမှုကို အမည်ဖော်ရန် ယေဘုယျလမ်းညွှန်ချက်များ Hev Resource Network.

# ဤစာအုပ်၏ နောက်ခံသမိုင်း

High Conservation values (HCV3) အဓိပ္ပါယ်သတ်မှတ်ချက်များကို Fores Stewadship Council (FSC)က ၄င်းတို့၏ မူနှင့်စံနှုန်းများ ၊Principles & criteria (P&C0 version 4.0 တွင် ပထမဆုံးမိတ်ဆက်ပေးခဲ့သည်။ HCV ချဉ်းကပ်မှု အမျိုးအစား (၆)မျိုးနှင့် ၄င်းတို့ကို အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် အသုံးချခြင်းအတွက် လမ်းညွှန်ချက်များကို ၂၀၀၃ခုနှစ်တွင် Proforestက ၄င်း၏ ကမ္ဘာ့လုံးဆိုင်ရာ တန်ဆာပလာတွင် ရှင်းလင်းပြသခဲ့သည်။ ၂၀၀၅ခုနှစ်တွင် အသစ်တည်ထောင်လိုက်သော HCV တန်ဆာပလာကို ၄င်း၏တည်ထောင်မှု ပဋိညာဉ်တွင် ရိုးရှင်းသော အသွင်ဖြင့် ထည့်သွင်းပြီး ၄င်း၏ နယ်ပယ်ကို HCV forest မှ Area အဖြစ် ချဲ့ထွင်ခဲ့သည်။ ၄င်းအားဖြင့် သစ်တောဧရိယာသာမက သစ်တောမဟုတ်သော ဧရိယာများရှိ ဂေဟစနစ်များအတွက်ပါ အကျုံးဝင်ခဲ့သည်။ ၂၀၀၉ခုနှစ်နှင့် ၂၀၁၁ခုနှစ် အတွင်းတွင် HCVRN နှင့် FSC တို့သည် တခြားသော ပြန်လည်ပြည့်ဖြိုးမြဲ အစီအစဉ်များမှ ကျွမ်းကျင်သူများ၊ ပြန်လည်သုံးသပ်ခဲ့သည်။ ၄င်းဖြင့် FSC P & C version 5.0 ကို ရရှိလာကာ ၄င်းသည်ဂေဟစနစ်အားလုံးမှ ဇီဝမျိုးစုံ မျိုးကွဲများ၏ တန်ဖိုးမြင့်မားမှုများ ပါဝင်ခဲ့သည်။ သစ်တောတစ်ခုတည်းအတွက် မဟုတ်တော့ပေ။ ယခုတွင် HCV အဓိပ္ပါယ် သတ်မှတ်ချက် (၆)မျိုးကို principle 9 ၏ စာသားတွင် တွေ့ရှိနိုင်သည်။ (ယခင်ကမူ ယင်းအဓိပ္ပါယ် သတ်မှတ်ချက်များမှာ ဝေါဟာရ အစီအစဉ်တွင် အကျဉ်းချုံးမျှသာ ဖော်ပြခဲ့ခြင်းဖြစ်သည်။) HCV အဓိပ္ပါယ် သတ်မှတ်ချက်များ ဆင့်ကဲဖြစ်ပေါ်လာပုံကို အပြည့်အစုံရှင်းလင်းချက်ကို နောက်ဆက်တွဲတွင် ကြည့်ရှုနိုင်သည်။

၂၀၁၂ခုနှစ် ဒုတိယနှစ်ဝက်မှစ၍ proforest သည် HCVS များကို ယေဘုယျအဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် အမည်ဖော်ခြင်းတို့အတွက် လက်တွေ့ကျင့်သုံးနိုင်သော အသုံးပြုသူလမ်းညွှန်စာအုပ်ကို ပြုစုရန် ဆွေးနွေးခဲ့သည်။ ၄င်းဖြင့် HCV အမည်ဖော်ခြင်းအတွက် ယေဘုယျ လမ်းညွှန်ချက်စာအုပ်ပေါ် ထွက်လာခဲ့ခြင်း ဖြစ်သည်။ ဤစာအုပ်သည် HCVS များကို ကမ္ဘာ့လုံးဆိုင်ရာအရ အဓိပ္ပါယ်ဖွင့်ဆိုခြင်း နှင့် အမည်ဖော်ခြင်းတို့အတွက် အသစ်ပြုပြင်ထားသော လမ်းညွှန်ချက်များကို ဖော်ထုတ်ရန် HCVRN နှင့် FSC တို့ ပူးပေါင်းဆုံးဖြတ်ခြင်းဖြစ်သည်။ ၄င်းမှာ မည်သည့် ဂေဟစနစ် အမျိုးအစားမဆို၊ မည်သည့် သဘာဝရင်းမြစ်နှင့် စံနှုန်းမဆိုအတွက် ဖြစ်သည်။ ၄င်းကို ၂၀၀၃ခုနှစ် နှင့် ၂၀၀၈ခုနှစ်အတွင်းတွင် ရေးသားသော စာတမ်းများ (၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ခုနှစ်အတွင်းတွင် FSC နှင့် HCVRN တို့ ပူးပေါင်းလုပ်ဆောင်ခဲ့သော အလုပ်များကိုအခြေခံသည်။ ထို့ပြင် HCV ကျွမ်းကျင်သူများနှင့် စိတ်ပါဝင်စားသော ပါဝင်သူများနှင့် ဆွေးနွေးပြီး ရေးသားပြုစုခဲ့ခြင်းဖြစ်သည်။ HCVRN သည် ဤစာအုပ်ကို အသုံးပြုရန် တွန်းအားပေးပြီး ထိုလမ်းညွှန်ချက်များကို လက်တွေ့ကျင့်သုံးရာတွင် အတွေ့အကြုံများကို ကြားသိရလိုပါသည်။ ထိုအကြောင်းပြန်ချက်များသည် အနာဂတ်တွင်ပြုလုပ်မည့် လမ်းညွှန်ချက်များကို info@havnetwork.org သို့ ပေးပို့နိုင်သည်။

HCVRN သည် ထုတ်လုပ်ရေးကုမ္ပဏီများ၊ NGOS များ သုတေသနနှင့် အတိုင်ပင်ခံ အဖွဲ့အစည်းများ၊ စစ်ဆေးသူများ နှင့် တခြားသော ကျင့်သုံးသူများပါဝင်သော အဖွဲ့ဝင်များ ပါဝင်သည့် ကွန်ယက်ဖြစ်သည်။ ၄င်းတို့သည် တာဝန်သိတတ်သော သဘာဝရင်းမြစ်စီမံခန့်ခွဲရေး တစ်စိတ်တစ်ပိုင်းအဖြစ် အရေးပါသော လူမှုရေးနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ တန်ဖိုးများကို ထိန်းသိမ်းစောင့်ရှောက်ရန် ရည်မှန်းချက်ရှိသူများ ဖြစ်ခဲ့ကြသည်။ HCVRN ကို ၂၀၀၅ ခုနှစ်တွင် စတင်ဖွဲ့စည်းပြီး ၄င်းသည် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ NGOS များ ပုဂ္ဂလိက ကဏ္ဍ ကိုယ်စားလှယ်များ၊ အပြန်အလှန်ဖွဲ့စည်းထားသော အဖွဲ့အစည်းများ ပါဝင်သည့် steering Group က အုပ်စိုးသော ပဋိညာဉ် အခြေပြုသည့် အဖွဲ့အစည်းဖြစ်သည်။ HCVRN သည် လမ်းညွှန်ချက်စာအုပ်များ ထုတ်ဝေခြင်း၊ HCV အစီရင်ခံစာများကို သုံးသပ်ခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်းစသော ဝန်ဆောင်မှုများကို လုပ်ဆောင်ပါသည်။ အသေးစိတ်သိရှိလိုပါက www.Hcvnetwork.org တွင် ကြည့်ရှုပါ။

1 Proforest 2008 a & b

2 Synnott, T. et al 2012

ဤလမ်းညွှန်စာအုပ်ထုတ်ဝေမှုကို HCV Resource Network ကိုယ်စား proforest က ဦးဆောင်ပြု လုပ်သည်။

proforest

အောက်ပါအဖွဲ့အစည်းများသည် HCV Resource Network ၏ မွေးမြူဒါန်များ၊ ပဋိညာဉ်များကို အထောက်အပံ့ပေးသည်။

RSPO Roundtable on Sustainable Palm Oil · FSC · BONSUCRO · RTRS Round Table on Responsible Soy Association · RSB Roundtable on Sustainable Biomaterials

ဤစာအုပ်ထုတ်ဝေခြင်းကို WWF Sweden WWF international Tetral Pak နှင့် proforest မှ ရရှိသော ရံပုံငွေများဖြင့် အထောက်အပံ့ပေးသည်။

# အတိုကောက်စကားလုံးများစာရင်း





AZE – Alliance for Zero Extinction
(မျိုးတုံးပျောက်ကွယ်မှု ကင်းမဲ့ရေးမဟာမိတ်အဖွဲ့)

CARPE – Central African Regional Program for the Environment
(သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဗဟိုအာဖရိက ဒေသတွင်းအစီအစဉ်)

CBD – Convention on Biological Diversity
(ဇီဝမျိုးကွဲများဆိုင်ရာ ညီလာခံ)

CITES - Convention on International Trade in Endangered Species of Wild Fauna and Flora
(မျိုးတုံးအန္တရာယ် ကျရောက်နေသော ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ နိုင်ငံတကာ ကုန်သွယ်ရေးညီလာခံ)

CR – Critically Endangered (IUCN Red List)
(မျိုးတုံးလုနီးပါး အန္တရာယ်ကျရောက်နေသော အနီရောင်စာရင်းဝင် မျိုးစိတ်များ)

EC – European Community

EN – Endangered (IUCN Red List)

ESIA – Environmental and Social Impact Assessment
(သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာများအပေါ် အကျိုးသက်ရောက်မှုကို အကဲဖြတ်ခြင်း)

EU – European Union
(ဥရောပသမဂ္ဂ)

FPIC – free, prior, and informed consent
(လွတ်လပ်သော၊ ဦးစားပေးသော၊ သတင်းအချက်အလက် သိရှိသော သဘောတူညီမှု)

FSC – Forest Stewardship Council HCV – High Conservation Value
(သစ်တောများကြီးကြပ်အုပ်ချုပ်မှု ကောင်စီ)

HCVNI – High Conservation Value National Interpretation
(ဇီဝမျိုးစုံမျိုးကွဲများ၏ တန်ဖိုးမြင့်မားမှုဆိုင်ရာ ရင်းမြစ်ကွန်ယက်)

HCVRN – High Conservation Value Resource Network





GIS – Geographic Information Systems
(ပထဝီအနေအထားဆိုင်ရာ သတင်းအချက်အလက်များစနစ်)

IBA – Important Bird Areas
(အရေးပါသောငှက်တည်ရှိရာ နေရာများ)

IBAT – Integrated Biodiversity Assessment Tool
(စုစည်းထားသော ဇီဝမျိုးကွဲများ သုံးသပ်ရေးကိရိယာ)

IFC – International Finance Corporation
(နိုင်ငံတကာ ဘဏ္ဍာရေးကော်ပိုရေးရှင်း)

IFL – Intact Forest Landscape
(မထိတွေ့ရသေးသော သစ်တောရှုခင်းများ)

IPA – Important Plant Area
(အရေးပါသော အပင်ဒေသများ)

IUCN – International Union for Conservation of Nature
(သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းဆိုင်ရာ နိုင်ငံတကာသမဂ္ဂ)



KBA – Key Biodiversity Area
(အဓိက ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ဒေသများ)

Km - kilometre
(ကီလိုမီတာ)

MU – management unit
(စီမံခန့်ခွဲမှုယူနစ်)

NGO – non-governmental organisation
(အစိုးရမဟုတ်သော အဖွဲ့အစည်းများ)

NTFP – Non-Timber Forest Product
(သစ်မဟုတ်သော သစ်တောထွက်ကုန်)

P&C – Principles and Criteria
(မူများနှင့် စံနှုန်းများ)

PRA – Participatory Rural Appraisal

PS – Performance Standard
(လုပ်ဆောင်မှုဆိုင်ရာ စံနှုန်း)

RTE – rare, threatened or endangered
(ရှားပါးသော၊ ခြိမ်းခြောက်ခံနေရသော၊ မျိုးတုန်းမှုအန္တရာယ်ကြုံနေရသော မျိုးစိတ်များ)

RSB – Roundtable on Sustainable Biomaterials
(ပြန်လည်ပြည့်ဖြိုးမြဲ ဇီဝပစ္စည်းများ ဆိုင်ရာ ဆွေးနွေးပွဲ)

RSPO – Roundtable on Sustainable Palm Oil
(ပြန်လည်ပြည့်ဖြိုးမြဲ ဆီအုန်းစိုက်ပျိုးရေးဆွေးနွေးပွဲ)

RTRS – Roundtable on Responsible Soy
(ပြန်လည်ပြည့်ဖြိုး ပဲပိစပ် စိုက်ပျိုးရေးဆွေးနွေးပွဲ)



SCP – systematic conservation planning
(စနစ်ကျသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဉ်)

TNC – The Nature Conservancy
(သဘာဝ၏ ထိန်းသိမ်းစောင့်ရှောက်ခံနိုင်စွမ်း)

UNESCO - United Nations Educational, Scientific, and Cultural Organisation
(ကုလသမဂ္ဂ ပညာရေး သိပ္ပံ နှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်း)

VU – vulnerable (IUCN Red List)
ခုခံနိုင်မှုအားနည်းသော (IUCN ၏ အနီရောင်အဆင့် သတ်မှတ်စာရင်း)



WRI – World Resources Institute
(ကမ္ဘာ့ရင်းမြစ်များဆိုင်ရာ အဖွဲ့အစည်း)

WWF – Worldwide Fund for Nature
(သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကမ္ဘာ့ရန်ပုံငွေ)

# မာတိကာ

## အပိုင်းတစ်


၁။ မိတ်ဆက်

၁.၁ ထိန်းသိမ်းမှုတန်ဖိုးမြင့်မားသော ဂေဟ လူမှုအခြေပြု အမွေအနှစ်များ အချက် (၆) ချက် 3

၁.၂ ထိန်းသိမ်းမှုတန်ဖိုးမြင့်မားသော ဂေဟ လူမှုအခြေပြု အမွေအနှစ်များအား ချဉ်းကပ်ပုံ 4

၁.၂.၁ အမည်ဖော်ခြင်း 4

၁.၂.၂ စီမံခန့်ခွဲခြင်း 4

၁.၂.၃ စောင့်ကြည့်လေ့လာခြင်း 5

၁.၃ ယေဘုယျလမ်းညွှန်ချက်-HCV ကို မတူညီကွဲပြားသော ဂေဟစနစ်များနှင့် မြေယာအသုံးတွင် အသုံးချခြင်း 5

၁.၃.၁ မတူညီ ကွဲပြားသော ဂေဟစနစ်များအတွက် HCV 5

၁.၃.၂ မတူညီသော မြေယာအသုံးချမှု ထုတ်ကုန်များ ထုတ်လုပ်ခြင်း 7

၁.၃.၃ မတူညီသော နိုင်ငံများ - HCV နိုင်ငံအလိုက် အဓိပ္ပါယ်ဖွင့်ဆိုမှု 8

၂။ HCV အကဲဖြတ်မှုများအတွက် စဉ်းစားထားသော အလေ့အကျင့်ကောင်း 11

၂.၁ အတိုင်းအတာ၊ ပြင်းအားနှင့် စွန့်စားရမှု 11

၂.၂ HCVRN ပရိုညာဉ်အတိုင်း လိုက်နာမှု 14

၂.၃ နေရာဒေသနှင့် မြေယာအခင်းအကျင်းများ 15

၂.၄ HCV နည်းလမ်းများနှင့် အချက်အလက်ရင်းမြစ်များ 16

၂.၄.၁ နေရာဒေသချဲ့ကွင်းလေ့လာမှုအတွက် လိုအပ်ချက်ကို သုံးသပ်ခြင်း။ 16

2.4.2 Step-wise screening 16

၂.၅ သက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း 19

၂.၆ သုံးသပ်၍ ရရှိသောအဖြေများကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း 20

၂.၆.၁ သီးခြားရှိသော တန်ဖိုးများကို အသိအမှတ်ပြုခြင်း 20

၂.၆.၂ ကြိုတင်ကာကွယ်သော ချဉ်းကပ်မှုကို သုံးခြင်း 21

# အပိုင်းနှစ်


၃။ HCVS (၆) မျိုးကို အမည်ဖော်ပြခြင်း 25

- ၃.၁ HCVS ၁ မျိုးစိတ်များ မျိုးစုံကွဲပြားခြင်း 25
  - ၃.၁.၁ အဓိက အခေါ်အဝေါ်များနှင့် အယူအဆများ 25
  - ၃.၁.၂ ညွှန်ပြသော အရာများနှင့် အချက်အလက်ရင်းမြစ်များ 27
  - ၃.၁.၃ နမူနာပြ လေ့လာမှု 29
- ၃.၂ HCV ၂ မြေယာအခင်းအကျင်းအဆင့် ဂေဟစနစ်နှင့် အပြင်အဆင် 30
  - ၃.၂.၁ အဓိက အခေါ်အဝေါ်များနှင့် အယူအဆများ 30
  - ၃.၂.၂ ညွှန်ပြသော အရာနှင့် အချက်အလက်ရင်းမြစ်များ 31
  - ၃.၂.၃ နမူနာပြ လေ့လာမှု 33
- ၃.၃ HCV ၃ ဂေဟစနစ်နှင့် စားကျက်များ 34
  - ၃.၃.၁ အဓိက အခေါ်အဝေါ်များနှင့် အယူအဆများ 34
  - ၃.၃.၂ ညွှန်ပြသော အရာနှင့် အချက်အလက်ရင်းမြစ်များ 35
  - ၃.၃.၃ နမူနာပြ လေ့လာမှု 36
- ၃.၄ HCV ၄ ဂေဟစနစ်ဝန်ဆောင်မှု ပေးခြင်း 37
  - ၃.၄.၁ အဓိက အခေါ်အဝေါ်များနှင့် အယူအဆများ 37
  - ၃.၄.၂ ညွှန်ပြသောအရာနှင့် အချက်အလက်ရင်းမြစ်များ 40
  - ၃.၄.၃ နမူနာပြလေ့လာမှု 41
- ၃.၅ HCVR ၅ လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များ 42
  - ၃.၅.၁ အဓိက အခေါ်အဝေါ်များနှင့် အယူအဆများ 42
  - ၃.၅.၂ ညွှန်ပြသော အရာနှင့်အချက်အလက်ရင်းမြစ်များ 44
  - ၃.၅.၃ နမူနာပြလေ့လာမှု 47
- ၃.၆ HCV ၆ ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးများ 48
  - ၃.၆.၁ အဓိက အခေါ်အဝေါ်များနှင့် အယူအဆများ 48
  - ၃.၆.၂ ညွှန်ပြသော အရာနှင့် အချက်အလက်ရင်းမြစ်များ 49
  - ၃.၆.၃ နမူနာ လေ့လာမှု 51

၄။ HCV သုံးသပ်ချက် အစီရင်ခံစာ ပြင်ဆင်ခြင်း။ 53

၅။ ရည်ညွှန်းချက်များ 55

နောက်ဆက်တွဲများ 56

- ၁။ HCVS အဓိပ္ပါယ်သတ်မှတ်ချက်များ ပေါ်ပေါက်လာခြင်း 56
- ၂။ မြက်ခင်းပြင်များရှိ HCVS များ 58
- ၃။ ရေချိုစနစ်များအတွင်းရှိ HCVS များ 60
- ၄။ ရုပ်ပုံဂုဏ်ပြုချက်များ 63

# ဤစာအုပ်ကို မည်သို့ အသုံးပြုရမည်။

ဤစာအုပ်ကို HCV သုံးသပ်သူများ၊ ရင်းမြစ်စီမံခန့်ခွဲသူများ၊ စိစစ်သူများအတွက် မူလရည်ရွယ် ထုတ်ဝေပါသည်။[3] ၄င်းသည် HCV အဓိပ္ပါယ် သတ်မှတ်ချက်များကို အဓိပ္ပါယ်ဖော်ခြင်း လက်တွေ့ အမည်ဖော်ခြင်း တို့အတွက် လမ်းညွှန်မှု ပေးထားသည်။ HCV ချဉ်းကပ်မှုကို အသုံးပြုရာတွင် စံနှုန်းတစ်ခုကို ရရှိစေရန် ဖြစ်သည်။ ထို့ပြင် နိုင်ငံတွင်းအခြေအနေအရ မည်သည့် အဓိပ္ပါယ်သတ်မှတ်ချက်များ၊ အချက်အလက် ရင်းမြစ်များနှင့် နမူနာများကို ပြုပြင်ပြောင်းလဲရမည် ဆိုသည်ကို ဖော်ပြပေးခြင်းဖြင့် HCV နိုင်ငံတွင်း အဓိပ္ပါယ်ဖော်သူများ (HCV NIS) များကို အကူအညီပေးနိုင်သည်။ ထို့ပြင် ၄င်းသည် ပါဝင်သူများ၏ ဆွေးနွေးမှုဖြစ်စဉ်တစ်စိတ်တစ်ပိုင်း အဖြစ်သော်လည်းကောင်း၊ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေးဖြစ်စဉ်ကို ကောင်းမွန်စွာ ကြီးကြပ်နိုင်ရန်လည်းကောင်း HCV သုံးသပ်ချက်များကို စိစစ်လိုသည့် အဆင့်သတ်မှတ်လိုသည့် ပါဝင်သူများအတွက်လည်း အသုံးဝင်နိုင်သည်။

၄င်းမှာ ချည်နှောင်ထားသော စာအုပ်တစ်ခုမဟုတ်ပေ။ ၄င်းသည် အစီအစဉ်၏ အတိုင်းအတာ၊ ပြင်းအားနှင့် စွန့်စားရမှုတို့အပြင် ဘတ်ဂျက်များ၊ နည်းပညာလုပ်နိုင်စွမ်း စသောမတူညီသည့် စံနှုန်းများအရ လိုက်နာရမည့် အကောင်းဆုံး ကျင့်သုံးနည်းလမ်းညွှန်စာအုပ်သာ ဖြစ်သည်။[4] HCVS များနှင့် ပတ်သက်ပြီး တခြားလိုအပ်ချက်များကို အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာ အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရေး အစီအစဉ်များထံသို့ သွားရောက်မေးမြန်းနိုင်သည်။

အပိုင်းတစ်တွင် HCV ချဉ်းကပ်မှုကို မည်သို့ပြုလုပ်မည်ဆိုသည်နှင့် HCV သုံးသပ်ရေးအတွက် အကြံဉာဏ်တစ်ချို့ ပေးထားသည်။ ကောင်းမွန်သော အရည်အသွေးဖြင့် HCV သုံးသပ်ချက်တစ်ခုသည် ရှာဖွေတွေ့ရှိမှုများကို ကြိုတင်ကာကွယ်ရေး ချဉ်းကပ်မှု (၂.၆.၂ တွင် ကြည့်ရှုပါ။) အရည်အသွေးဖြင့် ပါဝင်သူများ ဆွေးနွေးမှု (၂.၅တွင် ကြည့်ရှုပါ။) ပိုမိုကျယ်ပြန့်သော ရှုခင်းများကို ထည့်သွင်းစဉ်းစားမှု (၂.၃) တွင် ကြည့်ရှုပါ) ကမ်းလှမ်းထားသော အစီအစဉ်၏ အတိုင်းအတာ၊ ပြင်းအား နှင့် စွန့်စားရမှု (၂.၁) တွင် ကြည့်ရှုပါ) စသည်တို့ကို အသုံးပြု၍ အဓိပ္ပါယ်ဖော်သောအခါတွင် အရေးပါသောအရာများ နားလည်ရန် လိုအပ်သည့် (၂.၆ တွင် ကြည့်ရှုပါ) part Two တွင် HCVS (၆)မျိုးတို့၏ အသေးစိတ် အဓိပ္ပါယ်သတ်မှတ်ချက်များအပြင် ၄င်းတို့ကို အဓိပ္ပါယ်ဖော်ပြခြင်း၊ အမည်ဖော်ပြခြင်းတို့အတွက် လမ်းညွှန်မှုများ ပေးထားသည်။ Part two တွင် အရေးပါသော အချက်အလက် ရင်းမြစ်များ HCVS များကို ညွှန်ပြပေးသော နမူနာလေ့လာချက်များနှင့် HCV တစ်ခုစီအတွက် ဥပမာများကို ပေးထားပါသည်။

3 HCV သုံးသပ်သူများ assessors များဟု ဤစာအုပ် တစ်ခုလုံးတွင် ကျယ်ကျယ်ပြန့်ပြန့် သုံးနှုန်း ထားပါသည်။၄င်းသုံးသပ်သူဟုသော အသုံးအနှုန်းသည် HCV အဓိပ္ပါယ်သတ်မှတ်ချက်များကို အဓိပ္ပါယ်ဖော်ရန် နှင့် HCVS များကို အဓိပ္ပါယ်ဖော်ရန်နှင့် HCVS များကို လက်တွေ့အမည်ဖော်ရန် ကြိုးပမ်းကြသော လူများနှင့် အသင်းအဖွဲ့များကို ယေဘုယျအားဖြင့် ရည်ညွှန်းပါသည်။ထို့ကြောင့် သုံးသပ် သူ assessors များသည် HCV သုံးသပ်မှု စိစစ်မှုကို ပြုနေသော လူများအသင်းအဖွဲ့အစည်းတ စ်ခုဖြစ်နိုင် သလို ကုမ္ပဏီတစ်ခု အဖွဲ့အစည်း တစ်ခု သို့မဟုတ် စိစစ်သူတစ်ဦးလည်း ဖြစ်နိုင်သည်။ assessment or audit – which could be an independent body or the company or organisation, or an auditor.

4 ၂.၁ ကို ကြည့်ရှုပါ။



# ဤစာအုပ်ကို မည်သို့ အသုံးပြုရမည်။

ဤစာအုပ်တစ်အုပ်လုံးတွင်ပါရှိသော ဖယားဘောင်များသည် အဓိပ္ပါယ်သတ်မှတ်ချက်များ၊ အရေးကြီးသော အချက်အလက်များမှ HVCS အမည်ဖော်ခြင်း၏ တိုက်ရိုက်နယ်ပယ်အလွန်ရှိ စိတ်ဝင်စားဖွယ်ကောင်းသော ကိစ္စရပ်များအထိ မတူညီကွဲပြားသော အချက်အလက်မျိုးစုံ ပါဝင်သည်။

ဤဖယားဘောင်မျိုးကို တရားဝင် HCVS အဓိပ္ပါယ်သတ်မှတ်ချက်တစ်ခုချင်းစီနှင့် တခြားသော အဓိပ္ပါယ်သတ်မှတ်ချက်များကို ဖော်ပြရန် သုံးသည်။


3.2 HCV 2: Landscape-level ecosystems and mosaics
3.2.1 | Key terms and concepts
Box 10: The great majority of species: understanding the intent of the definition
Natural patterns of distribution and abundance
The following would qualify as HCV 2:
3.2.2 | Indicators and data sources
Indicators
Conservation Landscapes

ဤဖယားဘောင်မျိုးကို ဥပမာ နမူနာများနှင့် စိတ်ဝင်စားဖွယ် ကောင်းသော ကိစ္စရပ်များကို ဖော်ပြရန် သုံးသည်။

ဤဖယားဘောင်မျိုးကို အရေးပါသော သတင်းအချက်အလက်များ ကိုဖော်ပြရန် သုံးသည်။







အပိုင်းတစ်တွင် HCVs ချဉ်းကပ်မှုကို မည်သို့ အသုံးပြုရမည်ဆိုသည်ကို ဖော်ပြထားသည်။ ထို့ပြင် HCVs သုံးသပ်မှုအတွက် အကြံဉာဏ်များလည်း ပေးထားသည်။ ကောင်းမွန်သော အရည်အသွေး HCVs သုံးသပ်ချက်တစ်ခုသည် ရှာဖွေတွေ့ရှိချက်များကို ကြိုတင်ကာကွယ်ရေး ချဉ်းကပ်မှု (၂.၆.၂ တွင် ကြည့်ရှုပါ)၊ အရည်အသွေးဖြင့် ပါဝင်သူဆွေးနွေးပွဲ (၂.၅ တွင် ကြည့်ရှုပါ)၊ ပိုမိုကျယ်ပြန့်သော ရှုခင်းအတွက် ထည့်သွင်းစဉ်းစားခြင်း (၂.၃) တွင် ကြည့်ရှုပါ။ ကမ်းလှမ်းထားသော အစီအစဉ်၏ အတိုင်းအတာပြင်းအားနှင့် စွန့်စားရမှုတို့ကို (၂.၁ တွင် ကြည့်ရှုပါ) အသုံးပြု၍ အဓိပ္ပါယ်ဖော်ရမည် ဖြစ်သည်။



# အပိုင်းတစ်


၁။ မိတ်ဆက် 3

၁.၁ ထိန်းသိမ်းမှုတန်ဖိုးမြင့်မားသော ဂေဟ လူမှုအခြေပြု အမွေအနှစ်များ အချက် (၆) ချက် 3

၁.၂ ထိန်းသိမ်းမှုတန်ဖိုးမြင့်မားသော ဂေဟ လူမှုအခြေပြု အမွေအနှစ်များအား ချဉ်းကပ်ပုံ 4

၁.၂.၁ အမည်ဖော်ခြင်း 4

၁.၂.၂ စီမံခန့်ခွဲခြင်း 4

၁.၂.၃ စောင့်ကြည့်လေ့လာခြင်း 5

၁.၃ ယေဘူယျလမ်းညွှန်ချက်-HCV ကို မတူညီကွဲပြားသော ဂေဟစနစ်များနှင့် မြေယာအသုံးတွင် အသုံးချခြင်း 5

၁.၃.၁ မတူညီ ကွဲပြားသော ဂေဟစနစ်များအတွက် HCV 5

၁.၃.၂ မတူညီသော မြေယာအသုံးချမှု ထုတ်ကုန်များ ထုတ်လုပ်ခြင်း 7

၁.၃.၃ မတူညီသော နိုင်ငံများ - HCV နိုင်ငံအလိုက် အဓိပ္ပါယ်ဖွင့်ဆိုမှု 8

၂။ HCV အကဲဖြတ်မှုများအတွက် စဉ်းစားထားသော အလေ့အကျင့်ကောင်း 11

၂.၁ အတိုင်းအတာ၊ ပြင်းအားနှင့် စွန့်စားရမှု 11

၂.၂ HCVRN ပဋိညာဉ်အတိုင်း လိုက်နာမှု 14

၂.၃ နေရာဒေသနှင့် မြေယာအခင်းအကျင်းများ 15

၂.၄ HCV နည်းလမ်းများနှင့် အချက်အလက်ရင်းမြစ်များ 16

၂.၄.၁ နေရာဒေသ၏ကွင်းလေ့လာမှုအတွက် လိုအပ်ချက်ကို သုံးသပ်ခြင်း။ 16

2.4.2 Step-wise screening 16

၂.၅ သက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း 19

၂.၆ သုံးသပ်၍ ရရှိသော အခြေများကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း 20

၂.၆.၁ သီးခြားရှိသော တန်ဖိုးများကို အသိအမှတ်ပြုခြင်း 20

၂.၆.၂ ကြိုတင်ကာကွယ်သော ချဉ်းကပ်မှုကို သုံးခြင်း 21



ကဏ္ဍ 1 တွင် HCV အဓိပ္ပါယ်သတ်မှတ်ချက် ၆ မျိုးကို မိတ်ဆက်ပေးထားပြီး HCV ချဉ်းကပ်မှုအကျဉ်းချုံးကို ဖော်ပြပေးထားသည်။ ဤ Section တွင် ဂေဟစနစ်များ ထုတ်ကုန်ထုတ်လုပ်မှု အစီအစဉ်များ နှင့် ပထဝီအနေအထားများတွင် HCV ချဉ်းကပ်မှုကို မည်သို့ အသုံးပြုရမည်ကို အဓိကဖော်ပြထားသည်။ ထို့ပြင် HCV ချဉ်းကပ်မှုကို မတူညီကွဲပြားသော ဂေဟစနစ်များ အထူးသဖြင့် သစ်တောမြက်ခင်းပြင်နှင့် ရေချိုဂေဟစနစ်များတွင် အသုံးပြုရန် မည်သို့ ပြုပြင်ပြောင်းလဲရမည်ဆိုသည်နှင့် ပတ်သက်ပြီး ယေဘုယျ သတင်းအချက်အလက်များ ပေးထားသည်။ ထို့နောက်တွင် အသုံးအများဆုံးသော အသိအမှတ်ပြု လက်မှတ်ပေးရေးအစီအစဉ် တစ်ချို့က HCV ချဉ်းကပ်မှုများကို မည်သို့ ထည့်သွင်းဖော်ပြကြသည်ဆိုသည်နှင့် ပတ်သက်ပြီး သတိပြုစရာ အချက်အချာများပေးထားကာ HCV နိုင်ငံတွင် အဓိပ္ပါယ်ဖော်ရေး HCV national interpretations ကို သုံး၍ HCVS များကို နိုင်ငံတွင် အဆင့်ဖြစ်အောင် မည်သို့ပြုပြင်ရမည်ကို ဖော်ပြပေးထားသည်။







# ၁ နိဒါန်း

မြင့်မားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတန်ဖိုး (HCV) ချဉ်းကပ်မှုကို forest stewardship council(FSC) က စတင်မိတ်ဆက်ပြီးကတည်းက ၎င်းသည် ထုတ်လုပ်ရေး ရှခင်းများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ တန်ဖိုးများကို အမည်ဖော်ရန် စီမံခန့်ခွဲရန် အသုံးဝင်ကြောင်း သက်သေပြနိုင်သည်။ HCVS များကို ယခုအခါတွင် အသိအမှတ်ပြု လက်မှတ်ပေးရေးစံနှုန်းများတွင် ကျယ်ပြန့်စွာ အသုံးပြုလာလျက်ရှိသည်။ အထူးသဖြင့် သစ်တော၊ စိုက်ပျိုးမွေးမြူရေးနှင့် ရေနေစနစ်များတွင်ဖြစ်သည်။ ထို့ပြင် သဘာဝရင်းမြစ်များအသုံးချရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်တို့တွင် ယေဘုယျအားဖြင့်သုံးသည်။ မကြာသေးမီနှစ်များအတွင်း HCV ရင်းမြစ်ကွန်ယက် HCVRN အဖွဲ့ဝင်များ၊ HCV ကျင့်သုံးသူများနှင့် တခြားစိတ်ဝင်စားသော အဖွဲ့အစည်း များကြားတွင် HCV ချဉ်းကပ်မှုကို မတူညီကွဲပြားသော သဘာဝရင်းမြစ်ကဏ္ဍများသို့မဟုတ် ပထဝီအနေအထားများတွင် တစ်သမတ်တည်း အသုံးချမှုမရှိကြောင်း စိုးရိမ်မှုများ ဖြစ်ပေါ်လာခဲ့သည်။ သီးခြားသော စီမံခန့်ခွဲရေး ယူနစ်တစ်ခု သို့မဟုတ် ရှခင်းတစ်ခုတွင် HCV တန်ဖိုးများကို အမည်ဖော်ခြင်းသည် HCV အဓိပ္ပါယ်သတ်မှတ်ချက်များကို ယေဘုယျ အဓိပ္ပါယ်ဖော်ခြင်းအပေါ်တွင် အခြေခံရမည်ဖြစ်သည်။ FSC P & C (၂၀၁၂ ခုနှစ်) ကို ပြန်လည်သုံးသပ်သော တစ်စိတ်တစ်ပိုင်းအဖြစ် ကမ္ဘာလုံးဆိုင်ရာ HCV ချဉ်းကပ်မှုကို ပိုမိုများပြားသော အစဦးလုပ်ဆောင်သူများက ကျင့်သုံးလာကြပြီဖြစ်ရာ ယခုလက်ရှိ ထုတ်ဝေထားသော လမ်းညွှန်ချက်များကို စာရင်း ပြုစုထားနိုင်ရန်နှင့် ပြုပြင်ပြောင်းလဲမှုတစ်ခု လုပ်နိုင်ရန် အရေးကြီးသည်။ ဤစာအုပ်သည် ရှိပြီးသားလမ်းညွှန် စာအုပ်ကို လုံးလုံးအစားထိုးရန်ကြံရွယ်ခြင်းမဟုတ်ဘဲ HCV အသုံးပြုမှုနယ်ပယ်ကို တခြားသော ဂေဟစနစ်များသို့ ချဲ့ထွင်ပြီး ပြုပြင်ပြောင်းလဲထားသော HCV အဓိပ္ပါယ်သတ်မှတ်ချက်များတွင် လမ်းညွှန်ပေးနိုင်ရန် ရည်ရွယ်သည်။ ထို့ပြင် လက်တွေ့လုပ်ဆောင်မှုမှ ရရှိသော အတွေ့အကြုံများကို ဥပမာပေးနိုင်ရန်လည်း ရည်ရွယ်ပါသည်။

## ၁.၁ မြင့်မားသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတန်ဖိုး (၆)ချက်

HCV ဆိုသည်မှာ ဇီဝဗေဒဆိုင်ရာ၊ ဂေဟစနစ်ဆိုင်ရာ၊ လူမှုရေးဆိုင်ရာ သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ အလွန်ထူးခြားသော သို့မဟုတ် အလွန်အရေးပါသော တန်ဖိုးများဖြစ်သည်။ HCVS တန်ဖိုး (၆) မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။[5]:

### ဇယားဘောင်(၁) မြင့်မားသော ထိန်းသိမ်းရေးတန်ဖိုး (၆)ချက်

**HCV (၂) မြေယာအခင်းအကျင်းအဆင့် ဂေဟစနစ်နှင့် သွင်ပြင်များ**
ကမ္ဘာလုံးဆိုင်ရာ၊ ဒေသတွင်းနှင့် နိုင်ငံတွင်းအဆင့်တွင် ထူးခြားသော ကြီးမားကျယ်ပြန့်သည့် ရှခင်းအဆင့် ဂေဟစနစ်များ၊ ဂေဟစနစ်သွင်ပြင်များရှိနေမှု၊ ၎င်းဂေဟစနစ်တွင် သဘာဝအတိုင်း ပေါ်များစွာရှိနေသော သဘာဝအရ ဖြစ်ပေါ်နေသည့် မျိုးစိတ်ထုထပ်ပေါ်များမှ အမျိုးမျိုး ရှိရမည်။

**HCV (၁) မျိုးစိတ်များကွဲပြားမှု**
ကမ္ဘာလုံးဆိုင်ရာအဆင့်၊ ဒေသတွင်းနှင့် နိုင်ငံတွင်းအဆင့်များတွင် ထူးခြားသော မျိုးတုံးမည့် အန္တရာယ်ရှိနေသော မျိုးစိတ်များ၊ ပေါ်များစွာရှိနေသော မျိုးစိတ်များစသော ဇီဝဗေဒဆိုင်မျိုးကွဲများ စုစည်းတည်ရှိနေမှု။




**HCV (၃) ဂေဟစနစ်များနှင့် သဘ္ဘာဝါများနေထိုင်ရာနေရာများ**
ရှားပါးသော၊ ခြိမ်းခြောက်ခံနေရသော ဂေဟစနစ်များ၊ စားကျက်များ

**HCV (၆)ယဉ်ကျေးမှု တန်ဖိုးများ**
ယဉ်ကျေးမှုအရ ရှေးဟောင်း သုတေသန တန်ဖိုးအရနှင့် သမိုင်းတန်ဖိုးအရ ထူးခြားသော တစ်ကမ္ဘာလုံးနှင့် နိုင်ငံတွင်းရှိ နေရာများ၊ ရင်းမြစ်များ၊ စားကျက်များနှင့် ရှခင်းသွင်ပြင်များ ဖြစ်သည်။ ထို့ပြင် ဒေသခံလူ့အဖွဲ့အစည်းများ၊ ဒေသခံလူမျိုးများ၏ ထုံးတမ်းစဉ်လာ ယဉ်ကျေးမှုအတွက် အရေးပါသော ယဉ်ကျေးမှုဆိုင်ရာ၊ ဂေဟစနစ်ဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ သို့မဟုတ် ဘာသာရေးအတွက် အမြတ်ထားရာ နေရာများ၊ ရင်းမြစ်များ၊ စားကျက်များနှင့် မြေမျက်နှာသွင်ပြင်ရှခင်းများ တို့ဖြစ်သည်။ ၎င်းတန်ဖိုးကို ယင်းဒေသတွင် လူ့အဖွဲ့အစည်းများနှင့် ဒေသခံလူမျိုးများနှင့် ဆွေးနွေးပြီး အမည်ဖော်နိုင်သည်။

**HCV (၄) ဂေဟစနစ်ဝန်ဆောင်မှု ပေးခြင်း**
အရေးကြီးသော အချိန်တွင် အခြေခံကျသော ဂေဟစနစ်ဝန်ဆောင်မှုများပေးခြင်း။ ဖြစ်သည်။ ရေရရှိနိုင်မှုကို ကာကွယ်ခြင်း။ အားနည်းသော မြေဆီလွှာများ နှင့် ကုန်းမြေများ တိုက်စားပြုန်းတီးမှုကို ထိန်းချုပ်ခြင်းကို ပါဝင်သည်။

**HCV (၅) ဒေသခံများအတွက် လိုအပ်ချက်များ**
ဒေသတွင် လူ့အဖွဲ့အစည်းများနှင့် ဒေသခံလူမျိုးများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သော အခြေခံကျသည့် နေရာများ၊သဘာဝရင်းမြစ်များ (ဥပမာ အသက်မွေးအလုပ်လိုအပ်ချက်)၊ ကျန်းမာရေး၊ အာဟာရနှင့် ရေလိုအပ်ချက်မျိုးဖြစ်သည်။) ၎င်းတန်ဖိုးကို ထိုလူ့အဖွဲ့အစည်းများ၊ ဒေသခံလူမျိုးများနှင့် ဆွေးနွေးပြီး အမည်ဖော်နိုင်သည်။

5 The HCVRN adheres to the HCV definitions as detailed in the FSC Standard version 5.0 (2012). Refer to Annex 1 for details on how HCV definitions have been updated.





HCVS တန်ဖိုး(၆)မျိုးကို သစ်တောလုပ်ငန်းနှင့် စိုက်ပျိုးမွေးမြူရေးစသော မြေပြင်အခြေပြု ထုတ်လုပ်ရေး လုပ်ငန်းစဉ်များတွင် အသုံးချသည်။ ယင်းထုတ်လုပ်ရေး ကဏ္ဍများမှာ ဤစာအုပ်တွင် အလေးပေးဖော်ပြသွားမည့် ကဏ္ဍများဖြစ်သည်။ သို့သော် အခြေခံလမ်းညွှန်ချက်များမှာ တခြားထုတ်လုပ်ရေးများအတွက်လည်း အသုံးဝင်နိုင်ပါသည်။ (ဥပမာ ရေလုပ်ငန်းနှင့် ရေနေစနစ်တို့ ဖြစ်သည်။)

## ၁.၂ ဇီဝမျိုးစုံမျိုးကွဲများ၏ တန်ဖိုးမြင့်မားမှု HCV ချဉ်းကပ်မှု

FSC သည် HCV အယူအဆကို သစ်တောထုတ်လုပ်ရေးရေးကဏ္ဍနှင့် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရန် ထူးခြားသော သို့မဟုတ် အရေးပါသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာတန်ဖိုးများ ထိန်းသိမ်းမှုကို သေချာစေရန် ၎င်း၏ စံနှုန်းအမြင့် (principle)၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် မိတ်ဆက်ပေးခဲ့သည်။ ၎င်းသည် သစ်တောကဏ္ဍတွင် အစပြုခဲ့သော်လည်း HCV အယူအဆများကို တခြားသော အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေး အစီအစဉ်များအပြင် တာဝန်သိသော စီမံခန့်ခွဲမှုကို လုပ်ဆောင်လိုသည် အရေးပါသော သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးတန်ဖိုးများကို ထိန်းသိမ်းလိုသူ၊ တိုးတက်လိုသူ တခြားသော အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များကလည်း လက်ခံကျင့်သုံးလာခဲ့ကြသည်။[6] HCVs သည် သစ်ထုတ်လုပ်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးစိုက်ခင်းများနှင့် တခြားသော ထုတ်လုပ်ရေးနေရာများတွင် ကျင့်သုံးသောလုပ်ဆောင်မှုများကြောင့် ယင်းတန်ဖိုးများကို ထိခိုက်လာပါက တန်ဖိုးများကို ရေရှည်ထိန်းသိမ်းပေးစေနိုင်ရန် ကာကွယ်မှုအဆင့်ကို မြင့်မားစွာ တောင်းဆိုထားသည်။ ၎င်းတို့တွင် ပိုမိုပြင်းထန်သော သုံးသပ်ချက်များ၊ ပါဝင်သူဆွေးနွေးပွဲများဖြင့် ယင်းတန်ဖိုးများကို အမည်ဖော်ခြင်း၊ သင့်တော်သော စီမံခန့်ခွဲမှု အရေးယူဆောင်ရွက်ချက်ကို ဆုံးဖြတ်လုပ်ဆောင်ခြင်းနှင့် ယင်းလုပ်ဆောင်ချက် များကို စောင့်ကြည့်လေ့လာခြင်းနှင့် ယင်းလုပ်ဆောင်ချက်များ၏ ထိရောက်မှုကို စောင့်ကြည့်ခြင်းတို့ပါဝင်သည်။[7]

### ၁.၂.၁ အမျိုးအစားဖော်ထုတ်ခြင်း

အမျိုးအစားဖော်ထုတ်ခြင်းဆိုသည်မှာ ဒေသတွင် သို့မဟုတ် နိုင်ငံတွင်းတွင် HCVs (၆)မျိုးက မည်သည်ကို ဆိုလိုသည်ကို အဓိပ္ပါယ်ဖော်ခြင်း ပါဝင်သည်။ စိတ်ဝင်စားသောနေရာ (စီမံခန့်ခွဲရေးယူနစ်တွင် စိုက်ခင်း၊ သစ်ခွဲလုပ်ငန်း) တွင် မည်သည် HCVs များရှိနေသည်ကို ဆုံးဖြတ်ခြင်းနှင့် လုပ်ငန်းလုပ်ဆောင်မှုကြောင့် ပိုမိုကျယ်ပြန့်သော ရှုခင်းတွင် မည်သည့် HCVs များကို အနုတ်သဘော ထိခိုက်နိုင်သည်။ (ဥပမာ -ရေထဲတွင် ၊ စိမ့်မြေများတွင် HCV များသည် စီမံခန့်ခွဲရေးယူနစ်၊ စိုက်ခင်းနယ်နိမိတ်၊ အလွန်အထိ အကျိုးသက်ရောက်နိုင်သည်။ ၎င်းကို ပါဝင်သူဆွေးနွေးပွဲများ ရှိပြီးသော သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်း၊ သတင်းအချက်အလက်သစ်များကို စုဆောင်းခြင်း စသည်တို့ပါဝင်သော HCV သုံးသပ်ချက်သည် ရှင်းလင်းသော အစီရင်ခံအနေဖြင့် ထွက်ရှိလာသင့်သည်။ ၎င်းတွင် ရှိနေပြီးသော တန်ဖိုးများ၊ မရှိသော တန်ဖိုးများ၊ ၎င်းတို့၏ တည်နေရာ၊ အခြေအနေ၊ အနေအထား တို့အပြင် စားကျက်မြေများ၊ အဓိက အရင်းအမြစ်များနှင့် ပတ်သက်သည့်အချက်အလက်များ ပေးရမည့်အပြင် တန်ဖိုးကို အထောက်အပံ့ပြုနေသော အရေးပါသည့်နေရာများကိုပါ ထည့်သွင်းဖော်ပြထားရမည်။ ၎င်းသုံးသပ်ချက် အစီရင်ခံစာကို HCVs များကို ထိန်းသိမ်းရန်အတွက် စီမံခန့်ခွဲမှု အကြံပြုချက်ကို လုပ်ဆောင်ရန် အသုံးပြုမည်ဖြစ်သည်။

### ၁.၂.၂ စီမံခန့်ခွဲမှု

HCV စီမံခန့်ခွဲမှုဧရိယာဆိုသည်မှာ HCV တစ်ခုကို ထိန်းသိမ်းရန်၊ တိုးတက်စေရန် သင့်တော်သော စီမံခန့်ခွဲမှု ဆုံးဖြတ်ချက်များကို ချမှတ်လုပ်ဆောင်ရသောနေရာ၊ စီမံခန့်ခွဲရေးယူနစ် သို့မဟုတ် ရှုခင်းတစ်ခုရှိ ဧရိယာဖြစ်သည်။ အစီအစဉ်ချမှတ်စေရန်အလိုငှာ HCVs ရှိနေသော နေရာနှင့် ဆုံးဖြတ်ချက်လုပ်ဆောင်ချက်များ လိုအပ်နေသော စီမံခန့်ခွဲရေး ဧရိယာတို့ကြား ခွဲခြားနိုင်ရမည်ဖြစ်သည်။ HCVs များရှိနေသောနေရာမှာ သေးငယ်၍ လျှို့ဝှက်သော နေရာတစ်ခုဖြစ်နိုင်ပြီး ရှားပါးသစ်ပင်များ၊ ရှားပါးလင်းနို့များပေါက်ဖွားရာ နေရာမျိုးဖြစ်နိုင်သည်။ စီမံခန့်ခွဲရေး ဧရိယာမှာမူ ပိုမိုကြီးမားကျယ်ပြန့်သော နေရာဖြစ်နိုင်သည်။ (ဇယား၂ကို ကြည့်ရှုပါ။) HCV စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းရခြင်းတွင်ရှိပြီးသော ခြိမ်းခြောက်မှုများနှင့် အလားအလာရှိသော ခြိမ်းခြောက်မှုများ (ဥပမာ ကမ်းလှမ်းထားသော စီမံခန့်ခွဲရေး လုပ်ဆောင်ချက်မှ ခြိမ်းခြောက်မှုများ သစ်ခုတ်ခြင်းလုပ်ငန်း၊ စိုက်ခင်းများဖန်တီးခြင်း သို့မဟုတ် ပြင်ပမှလုပ်ဆောင်ချက်များဖြစ်သော အမဲလိုက်ခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းလမ်းသစ် သို့မဟုတ် နေကာတာ ဆောက်လုပ်ခြင်းများ စုစမ်းခြင်းတို့ ပါဝင်သည်။ထို့ပြင် စီမံခန့်ခွဲမှုအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းထားခြင်းတို့ ပါဝင်သည်။ ၎င်းတို့တွင် လုံးလုံးစောင့်ရှောက်မှု လိုအပ်သော နေရာများကို သီးခြားဖယ်ထားခြင်း၊ ထုတ်လုပ်မှုကို ဆက်လက်လုပ်ဆောင်နိုင်သော နေရာများသတ်မှတ်ခြင်း (ထိုသို့လုပ်ဆောင်ရာတွင် HCV ကို ထိန်းသိမ်းခြင်းနှင့် ကိုက်ညီသော စီမံခန့်ခွဲမှုကို ပေးထားရမည်။ (ဥပမာ အမဲလိုက်မှုကို ထိန်းချုပ်ခြင်း၊ မီးစီမံခန့်ခွဲရေးမှပါဒ ထုတ်ပြန်ခြင်း တို့ ဖြစ်သည်။)



6 ကာကွယ်ခြင်းဆိုရာတွင် ဤအဓိပ္ပါယ်၌ ထုတ်လုပ်မှုကို တားမြစ်ခြင်း၊ ရင်းမြစ်အသုံးပြုမှုကို တားမြစ်ခြင်း ၊ ရင်းမြစ်အသုံးပြုမှုကို တားမြစ်ခြင်း မဆိုလိုပေ။ HCV တန်ဖိုးများကို ကာကွယ်ခြင်း၊ ထိန်းသိမ်းခြင်းသည်သာ အဓိကဖြစ်ပါသည်။

7 ဤစာအုပ်တွင် ပထမပိုင်းဖြစ်သည်။ HCV ချဉ်းကပ်မှု အမည်ဖော်ခြင်းကိုသာ ဖော်ပြပေးထားသည်။ HCV စီမံခန့်ခွဲရေးနှင့် စောင့်ကြည့်ရေးလမ်းညွှန်ချက်များကို ထပ်ဆင့်ပါစာအုပ်တွင် ဖော်ပြထားသည်။

## ဇယားဘောင် ၂- HCV စီမံခန့်ခွဲရေးဇရိယာ

ဥပမာ တစ်ခု panamensis) သစ်ပင်သည် မျိုးတုံးပျောက်ကွယ်လုနီးပါး ဖြစ်နေသော Great Green Macaw (Ara ambiguus) ငှက်များ အသိုက်ဆောက်ရာ ဥ ဥရာနေရာဖြစ်သည်။ ထို့ဥ ဥသော ငှက်များကို HCV ၁ အဖြစ် ငှက်များကို HCV ၁ အဖြစ် သတ်မှတ်ပါသည်။ ထို့ကြောင့် Alemandro သစ်ပင်များကို Great Green macaw ငှက်များအား ထိန်းသိမ်းရန် မရှိမဖြစ် လိုအပ်သောအရာအဖြစ် အဓိပ္ပါယ်ဖော်ပြပါသည်။ သင့်တော်သော စီမံခန့်ခွဲရေးဆုံးဖြတ်ချက်တွင် မတူညီ ကွဲပြားသော HCV စီမံခန့်ခွဲရေး ဇရိယာများကို လွှမ်းခြုံနိုင်သော ထိန်းချုပ်မှု မျိုးစုံ ပါဝင်သည်။ ဥပမာ ပြောရလျှင်-

- ထိုသစ်ပင်များ၏ ၁၀၀မီတာ ပတ်လည်တွင် လူသားများ ဝင်ရောက်ခြင်း၊ ကျွန်းသစ်များ မဟုတ်သော သစ်တောထုတ်ကုန်များ စုဆောင်းခြင်းကို အသိုက်ဆောက်ရာသီ အတောအတွင်းတွင် တားမြစ်သည်။
- ထိုသစ်ပင်များ၏ ၅၀၀ မီတာအတွင်းတွင် သစ်ခုတ်ခြင်းလမ်းများ ဖောက်လုပ်ခြင်းကို တားမြစ်သည်။
- ထိုစီမံခန့်ခွဲရေး ယူနစ်အတွင်း မည်သည့်နေရာတွင်မဆို ထိုငှက်များကို စုဆောင်းခြင်းကို တားမြစ်သည်။

### ၁.၂.၃ စောင့်ကြည့်လေ့လာခြင်း

စီမံခန့်ခွဲရေးလုပ်ဆောင်ချက်များသည် အချိန်ကာလကြာသည်နှင့်အမျှ HCV တန်ဖိုးများကို ထိန်းသိမ်းနိုင်၊ တိုးတက်နိုင်စေရန် စောင့်ကြည့်လေ့လာရေးအဖွဲ့ကို တည်ထောင်ထားရမည်။ စောင့်ကြည့်လေ့လာရေးအဖွဲ့သည် စီမံခန့်ခွဲရေးအဖွဲ့၏ နည်းဗျူဟာဆိုင်ရာ အဓိဋ္ဌာန်များကို လက်တွေ့လည်ပတ်နိုင်သော အဓိဋ္ဌာန်များအဖြစ် အကောင်အထည်ဖော်ပေးရမည်။ ထိုလက်တွေ့လည်ပတ်နေသော အဓိဋ္ဌာန်များကို ညွှန်ပြနိုင်သော အရာများကို HCV အခြေအနေကို သုံးသပ်နိုင်စေရန် HCV ကို ထိန်းသိမ်းနိုင်စေရန် ရွေးချယ်ထားရမည်။ ညွှန်ပြနိုင်သောအရာများနှင့် လုပ်ဆောင်သော အရာများသည် နေရာဒေသနိုင်ငံအလိုက် ကွဲပြားနိုင်သည်။ ဤစာအုပ်သည် HCV အမည်ဖော်ခြင်းကိုသာ အလေးပေးဖော်ပြထားပြီး ယေဘုယျလမ်းညွှန်ချက်စာအုပ်မှာ ၂၀၁၄ခုနှစ် အစောပိုင်းတွင် ထွက်ရှိလာနိုင်ပြီး ၎င်းကို HCVRN ဝက်ဆိုက်တွင် ရရှိနိုင်မည်ဖြစ်သည်။

## ၁.၃ ယေဘုယျလမ်းညွှန်ချက်- HCVs များကို မတူညီကွဲပြားသော ဂေဟာစနစ်များနှင့် မြေယာအသုံးချမှုတို့တွင် အသုံးပြုခြင်း

ဤစာအုပ်သည် HCV အမည်ဖော်ခြင်းအတွက် ယေဘုယျလမ်းညွှန်ချက်များကို ပေးထားသည်။ ၎င်းတို့ကို မတူညီကွဲပြားသော ဂေဟာစနစ်များ၊ ထုတ်လုပ်ရေးလုပ်ငန်းစဉ်များ (သစ်တောစိုက်ပျိုးရေး လုပ်ငန်းကို အလေးပေးဖော်ပြထားသည်)နှင့် မတူညီကွဲပြားသော ပထဝီအနေအထားများအတွက် အသုံးပြုနိုင်သည်။ အောက်ပါအပိုင်းတွင် HCVs များက မတူညီကွဲပြားသော ဂေဟာစနစ်များတွင် မည်သို့ဆီလျော်ပုံ၊ HCVs အယူအဆများကို ရေနံ ထုတ်လုပ်ရေး လုပ်ငန်းစဉ်တွင် မည်သို့ အသုံးပြုပုံ၊ HCVနိုင်ငံတွင် အဓိပ္ပါယ်ဖော်ပြမှုသည် ယေဘုယျအဓိပ္ပါယ်သတ်မှတ်ချက်များကို နိုင်ငံတစ်နိုင်ငံအတွက် ကိုက်ညီအောင် ပြုပြင်ပြောင်းလဲခြင်းအတွက် မည်သို့အသုံးဝင်ပုံကို ဖော်ပြထားသည်။

### ၁.၃.၁ မတူညီကွဲပြားသော ဂေဟာစနစ်များအတွက် HCVs များ

(သစ်ထုတ်လုပ်ရေးလုပ်ငန်း) HCVsကို ထောက်ပံ့ပေးထားသော ဇရိယာများသည် ထုထပ်မှု အဆင့်အမျိုးမျိုးဖြင့် ပေါက်ရောက်နေသော သစ်တောများဖြင့် ပန်ရံခံထားရနိုင်ပါသည်။ သို့သော် မြက်ခင်းပြင်နှင့် တခြားသော ဂေဟာစနစ်များတွင် HCV သုံးသပ်မှု လိုအပ်ချက်များ အများအပြား ရှိနေသည်။ ရှုပြီးသားစိုက်ပျိုးရေးနှင့် သစ်ပင်စိုက်ခင်း အပေါ် ထိခိုက်မှုကို စီမံခန့်ခွဲခြင်းအပြင် စိုက်ခင်းများကို တာဝန်သိတတ်စွာချဲ့ထွင်ခြင်းများအထိ ပါဝင်သည်။ (ဥပမာ RSPO အသိအမှတ်ပြု ဆီအုန်းစိုက်ခင်း)။ ထိုကိစ္စရပ်တွင် HCV ဖြစ်စဉ်ကို သဘာဝသီးနံပင်များကို စိုက်ခင်းများ သစ်တောစိုက်ခင်းများ အဖြစ်ပြောင်းလဲပစ်ချိန်တွင် ဖြစ်ပွားသော အရေးပါသော HCVတန်ဖိုးများပျက်ဆီးခြင်းကို ကာကွယ်မှု တစ်ခုအနေဖြင့်သုံးသည်။ မည်သည့်ထုတ်လုပ်ရေးကဏ္ဍအတွက်မဆို HCVသုံးသပ်ချက်သည် ဂေဟာစနစ် အားလုံးအတွက် ထည့်သွင်းစဉ်းစားသင့်သည်။ ထုတ်လုပ်ရေးလုပ်ငန်းအတွင်း သို့ မဟုတ် ၎င်း၏ လွှမ်းမိုးမှုခံရနိုင်သော ပိုမိုကျယ်ပြန့်သော ဇရိယာအတွင်းရှိ လေထု၊ရေထုပါ ပါဝင်သည်။ ဤစာအုပ်တွင် အဓိကဂေဟာ စနစ် များဖြစ်သော သစ်တော၊ မြင်ခင်းပြင်နှင့် ရေချိုဂေဟာစနစ်များ အတွက် ဥပမာများနှင့် လမ်းညွှန်ချက်များ ပါဝင်နေသည်။







## သစ်တောနှင့်သစ်တောသွင်ပြင်များ

သစ်တောသည် HCV အယူအဆဖွံ့ဖြိုးတိုးတက်စေရန် မူလရင်းမြစ်ကဏ္ဍဖြစ်သည်။ သစ်တောအားလုံးသည် တန်ဖိုးရှိသည်။ သို့သော တစ်ချို့သစ်တောများသည် ပိုမိုတန်ဖိုးရှိသည်။ ထိုHCV အယူအဆကို လက်တွေ့လုပ်ဆောင်လည်ပတ်စေနိုင်ရန် ရှင်းချက်ဖြစ်သော၊ ထူးခြားသောသစ်တောတန်ဖိုးများကို အဓိပ္ပါယ်သတ်မှတ်နိုင်ရန် လိုအပ်သည်။ HCV သုံးသပ်မှု၊ စိစစ်မှုနှင့် စီမံခန့်ခွဲမှုတို့၏ တသမတ်တည်းဖြစ်မှု နှင့် အရည်အသွေးသည် ပြောင်းလဲ နိုင်သော်လည်း ယင်းအယူအဆကို အသုံးချနိုင်မှု၏ အကျယ်သည် တာဝန်သိတတ်သော သစ်တောစီမံခန့်ခွဲမှုအတွက် အရေးပါသည်။ ၂၀၁၃ခုနှစ် အောက်တိုဘာလအထိတွင် နိုင်ငံပေါင်း ၈၀ တွင် FSC အသိအမှတ်ပြုသစ်တော ဟက်တာပေါင်း ၁၈၃၀၆၈၃၂၂ဟက်တာရှိသည်။[8] သစ်တောများသည် ဇီဝမျိုးကွဲများကို လက်ခံထားနိုင်သည်။ စားကျက်မြေများကို ထောက်ပံ့ပေးနိုင်သည်။ ဂေဟ စနစ်ဝန်ဆောင်မှုကို ပေးနိုင်သည်။ ကမ္ဘာ့ပေါ်မှ လူသန်းပေါင်းများစွာသည် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်း လိုအပ်ချက်အတွက် သစ်တောများ အပေါ်မှီခိုနေရသည်။

သစ်တောကဏ္ဍတွင် HCV ကို ကာကွယ်မှုလိုအပ်သော နေရာများကို အမည်ဖော်နိုင်ရန် သုံးသည်။ စိုက်ပျိုးရေးစိုက်ခင်းများတွင် နည်းတူ HCVအမည်ဖော်ခြင်း သည် အရေးပါသော မျိုးစိတ်များ၊ ဂေဟစနစ်ဝန်ဆောင်မှုများ ထောက်ပံ့ပေးထားသော မြင့်မားသော HCV တန်ဖိုးရှိသည့် သစ်တောများကို ကာကွယ်ရန် အထောက်အပံ့ဖြစ်သည်။ စိုက်ပျိုးရေး လုပ်ဆောင်မည့်အခါတွင် HCV တန်ဖိုးရှိ သစ်တောများကို စိုက်ခင်းအဖြစ် ပြောင်းလဲခြင်းမှ ထိန်းသိမ်းကာကွယ်ထားရမည်။ တစ်ချို့သော ကိစ္စများတွင် သစ်တောများသည် ဒေသခံလူ့အဖွဲ့အစည်း၏ မိုမိုအားထားမှုခံရပြီး အခြေခံလိုအပ်ချက်များကို FPIC (Free, Prior and Informed consent ဖယားဘောင် ၁၃ တွင် ကြည့်ရှုပါ။) လွတ်လပ်ပြီး ဦးစားပေးထားသော သတင်းအချက်အလက်ပေးထားသော သဘောတူညီမှုဖြင့် ဆွေးနွေး ပြီးမှသာ ပြောင်းလဲ နိုင်ပါသည်။



## မြက်ခင်းပြင်များ

မြက်ခင်းပြင်များကို ပဲပိစပ်၊ ဆီအုန်းစိုက်ခင်းများအဖြစ် ပိုမိုပြောင်းလဲအသုံးပြုသော နှန်းကိုစိုးရိမ်မှုသည် အရေးပါသော မြက်ခင်းစားကျက်များကို ချဲ့ထွင်အသုံးပြုလာစေသည်။ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေး အစီအစဉ်များရှိမှုနှင့် ဈေးကွက်စုစည်းမှုရှိလာခြင်းတို့ ကြောင့်ကုမ္ပဏီများသည် ကောက်ပဲသီးနှံများနှင့် ဇီဝလောင်စာ စိုက်ခင်းများအား HCV အယူအဆနှင့် ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်သည်ဟု သစ်တောလည်ပတ် လုပ်ဆောင်ချက်များနှင့် RSPO ဆွေးနွေးပွဲများတွင် ဆွေးနွေးခြင်းအငြင်းအခုံမှုများ ဖြစ်ပေါ်လာစေသည်။ ဥရောပသမဂ္ဂ၏ ဥပဒေတစ်ခုတွင် ဇီဝလောင်စာထုတ်လုပ်မှုတွင် စောင့်ရှောက်ရေးအတွက် ဖော်ပြထားသည်။ (Bowyer et.a/ ၂၀၁၀တွင် ကြည့်ရှုပါ။) HCV ချဉ်းကပ်မှုတစ်ခုသည် နဂိုမူလရှိသော မြက်ခင်းပြင်နှင့် မူလမဟုတ်သော မြက်ခင်းပြင်ကို ခွဲခြားခြင်းထက် ပြန်လည်ပြည့်ဖြိုးမြဲ ရွမ်းရည်မြင့်တင်နိုင်ရေးနှင့် အထူးသဖြင့် မြက်ခင်းပြင်HCVတန်ဖိုးများကို ကာကွယ် ပိုမိုကျယ်ပြန့်သော ဂေဟစနစ်ကို ထောက်ပံ့ပေးထားသည်။ ယခု လက်ရှိတွင်မူ ထိုသို့ ခွဲခြားခြင်းကိုသာ လုပ်ဆောင်နိုင်လျက် ရှိကြသေးသည်။



## ရေချိုစနစ်

ရေချိုစနစ်သည် မြေပြင်အခြေစိုက်ထုတ်လုပ်ရေးစနစ်များအားလုံးနှင့် ဆီလျော်မှုရှိသည်။ တစ်ချို့သော စိုက်ပျိုးမွေးမြူရေးနှင့် စိုက်ခင်းဖွံ့ဖြိုးမှုများသည် မြေပြင်သို့မဟုတ် မြေအောက်ရင်းမြစ်မှလာသော ဆည်မြောင်းရေများကို မှီတည်နေရသည်။ ဆည်မြောင်းနှင့် ရေမပေးဝေသော အခြေအနေများတွင်ပင်ရေချိုစနစ်ကို ထိခိုက်မှုဖြစ်နိုင်ခြေရှိသည်။ အထူးသဖြင့် ရေ၏ အရည်အသွေး၊ ပမာဏနှင့် တခြားစားကျက်မြေကိစ္စများဖြစ်သော အရိပ်ပေးနိုင်သည် သို့မဟုတ် အော်ဂဲနစ်သီးနှံအဖြစ် ထောက်ပံ့ပေးနိုင်မည် အလေ့ကျအပင်များ ဆုံးရှုံးခြင်းစသည်တို့ဖြစ်သည်။ ထို့ပြင် လမ်းများဖောက်လုပ်၍ ရေချိုစနစ်ပျက်စီးခြင်း၊ ထုတ်လုပ်ရေးလုပ်ငန်းများ အတွက် ရေကို ထုတ်ယူသုံးစွဲမှု စသည်တို့ဖြစ်သည်။ ထုတ်လုပ်ရေးလုပ်ငန်းသည် မြေပြင်အခြေစိုက် ဖြစ်လျှင်ပင် ၎င်းနှင့် ဆက်နွယ်နေသော ရေချိုစနစ်ကို အကျိုးသက်ရောက်နိုင်စွမ်းသည် ၎င်းစနစ်ကို HCV ကို သုံးသပ်ရန် လိုအပ်လာခြင်းဖြစ်သည်။ ၎င်းသည် ထုတ်လုပ်ရေးလုပ်ဆောင်သော နေရာတစ်ခုတည်းအတွက် မဟုတ်ပေ။ ရေချိုစနစ် HCV သုံးသပ်မှုအတွက် နေရာဒေသ၏ အခြေအနေကို လေ့လာခြင်း (ရေနှင့် ပထဝီအနေအထား ဆက်စပ်မှုဆိုင်ရာ နယ်ပယ်များ) လိုအပ်သည်။ ထို့ကြောင့် HCV များကို အမည်မဖော်ခင် နေရာဒေသ လေ့လာချက်ကို အရင်အဓိပ္ပါယ်သတ်မှတ်သင့်သည်။ ၎င်းကို နယ်ပယ်လေ့လာမှုဖြင့် အကောင်းဆုံး ပြီးမြောက်အောင် ဆောင်ရွက်နိုင်သည်။ (၂.၄)တွင် ကြည့်ရှုပါ။)

8 https://ic.fsc.org/facts-figures.19.htm

9 The term "grasslands" is used here to denote a wide variety of non-forested terrestrial systems, which could include heath, tundra and arid lands.

## ၁.၃.၂ မတူညီကွဲပြားသော မြေယာအသုံး-ထုတ်ကုန်များ ထုတ်လုပ်ခြင်း

### အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေးအစီအစဉ်များ

ဤလမ်းညွှန်စာအုပ်ကို အသိအမှတ်ပြု လက်မှတ်ထုတ်ပေးရေးအစီအစဉ် အမျိုးမျိုးအတွက် အသုံးပြုနိုင်သည်၊သို့သော် HCV သုံးသပ်သူများသည် HCV အစီရင်ခံစာနှင့် သုံးသပ်သူတွေ့ရှိချက်များအတွက် လိုအပ်သော ဆီလျော်သည့် စံနှုန်းကို တိုင်ပင်ဆွေးနွေးရန်လိုသည်။ ဇယား(၁)တွင် အသိအမှတ်ပြုလက်မှတ်အစီအစဉ် HCV ကို ဖြည့်စွက်ပေးသော ထောက်ပံ့ပေးသည့်မှုများအပြင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးတန်ဖိုးများ ဆက်စပ်နေသော အပိုဆောင်းကာကွယ်ထားမှုများကို ဖော်ပြထားသည်။

| ဇယား(၁) မတူညီ ကွဲပြားသော ထုတ်လုပ်ရေး အသိအမှတ်ပြုစံနှုန်းများရှိ HCVS | | |
|---|---|---|
| **အသိအမှတ်ပြု စံနှုန်း** | **HCVS ကို ထူးထူးခြားခြား အသုံးပြုမှု** | **ထောက်ပံ့ပေးသောမှုများ** |
| **Forest Stewardship Council (FSC)** | • Principle 9 High Conservation Values | • Principle 3 ဒေသခံလူမျိုးများ၏ အခွင့်အရေး<br>• Principle 4 လူ့အဖွဲ့အစည်း ဆက်သွယ်ရေး<br>• Principle 6 ပတ်ဝန်းကျင် ဆိုင်ရာ တန်ဖိုးနှင့် ထိခိုက်မှုများ |
| **Roundtable for Responsible Palm Oil (RSPO)** | • Principle 5 သဘာဝ ပတ်ဝန်းကျင်အပေါ်တာဝန်သိတတ်မှုနှင့် သဘာဝအရင်းမြစ်များ ဇီဝမျိုးကွဲများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း<br>• Principle 7 စိုက်ပျိုးရေး နည်းသစ်များကို တာဝန်သိတတ်စွာဖွံ့ဖြိုးစေခြင်း။ (ဒေသခံများ၏ မြေများကို ရှိသေလေးစားခြင်း သဘာဝသစ်တောများကို ထိန်းသိမ်းခြင်း။ | • Principle 1 ပွင့်လင်းမြင်သာမှုရှိခြင်း၊<br>• Principle 2 မြေယာများကို ရယူခြင်း၊<br>• Principle 6 စိုက်ပျိုးမြေများ စက်ရုံများကြောင့် ထိခိုက်သွားသော လူ့အဖွဲ့အစည်းများ၊ လုပ်သားချင်းစီနှင့် ဝန်ထမ်းများအတွက် တာဝန်သိတတ်စွာ ထည့်သွင်းစဉ်းစားခြင်း |
| **Bonsucro (sugar)** | • Principle 4 ဇီဝမျိုးကွဲများနှင့် ဂေဟစနစ်ဝန်ဆောင်မှုများ ကို တတ်ကြွစွာ စီမံခန့်ခွဲခြင်း။<br>• Principle 5 စီးပွားရေး လုပ်ငန်းလုပ်သော အဓိက ဧရိယာများကို အဆက်မပြတ် တိုးတက်အောင်လုပ်ခြင်း။ | • Principle 1 ဥပဒေကို လိုက်နာခြင်း၊<br>• Principle 2 ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းရည်ကို တိုးတက် မြင့်မားလာစေရန် ထုတ်လုပ်ရေးတွင် ပါဝင်သော အရာ အစား အစာပြုပြင်မှုတွင် ပါဝင်သော အရာများကို စီမံခန့်ခွဲခြင်း။ |
| **Roundtable for Responsible Soy (RTRS)** | • Principle 4 သဘာဝပတ်ဝန်းကျင်အပေါ် တာဝန်သိတတ်ခြင်း | • Principle 3 တာဝန်သိသော လူ့အဖွဲ့အစည်း ဆက်သွယ်ရေး<br>• Principle 5 ကောင်းမွန်သော စိုက်ပျိုးရေး လုပ်ဆောင်ချက်များ |

*ဇယား(၁) မတူညီကွဲပြားသော ထုတ်လုပ်ရေးအသိအမှတ်ပြု လက်မှတ်များအတွက် HCVS များ။ ဤဇယားတွင် HCV တန်ဖိုးများကို အသုံးပြုသော လူသုံးများသည့် အသိအမှတ်ပြု လက်မှတ်ပေး ရေးစံနှုန်းတစ်ချို့၏ နမူနာများကို ပေးထားသည်။ HCVs အသုံးများကို ထူးထူးခြားခြား အသုံးပြုထားသော မှုများအပြင် ထိုစံနှုန်းများရှိ တခြားမှုများသည် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တန်ဖိုးများကို ဖြည့်စွက်ပေးထားပါသည်။ ၄င်းမှာ တန်ဖိုးရှိသော စံနှုန်းတိုင်သည် HCVs ဖြစ်ရန် မလိုကြောင်း။ သို့သော် ၄င်းတို့ကို မြင့်စံနှုန်းများနှင့်အညီ တာဝန်သိတတ်စွာ စီမံခန့်ခွဲရမယ်၊ ကာကွယ်ရမည်ဖြစ်ကြောင်း ပြသခြင်း ဖြစ်သည်။*





## ဇယားဘောင် (၃) HCVs များနှင့် အသေးစား ထုတ်လုပ်ရေးလုပ်ငန်းများ

ဤလမ်းညွှန်စာအုပ်သည် ကျွန်းသစ်၊ ဆီအုန်း၊ ပဲပိစပ်နှင့် သကြားအပါအဝင် ထုတ်လုပ်ရေးထုတ်ကုန် အမျိုးမျိုးအတွက် အသိအမှတ်ပြု လက်မှတ်ရရှိရန် ကြိုးပမ်းနေသော ကြီးမားသည့် ကုန်ထုတ်လုပ်ရေး လုပ်ငန်းများအတွက် အဓိကရည်ရွယ်ပါသည်။ သို့သော် ထိုကုမ္ပဏီကြီးများသည် ကျွန်းသစ်နှင့် အစားအသောက် ထုတ်ကုန်များကို အသေးစား ကုမ္ပဏီများကမှ ရယူရသည်ကို သိရှိရန် လိုအပ်သည်။ ထိုအသေးစား ကုမ္ပဏီများသည်လည်း ပူးပေါင်းလုပ်ဆောင်သော အုပ်စုများအနေဖြင့် အသိအမှတ်ပြုလက်မှတ်များကို ရယူပိုင်ခွင့် ရှိကြပါသည်။ ထိုအသေးစား ကုမ္ပဏီများသည် ကြီးမားသော ကုမ္ပဏီများ ကဲ့သို့ နည်းပညာကျွမ်းကျင်မှုနှင့် ဘဏ္ဍာရေးရင်းမြစ်များ ရှိမည်မဟုတ်ပေ။ ထို့ကြောင့် ဤစာအုပ်အတွင်းရှိ လမ်းညွှန်ချက်အများအပြားကို အသေးစား ထုတ်လုပ်သူများက လက်လှမ်းမီနိုင်ခြင်းရှိမည် မဟုတ်ပေ။ အသေးစား ထုတ်လုပ်သူများအတွက် လမ်းညွှန်ချက် အချို့ကို ထုတ်လုပ်ရေး ကဏ္ဍတချို့အတွက် ရရှိနိုင်နေပြီဖြစ်သည်။ ဥပမာ သစ်တောကဏ္ဍဖြစ်သည်။ ထိုလမ်းညွှန်ချက်များကို တခြားကဏ္ဍများ အတွက်လည်း တက်ကြွစွာ ဖွံ့ဖြိုးအောင်လုပ်ဆောင်လျှက်ရှိသည်။ ဥပမာ - ဆီအုန်း၊ ထုတ်လုပ်ရေးကဏ္ဍဖြစ်သည်။ ဤနယ်ပယ်မှာ HCV RN ကလာမည့် အနာဂတ်ကာလတွင် ထည့်သွင်းစဉ်းစားရန် ကြံရွယ်ထားသော နယ်ပယ်ဖြစ်သည်။ ၎င်း၏ ဝက်ဆိုက်တွင် HCV အသေးစား ထုတ်လုပ်သူများ လမ်းညွှန်ချက် ဟူသော ကဏ္ဍတစ်ရပ် ထည့်သွင်းနိုင်ရန် စဉ်းစားလျှက်ရှိသည်။

### ရင်းနှီးမြှုပ်နှံသူများနှင့် ကုမ္ပဏီ

အထက်တွင်ဖော်ပြထားသော ထုတ်လုပ်ရေးအဆင့်စံနှုန်းများအပြင် HSBC ကဲ့သို့သော စီးပွားဖြစ်ဘဏ်များအပါအဝင် ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေးဘဏ်များသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာလုပ်ဆောင် နည်းကောင်းများပါဝင်သော မူဝါဒများ ချမှတ်ထားတတ်ကြသည်။ တစ်ချို့သော အဖွဲ့အစည်းများသည် ၎င်းတို့၏ မူဝါဒများတွင် HCVS များကိုမထည့်သွင်းထားလျက်ပင် HCVS ဖြည့်စွက်မှုများကိုလည်း ထည့်သွင်းထားကြသည်။ ဥပမာအားဖြင့် ပြောရမည်ဆိုလျှင် အကောင်းဆုံးသော လူအသုံးအများဆုံးသော လုပ်ဆောင်နည်းကောင်းများထဲမှ တစ်ခုသည် နိုင်ငံတကာ ဘဏ္ဍာရေးကော်ပိုရေးရှင်းမှ ထုတ်ပြန်ထားခြင်း ဖြစ်သည်။ International finance corporation (IFC) ၏ Performance Standards (PS) လုပ်ဆောင်မှုစံနှုန်းသည် ရင်းနှီးမြှုပ်နှံသူများအတွက် အရေးပါသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူမှုရေးဆိုင်ရာ ခေါင်းစဉ်များကို ခြုံငုံမိစေသည်။ IFC ၏ PS လုပ်ဆောင်မှု စံနှုန်းကို အမျိုးသား ဖွံ့ဖြိုးရေးဘဏ်များ နှင့် စီးပွားဖြစ်ဘဏ်အများအပြားက သီးခြားအသုံးပြုကြသည် IFC ၏ PS လုပ်ဆောင်မှုစံနှုန်းသည် HCVs တန်ဖိုးများကို ထူးထူးခြားခြား ရည်ညွှန်းမထားသော်လည်း PS ၏ အချက်အလက်အတော်များများသည် HCVs ကို ဖြည့်စွက်ပေးခြင်း HCVs နှင့် အဓိပ္ပါယ်တူခြင်းများ ရှိသည်။

ဥပမာ

- လုပ်ဆောင်မှုစံနှုန်း ၅ - မြေယာရယူခြင်းနှင့် အတင်းအဓမ္မအခြေချ နေထိုင်စေခြင်း
- လုပ်ဆောင်မှု စံနှုန်း ၆ - ဇီဝမျိုးကွဲများကို ထိန်းသိမ်းခြင်းနှင့် သဘာဝရင်းမြစ်များကို ပြန်လည်ပြည့်ဖြိုးစေသော နည်းဖြင့် စီမံခန့်ခွဲခြင်း
- လုပ်ဆောင်မှုစံနှုန်း ၈ - ယဉ်ကျေးမှု အမွေအနှစ်တို့ ဖြစ်ကြသည်။

ထိုဘဏ္ဍာရေးအဖွဲ့အစည်းများမှ ရန်ပုံငွေများကိုရယူသော ကုမ္ပဏီများသည် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှုရေးဆိုင်ရာ လမ်းညွှန်ချက်များကို လိုက်နာမည် ဖြစ်သည်။ တစ်နည်းဆိုရသော် HCVs တန်ဖိုးများရှိနေမှသည် ထုတ်လုပ်သော၊ ထောက်ပံ့သော၊ ကုန်သွယ်သော လုပ်ငန်းများ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ရွေးချယ်စရာလမ်းနှင့် စီမံခန့်ခွဲမှု လိုအပ်ချက်များကို အကျိုးသက်ရောက်မည်ဖြစ်သည်။ ဘဏ္ဍာရေးအထောက်အပံ့များ ရရှိနိုင်ခြင်းအပြင် ကုမ္ပဏီများ သည် ၎င်းတို့၏ နာမည်ကျော်ကြားရေး၊ သိက္ခာရှိသော ကုမ္ပဏီဖြစ်ရေးအတွက် HCVs ကို လိုအပ်ကြခြင်း ဖြစ်သည်။ ပုဂ္ဂလိကကဏ္ဍဆိုင်ရာ ကုမ္ပဏီများသည်လည်း ၎င်းတို့၏ တိုးတက်အောင် ကြိုးပမ်းလုပ်ဆောင်ချက်အဖြစ် ၎င်းတို့၏ ပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ စီမံခန့်ခွဲရေးစနစ်အဖြစ် HCV သုံးသပ်မှုများကို တိုး၍ လုပ်ဆောင်လာလျက်ရှိသည်။



## ၁.၃.၃ မတူညီကွဲပြားသော နိုင်ငံများ - HCV နိုင်ငံတွင် အဓိပ္ပာယ်ဖော်ခြင်း။

HCV နိုင်ငံတွင် အဓိပ္ပာယ်ဖော်ခြင်း (HCVNIs) ဆိုသည်မှာ နိုင်ငံတွင် အခြေအနေနှင့် ကိုက်ညီစေရန် HCV တန်ဖိုး (၆)မျိုး၏ ယေဘုယျ အဓိပ္ပာယ်သတ်မှတ်ချက်များကို ပြုပြင်ပြောင်းလဲထားသော စာအုပ်ဖြစ်သည်။ HCVNIs များသည် အကြောင်းပြချက် နှစ်မျိုးအတွက် အရေးပါ ပါသည်။ ပထမတစ်ချက် ယေဘုယျတန်ဖိုးများတွင် ဒေသတွင်း အခြေအနေအတွက် ပြုပြင်ပြောင်းလဲရန် လိုအပ်သော ထူးခြားသော အရေးပါသော၊ များပြားသော ဟူသည် အဓေါ်အဝေါ် အသုံးအနှုန်းများ ပါဝင်သောကြောင့် ဖြစ်သည်။ ဒုတိယတစ်ချက်မှာ HCV တန်ဖိုးတစ်ခုကို သင့်တော်စွာ စီမံခန့်ခွဲခြင်းသည် ၎င်းတန်ဖိုးအပေါ် ခြိမ်းခြောက်မှု မည်မျှရှိသည်အပေါ်တွင် မူတည်၍ဖြစ်သည်။ ယင်း HCV တန်ဖိုးအပေါ် ခြိမ်းခြောက်မှုများသည် နိုင်ငံအလိုက် ကွဲပြားသောကြောင့်ဖြစ်သည်။ ဥပမာ HCVI ကို သစ်တောအတွက်

10 See http://www.hcvnetwork.org/about-hcvf/hcv-in-natural-resource-certification#the-hcv-approach-in-2

11 See http://www.ifc.org/wps/wcm/connect/735f0a0049800a4eaa13fa336b93d75f/Phase3_QCR-PS6.pdf?MOD=AJPERES

နားလည်ပုံ၊ အသုံးချပုံများသည် ဂါနာနိုင်ငံနှင့် ကနေဒါနိုင်ငံတို့တွင် ကွဲပြားမည်ဖြစ်သည်။ ကနေဒါနိုင်ငံတွင်နောက်ယှက်မခံရသေးသော သစ်တောအများအပြားကို ထိန်းသိမ်းထားပြီးသားရှိပြီး ဂါနာနိုင်ငံတွင်မူ သစ်တောဒေသ အနည်းငယ်သာ ကျန်ရှိတော့ပြီး ၄င်းတို့အားလုံးသည် နောက်ယှက်ခံထားရသော သစ်တောများဖြစ်ကြသည်။ နိုင်ငံတွင် အဓိပ္ပာယ်ဖော်မှု အများစုသည် ယခုလက်ရှိအချိန်တွင် သစ်တောကိုသာ အာရုံစိုက်ထားခြင်းဖြစ်သည်။

နိုင်ငံတွင်း အဓိပ္ပာယ်ဖော်မှုကို လုပ်ဆောင်မှုလုပ်ငန်းတို့သည် HCVs တန်ဖိုး (၆)မျိုးထဲမှ တစ်ခုချင်းစီကို နားလည်ပုံ၊ အသုံးချပုံနှင့်ပတ်သက်ပြီး သဘောတူညီမှုတစ်ခုရရှိရန် အသုံးဝင်သောနည်းလမ်းတစ်ခုလည်းဖြစ်သည်။ ထိုနည်းအားဖြင့် ၄င်းသည် နိုင်ငံတွင် HCVအယူအဆကို အသုံးချမှုတသမတ်တည်းဖြစ်စေသည်။ နိုင်ငံတွင်း အဓိပ္ပာယ်ပေါ်မှုလုပ်ငန်းစဉ်များအပေါ် လမ်းညွှန်ချက်များကို အောက်ပါဝက်ဆိုက်လိပ်စာတွင် ကြည့်ရှုနိုင်သည်။ www.hcvnetworking.org

မတူညီကွဲပြားသော HCV နိုင်ငံတွင်း အဓိပ္ပာယ်ဖော်မှုများအတွက် ဥပမာများကို အောက်ပါဝက်ဆိုက်လိပ်စာတွင် ကြည့်ရှုနိုင်သည်။ www.hcvnetwork.org

HCVNIS HCV နိုင်ငံတွင် အဓိပ္ပာယ်ဖော်မှုအရည်အသွေးကောင်းတစ်ခုသည် ရရှိနိုင်ပြီးသော အချက်အလက်ပမာဏ (ဇီဝမျိုးကွဲများ၊ ဂေဟစနစ်၊ လူမှုယဉ်ကျေးမှုဆိုင်ရာ)၊ ပါဝင်လုပ်ဆောင်သူများ၏ HCVs တန်ဖိုးများနှင့်အရေးယူလုပ်ဆောင်ချက်များကို အဓိပ္ပာယ်သတ်မှတ်နိုင်စွမ်း။ တိုင်ပင်ဆွေးနွေးပမာဏနှင့်ဒေသတွင်းနိုင်ငံတွင်အခြေအနေများတွင် HCVs ကဆိုလိုသည်ကို ပိုမိုအသေးစိတ်အဓိပ္ပာယ်သတ်မှတ်နိုင်သော ကွင်းဆက်စမ်းသပ်ချက်တို့အပေါ် မူတည်ပါသည်။

## ဇယားဘောင်(၄) HCV နိုင်ငံတွင်းအဓိပ္ပာယ်ဖော်မှုများရှိထားပြီးသောနိုင်ငံများ (မူကြမ်းအဆင့်များပါပါဝင်သည်။)

- ဘောစနီးယားဟာဇီဂိုမီးနား
- ဘူဂေးရီးယား
- ကနေဒါ
- ကင်မရွန် (တစ်စိတ်တစ်ပိုင်းသာ ဖန်တီးထားသည်)
- ချီလီ
- တရုတ် (မြောက်ပိုင်း၊ အရှေ့ပိုင်း)
- ကွန်ဂိုဒီမိုကရက်တီသမ္မတနိုင်ငံ
- အီကွေဒါ
- ဂါဘွန်
- ဂါနာ
- အင်ဒိုနီးရှား
- လိုက်ဘေးရီးယား
- ပါပူအာနယူးဂီနီ
- ပိုလန်
- ကော်ကေးဆပ်ဒေသ (တူရကီ-ဂျော်ဂျီယာ)
- မလေးရှား
- မိုဇမ်ဘစ်
- ရုရှား အနောက်မြောက် အရှေ့စွန်းရုရှား
- ဂိုမေးနီးယား
- ဆလိုဗက်ကီးယား
- ဗီယက်နမ်



နိုင်ငံတစ်နိုင်ငံအတွက် အဓိပ္ပာယ်ဖော်မှုများရရှိနိုင်ပါက ၄င်းကို HCV သုံးသပ်သူက လမ်းညွှန်အဖြစ် အသုံးပြုသင့်သည်။ ထိုသို့အသုံးပြုရာတွင် HCVNIS များသည် ချည်နှောင်ထားသော ဥပဒေများမဟုတ်ကြောင်း အသိအမှတ်ပြုထားရမည်။ လက်တွေ့ကျင့်သုံးရာတွင် HCVNIS အားလုံးသည် ကွင်းဆင်းစမ်းသပ်ထားခြင်းမျိုး မဟုတ်ကြပေ။ နိုင်ငံတွင်း အဓိပ္ပာယ်ဖော်မှု NIS များ၏ အရည်အသွေးကို သုံးသပ်နိုင်ရန် မြို့ပုံလုပ်ငန်းစဉ်၍ မရှိပေ။ တစ်ချို့သည် ခေတ်နောက်ကျနေနိုင်ပြီး အများစုကိုမူ ရှင်သန်ပြောင်းလဲနေသော စာအုပ်အဖြစ် ယူဆထားရမည်။ ထို့ကြောင့်HCVNIS များကို လက်ရှိအသုံးပြုနေသော HCVRN-ကပြဌာန်းထားသော လမ်းညွှန်ချက်များ၊ ပါဝင်သူ ဆွေးနွေးပွဲများနှင့်ချိန်ညှိ ဖြည့်စွက်သင့်သည်။ HCVNIS များကို မည်မျှမကြာခဏပြုပြင် ပြောင်းလဲသင့်သည်ဟူသော စည်းမျဉ်းသတ်မှတ်ချက် မရှိပါ။ ကောင်းမွန်သော အလေ့အထတစ်ခုမှာမူ HCV အဓိပ္ပာယ်သတ်မှတ်ချက်များ ပြောင်းလဲသွားပြီး ပြုပြင်ပြောင်းလဲထားသော လမ်းညွှန်စာအုပ်များထွက်ရှိလာသောအခါနှင့် သင်ခန်းစာများကို လေ့လာသင်ယူပြီးသောအခါတွင် HCVNIS များကိုပြန်လှန် ကြည့်ရှုခြင်း၊ ပြုပြင်ပြောင်းလဲခြင်းများ ပြုလုပ်ရမည်။



HCVNIS များကို အခြေခံအားဖြင့် အဓိပ္ပာယ်ဖော်ရန် ဇယားဘောင်(၁)၏ အဓိပ္ပာယ်သတ်မှတ်ချက်များကိုကျင့်သုံးရမည်။ HCVs များကို နံပါတ်များပြန်လည်သတ်မှတ်ပေးခြင်း၊ HCV တန်ဖိုးအသေခံများပေါင်းထည့် ပေးခြင်းမျိုး၊ မပြုလုပ်သင့်ပေ။ ပါဝင်သူများက မရှိမဖြစ်အရေးကြီးသည်ဟုယူဆသော အခြားတန်ဖိုးများသည်လည်း မူလရင်းမြစ် HCV တန်ဖိုး(၆)မျိုး၏ နယ်ပယ်အတွင်းတွင်သာ ရှိသင့်သည်။ HCVNIS များသည် HCVsများ၏ လက်အောက်ခံကဏ္ဍခွဲများကို ဖန်တီးလိုသောအခါတွင် ၄င်းတို့သည် ကမ္ဘာလုံးဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်များနှင့် တိုက်ရိုက်ဆက်နွယ်မနေသော မသက်ဆိုင်သည့်အယူအဆများကို မထည့်သွင်းသင့်ပေ။ HCVNIS တွင် ပေးထားသောနိုင်ငံတွင် အခြေအနေအရတန်ဖိုးများကို မည်သို့အဓိပ္ပာယ် သတ်မှတ်မည်၊ မည်သို့ အဓိပ္ပာယ် ဖော်မည် ဆွေးနွေးချက်များ ပါဝင်သင့်သည်။ သို့သော်သုံးသပ်သူ၏ အဓိပ္ပာယ်ဖော်မည့် ဆွေးနွေးချက်များ ပါဝင်သင့် သည်။ သို့သော်သုံးသပ်သူ၏ အဓိပ္ပာယ်ဖော်မှုအချို့သည်လည်း အမြဲဆိုသလို လိုအပ်ပါသည်။



အပိုင်း ၂ တွင် HCV အဓိပ္ပာယ်သတ်မှတ်ချက်များထက်ကျော်လွန်ပြီး HCVများ၏ ကြံရွယ်ချက်များ HCV အချက်အလက်များကို အဓိပ္ပာယ်ဖော်ရာတွင် သုံးသပ်သူများက ထည့်သွင်းစဉ်းစားရမည့်အရာများ HCVများကို သတ်မှတ်ဆုံးဖြတ်ခြင်း စသည်တို့ကို ဖော်ပြသွားမည်ဖြစ်သည်။ ၎င်းတွင်လိုအပ်သောအချက်အလက်ပမာဏနှင့် တိုင်ပင်ဆွေးနွေးမှုပမာဏကို ဆုံးဖြတ်နိုင်ရန် ကျင့်သုံးနိုင်သောလမ်းညွှန်ချက်ကောင်းများ ပေးထားသည်။ HCV သုံးသပ်ချက်မပြုလုပ်ခင်တွင် ၎င်းအယူအဆများကို နားလည်ထားရန် အရေးကြီးသည်။ ၎င်းသည်HCV သုံးသပ်ချက်အစီရင်ခံစာ ရေးသား နိုင်ရန် အတွက်လည်း အသုံးဝင်သည်၊

၂

# HCV သုံးသပ်မှုအတွက် အကောင်းဆုံးကျင့်သုံးဖွယ်ရာ အချက်အလက်များ

**သတိရပါ။**

ဌင်းမှာ အကောင်းဆုံးကျင့်သုံးစရာ နည်းလမ်းများဖြစ်သည်။ အထူးသဖြင့် စွန့်စားရမှုမြင့်မားသော အခြေအနေများတွင်ဖြစ်သည်။ ဤအကြံပြုချက်များမှာ မလုပ်မနေရမဟုတ်ပေ။ သို့သော်ဌင်းတို့သည် စီမံခန့်ခွဲသူများ၊ သုံးသပ်သူများ သို့မဟုတ် စိစစ်သူများကို HCV အဓိပ္ပာယ်သတ်မှတ်ချက်များကို ပိုမိုနားလည်စေရန်၊ HCVချဉ်းကပ်မှုကို မည်သို့အသုံးပြုရမည်နှင့် စီမံကိန်း၏အတိုင်းအတာနှင့်စွန့်ပစ်ရမှုတို့ကို ပိုမိုနားလည်စေရန် အကူအညီပေးမည် ဖြစ်သည်။

HCV သုံးသပ်မှုဆိုသည်မှာ HCVs များကို စစ်ဆေးခြင်းလက်တွေ့ အမည်ဖော်ခြင်း တို့ ပါဝင်သော ဖြစ်စဉ်တစ်ခုဖြစ်သည်။ HCV သုံးသပ်မှု၏ရည်ရွယ်ချက်သည် ရှင်းလင်းဖို့လိုအပ်သည်။ (ဥပမာ ဌင်းမှာ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေး အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ သို့မဟုတ် အစီအစဉ်ဆွဲရေး လေ့ကျင့်ခန်း တစ်ခုဖြစ်သည်။) HCV သုံးသပ်မှုများသည် ဌင်းတို့၏နယ်ပယ်အကျယ်အရ၊ အချိန်အတိုင်းအတာအရ ကုန်ကျစရိတ်အရနှင့် အစီရင်ခံစာ၏ လိုအပ်ချက်တို့အရ အမျိုးမျိုးပြောင်းလဲနိုင်သည်။ သို့သော် အရေးပါသော အချက်အလက်မှာ HCVs တန်ဖိုးများအားလုံး၏ ရှိနေမှု၊ မရှိမှုတို့ကို ကျွမ်းကျင်သူ ... (ကျယ်ပြန့်သော) ... ([illegible]) အဓိပ္ပာယ်သတ်မှတ်ချက်များ၊ HCVRN အဓိပ္ပာယ်ဖော်မှုများနှင့် ကိုက်ညီသော နည်းလမ်းဖြင့် သုံးသပ်ရမည်ဖြစ်သည်။ အကယ်၍ HCV တစ်ခုသို့မဟုတ် တစ်ခုထက်ပိုသောအရာကို မဖြေရှင်းဘဲ ထားပါက ဌင်းအတွက် အကျိုးဆက်များဖြစ်လာနိုင်သည်။ (ဥပမာ ယင်း HCV များသည် စဉ်းစား၍ ရရှိနိုင်သည်ထက်ပိုမိုကင်းမဲ့နေခြင်းဖြစ်သည်။) ကောင်းမွန်သော HCV သုံးသပ်ချက် တစ်ခုသည် ကမ်းလှမ်းထားသော လုပ်ဆောင်ချက်၏ အတိုင်းအတာ၊ ပြင်းအားနှင့် စွန့်စားရမှု တို့ကို ထည့်သွင်းစဉ်းစားရမည်။ (၂.၁ တွင် ကြည့်ရှုပါ။) HCVRN ပဋိညာဉ်ကို လေးစားရမည်။ ည (၂.၂ တွင် ကြည့်ရှုပါ။) အရည်အသွေးဖြင့်ပါဝင်သူ ဆွေးနွေးပွဲများ ပြုလုပ်ရမည်။ (၂.၅ တွင် ကြည့်ရှု ပါ။) ပိုမိုကျယ်ပြန့်သော မြေပြင်ရှုခင်းကို ထည့်သွင်းစဉ်းစားရမည်။ (၂.၃ တွင် ကြည့်ရှုပါ။) ကြိုတင် ကာကွယ်ရေး ချဉ်းကပ်ပုံကို အသုံးပြု၍ ရှာဖွေတွေ့ရှိချက်များကို အဓိပ္ပာယ်ဖော်ရမည်။ (၂.၆.၆ တွင် ကြည့်ရှုပါ)

## HCV သုံးသပ်မှုကို မည်သူက လုပ်ဆောင်မည်။

တစ်ချို့သော ကိစ္စရပ်များတွင် HCV သုံးသပ်မှုကို ကုမ္ပဏီ၏စီမံခန့်ခွဲရေးအဖွဲ့က လုပ်ဆောင်နိုင်သည်။ တခြားသော ကိစ္စရပ်များတွင် အသိအမှတ်ပြုလက်မှတ်စံနှုန်းတစ်ခုသည် HCV သုံးသပ်မှုကို လွတ်လပ်သောအဖွဲ့တစ်ခုက လုပ်ဆောင်ရမည်ဟု သတ်မှတ်ထားနိုင်သည်။ (ဥပမာ RSPO အသိအမှတ်ပြုလက်မှတ်အတွက် စိုက်ပျိုးရေးနည်းသစ်) စီမံခန့်ခွဲသူများသည် ကုမ္ပဏီ၏လုပ်ဆောင်နိုင်စွမ်းမှုချို့တဲ့နေလျှင်၊ သီးခြား လွတ်လပ်သော အဖွဲ့တစ်ခုကလုပ်ဆောင်ပါက သုံးသပ်ချက်၏ တိကျကောင်းမွန်မှုကို တိုးတက်စေနိုင်လျှင် သို့မဟုတ် ဒေသခံပြည်သူများက တတိယအဖွဲ့အစည်းက လုပ်ဆောင်မှသာ သုံးသပ်ချက်ကို ယုံကြည်မည်ဆိုလျှင် အတွေ့ကျွမ်းကျင်သူတစ်ဦးကို စာချုပ်ဖြင့် ငှားရမ်းကာ သုံးသပ်စေနိုင်သည်။ HCV သုံးသပ်သူများသည် သုံးသပ်နေသော ဂေဟာစနစ်နှင့် ပတ်သက်ပြီး အတွေ့အကြုံရှိသူဖြစ်ရမည်။ ထိုသို့ဖြင့် အလျင်အမြန်သုံးသပ်မှုကြောင့် ဖြစ်လာနိုင်သော စွန့်စားရမှုကို လျှော့ချနိုင်မည်။ ပြင်ပမှလာသော သုံးသပ်မှုများသည် လိုအပ်သောအခါတိုင်းတွင် ဒေသတွင်းမှ ကျွမ်းကျင်သူများနှင့် ပူးပေါင်း ဆောင်ရွက်ရမည်။ တိုင်ပင် ဆွေးနွေးရမည်။ HCV အစီရင်ခံစာသည် သုံးသပ်သည့်အဖွဲ့၏ အရည်အသွေးနှင့်ဖွဲ့စည်းပုံ အပြင်ဇီဝဗေဒနှင့် လူမှုရေးတန်ဖိုးများနှင့် ပတ်သတ်ပြီး ဌင်းတို့၏သက်ဆိုင်ရာ ကျွမ်းကျင်မှုများကိုပါ အသေးစိတ်ဖော်ပြထားရမည်။

## ၂.၁ အတိုင်းအတာ၊ ပြင်းအားနှင့်စွန့်စားရမှု

စီမံကိန်းလုပ်ဆောင်ချက်တစ်ခု၏ အတိုင်းအာပြင်းအားနှင့် စွန့်စားရမှုတို့ ကြီးမားလေလေ HCVs တန်ဖိုးများ၏ သွင်ပြင်လက္ခဏာ၊ ဖြန့်ဝေထားပုံ၊ ခံနိုင်ရည်နှင့် ထိခိုက်လွယ်မှုတို့ကို ထောက်လှမ်းရန်၊ အမည်ဖော်ရန် နှင့်နားလည် ရန် ပိုမိုကြိုးစား အားထုတ်ရမှုများလေလေဖြစ်သည်။ သုံးသပ်သူသည် ကမ်းလှမ်းသော လုပ်ဆောင်ချက်၏ အလားလာရှိသာ ရိုက်ခတ်မှုနှင့်အတိုင်းအတာကို လုံလောက်စွာဖော်ပြထားရမည်။ ထို့ပြင်သုံးသပ်ရန် ကြိုးပမ်း အားထုတ်မှုသည်လည်း လုံလောက်ရန်လိုပါသည်။

### ဇယားဘောင်(၅)အတိုင်းအတာ၊ ပြင်းအားနှင့် စွန့်စားရမှုကို အဓိပ္ပာယ်သတ်မှတ်ခြင်း

**အတိုင်းအတာ** စီမံခန့်ခွဲရေးလုပ်ဆောင်မှု သို့မဟုတ် အဖြစ်အပျက်တစ်ခုက အချိန်အားဖြင့်သော်လည်းကောင်း နေရာအကျယ်အဝန်းအားဖြင့်သော်လည်းကောင်း စီမံခန့်ခွဲရေးအပေါ် အကျိုးသက်ရောက်စေသော အတိုင်းအတာရှိသည့် လုပ်ဆောင်ချက်သည် နေရာတစ်ခု၏ သေးငယ်သောအစိတ်အပိုင်းကိုသာ နှစ်စဉ်အကျိုးသက်ရောက်နိုင်သည်၊ သေးငယ်သော၊ နိမ့်ပါးသော ယာယီဖြစ်သည့် လုပ်ဆောင်ချက် အတိုင်းအတာတစ်ခုသည် အချိန်ကာလ အပိုင်းအခြား ဖြင့်သာ အကျိုးသက်ရောက်နိုင်သည်။

**ပြင်းအား** စီမံခန့်ခွဲရေးလုပ်ဆောင်ချက်တစ်ခု၏အားအင်၊ ပြင်းအား၊ ပြင်းထန်မှုတို့အပြင် လုပ်ဆောင်ချက်၏ အကျိုးရလဒ်ကို အကျိုးသက်ရောက်စေသော အဖြစ်အပျက်များ

**စွန့်စားရမှု** စီမံခန့်ခွဲရေး ယူနစ်တစ်ခုရှိ မည်သည့်လုပ်ဆောင်ချက်မှ မဆိုဖြစ်ပွားလာသော လက်ခံနိုင်ဖွယ်မရှိသည့် အနုတ်သဘောဆောင်သော၊ ကျိုးသက်ရောက်မှုဖြစ်နိုင်ခြေ ထို့ပြင် ဌင်း၏ရေရှည်ဆက်လက်ဖြစ်ပေါ်နိုင်သော အကျိုးဆက်ဖြစ်သည်။

Definitions adapted from FSC V 5 (2012) glossary (see Figure 1)



### စွန့်စားရမှုကို သုံးသပ်ခြင်း

FSC အသိအမှတ်ပြုအပူပိုင်း သစ်တောများတွင် သဘာဝပတ်ဝန်းကျင် စွန့်စားရမှု သုံးသပ်ရန်အတွက် စနစ်တစ်ကို ဖန်တီးပြီးဖြစ်သည်။ သမပိုင်းသစ်တောများ၊ စိုက်ခင်းများ၊ လူမှုစီးပွားရေးတန်ဖိုးများအတွက်လည်း တူညီသော စနစ်များကို ဖန်တီးနိုင်ပါသည်။ စွန့်စားရမှုအဆင့်ကို ညွှန်ပြမှုနိုင်ရန် ရိုးရှင်းသော စစ်ဆေးမှု စာရင်းများဖြင့် သီးခြားစီမံခန့်ခွဲရေး ယူနစ်အတွင်း အသုံးပြုနိုင်သည်။ ယင်းစစ်ဆေးချက်ရလဒ်များကို HCV နှင့် ပတ်သက်သော အချက်အလက်များကို မည်မျှနည်းနည်း၊ များများ ရှာဖွေမည်၊ စီမံခန့်ခွဲမှု၏ အနုတ်သဘောဆောင်သော အကျိုးသက်ရောက်မှုကို လျော့ချရန်၊ အရေးယူဆောင်ရွက်မှု မည်မျှနည်းနည်း၊ များများလုပ်မည် ဆုံးဖြတ်ချက်ကို ချိန်ညှိရန် စီမံခန့်ခွဲသူများ၊ အသိအမှတ်ပြုလက်မှတ်ထုတ် ပေးသူများက အသုံးပြုနိုင်သည်။ စွန့်စားရမှုသည် များပြားနေပါက HCVs ကို ပြည့်ဝတိကျစွာ အမည်ဖော်နိုင်ရန်အတွက် ပိုမိုများပြားသော သတင်းအချက်အလက်များကို စုဆောင်းထားသင့် သည်။ ထို့ပြင် HCVs များကို ၎င်းတို့ လိုအပ်သည် ကာကွယ်စောင့်ရှောက်မှု စီမံခန့်ခွဲမှု ရရှိစေရန်အတွက် ဂရုစိုက်မှုများလည်း ပိုမိုလိုအပ်သည်။ HCV သုံးသပ်မှုများကို ကမ်းလှမ်းထားသော ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ချက်မတိုင်မီတွင် လုပ်ဆောင်သင့်သည်။ ပြောင်းပြန်မလုပ် ဆောင်သင့်သည်။ ရှင်းလင်းမပြောင်းလဲမီတွင် ပြီးဆုံးအောင် ဆောင်ရွက်သင့်သည်။

## ဇယားဘောင် (၆) အပူပိုင်းသစ်တောများတွင် အလားအလာရှိသော ထိခိုက်လွယ်မှုနှင့် စွန့်စားရမှုများကို စစ်ဆေးနိုင်သော နမူနာစာရင်း

- ရိတ်သိမ်းလိုက်သော သစ်ပင်များသည် သဘာဝအရ ပြန်လည်မျိုးဆက်ပွံ့ပွားနိုင်နှုန်း လုံလောက်စွာ မရှိပေ။
- NTFP သစ်မဟုတ်သော သစ်တောထွက်မျိုးစိတ်များကို အလွန်အကျွံ ထုတ်ယူနေသည်။
- အမဲလိုက်ခြင်းခံရသော တိရစ္ဆာန်များတွင် ရိတ်သိမ်းထားသော သစ်ပင်များ၏ မျိုးစေ့ကို သယ်ဆောင်ပေးသော တိရစ္ဆာန်များပါဝင်သည်။
- စီမံခန့်ခွဲရေး ယူနစ်တွင် အနှောင့်အယှက် မခံရသော သစ်တောများ အပေါ်မှီတည်နေသည် မျိုးတုံးအန္တရာယ် ကျရောက်နေသော မျိုးစေ့များ ပါဝင်သည်။
- စီမံခန့်ခွဲမှုယူနစ်တွင် အမဲလိုက်ရန်၊ သားပေါက်ရန် အတွက် နယ်မြေကျယ်ပြန့်စွာ လိုအပ်နေသော တိရစ္ဆာန်များ ပါဝင်နေသည်။
- စီမံခန့်ခွဲမှုယူနစ်တွင် သစ်ခုတ်လဲခြင်းကြောင့် ပြောင်းလဲသွားသော ပေါ်များကြွယ်ဝသည့် သစ်သီးသစ်သော ရာသီအပေါ် မှီတည်နေသော တိရစ္ဆာန်များ ပါဝင်နေသည်။
- တစ်ချို့သော နေရာများသည် မျိုးတုံးအန္တရာယ်ကျရောက်နေသော မျိုးစိတ်များ သားပေါက်ရေး မျိုးပွားရေး အတွက် အရေးပါသည်။
- သတ်မှတ်ထားသော ထိန်းသိမ်းရေးဧရိယာသည် မီးလောင်ကျွမ်းမှု အမဲလိုက်မှုစသည်တို့၏ ခြိမ်းခြောက်မှုကို ခံနေရသည်။
- ဒေသတွင်းရှိ သစ်တောများသည် ကျိုးတိုးကျဲတဲဖြစ်နေသည်။
- ရေထုသည် အမှိုက်များ၊ ဓာတုပစ္စည်းများကြောင့် ညစ်ညမ်းခြင်း ဖြစ်ပေါ်နိုင်သည်။
- ရိတ်သိမ်းလိုက်သော သို့မဟုတ် ရှင်းလင်းလိုက်သော ဧရိယာများမှ မြေဆီလွှာသည် ရေစွတ်စိုမှု များလွန်းသည်။ ရေဝပ်သည်။

အပူပိုင်းသစ်တောများအတွက် ပြီးပြည့်စုံသော စာရင်းကို ERA ၏ နောက်ဆက်တွဲ ၄.၅ နှင့် ၆ တွင် ကြည့်ရှုနိုင်ပါသည်။ https://sites.google.com/site/environmentalriskassessment







*ပုံ(၁) လုပ်ဆောင်မှုများ၏ အတိုင်းအတာကြီးမား သောအခါ၊ လုပ်ဆောင်မှုများ၏ ပြင်းအားကြီးမား သောအခါ HCVs များထဲမှ တစ်ချို့သည် အားနည်း နေသောအခါ HCVs ခွန့်စားရမှုသည် ကြီးမား နေပါသည်။ ဤကိစ္စကြောင်း ဆက်နွယ်မှုကို အခြေပြု၍ လက်ခံနိုင်ဖွယ် မရှိသော ရိုက်ခတ်မှုနှင့် HCV ကာကွယ် ရေးအရေးယူ လုပ်ဆောင်ချက်များ လိုအပ်သည်။ ဤဥပမာများမှာ လုပ်ဆောင်မှုများ၊ ရိုက်ခတ်မှု များ၏ အတိုင်းအတာနှင့် ပြင်းအားကို ရရှိစေရန် နည်းလမ်းများစွာထဲမှ အနည်းငယ်ရွေး ချယ်ခြင်းသာ ဖြစ်သည်။ သဘာဝ ကောက်ပဲ သီးနှံများ တည်ရှိနေ သော (ဇာတိမျိုးစိတ်များ) နေရာ တွင် HCV1-3 ရှိနေရန် ဖြစ်နိုင်ချေများသည်။ ဒေသခံလူများက သိမ်းပိုက် ထားသော အသုံးပြုနေ သော ဧရိယာများတွင် HCVs 4-6 ရှိနေရန် ဖြစ်နိုင်ခြေများသည်။*

| သိပ်မပြင်းထန်သော HCVs သုံးသပ်ချက်လိုအပ်မည့်အခြေအနေ | ပိုမိုပြင်းထန်သော HCV သုံးသပ်ချက် လိုအပ်မည့်အခြေအနေ |
|---|---|

## SCALE OF ACTIVITIES

### ပိုမိုသေးငယ်သော အတိုင်းအတာ

- အသေးစားထုတ်လုပ်သူများနှင့် လုပ်ငန်းငယ်များ
- ထည့်သွင်းမှုများ(ဓာတုပစ္စည်းများ) သည် နည်းပါးပြီး ဧရိယာအားလုံး၏ သေးငယ်သော အစိတ်အပိုင်းကိုသာ အကျိုးသက်ရောက်သည်။

### ပိုမိုကြီးမားသော အတိုင်းအတာ

- သဘာဝကောက်ပဲသီးနှံများကို အတိုင်းအတာ ကြီးမားစွာ ပြောင်းလဲထားသည်။
- စီမံခန့်ခွဲမှု ဧရိယာအတွင်းနေရာ အများအပြားတွင် အမြဲတမ်းလမ်းမကြီးများ ရှိနေသည်။
- စီမံခန့်ခွဲမှု ဧရိယာနေရာ အများစုတွင် ပိုးသတ်ဆေးများကို ပုံမှန်အသုံးပြုနေသည်။

## INTENSITY OF ACTIVITIES

### ပိုမိုနည်းပါးသော ပြင်းအား

- စိုက်ပျိုးထားသော ဧရိယာများမှာ များသောအားဖြင့် ဇာတိမျိုးစိတ်များ ရောထွေးနေခြင်းရှိမည်။
- ထုတ်ကုန်များကို လမ်းမကြီးပေါ်သို့ ကြိုးများ၊ လူအားသို့မဟုတ် တိရစ္ဆာန်များဖြင့် ပို့ဆောင်သည်။
- အမဲလိုက်ခြင်း၊ ထောင်ချောက်ချခြင်း၊ ငါးမျှားခြင်းတို့သည် ကန့်သတ်နေရာများတွင် ဖြစ်ခဲ့သည့် သို့မဟုတ် အနည်းငယ်သာ ဖြစ်ပွားသည်။
- မွေးမြူရေးတိရစ္ဆာန်များက မြတ်စားခြင်းသည် ကန့်သတ်နေရာတွင် ဖြစ်ခဲ့သည် သို့မဟုတ် အနည်းငယ်သာ ဖြစ်ပွားသည်။
- သဘာဝဂေဟစနစ်အားလုံးသို့မဟုတ် အများအပြားကို ထိန်းသိမ်းရေးဧရိယာများအဖြစ် သတ်မှတ်ထားပြီး ပြင်းထန်သောလုပ်ငန်းများကို ခွန့်ပစ်ထားသော စိုက်ပျိုးရေးဧရိယာများတွင် ကန့်သတ်ထားသည်။

### ပိုမိုများပြားသော ပြင်းအား

- စိုက်ပျိုးထားသော ဧရိယာများမှာ များသောအားဖြင့် မျိုးစိတ်တစ်မျိုးတည်းသို့မဟုတ် တခြားဒေသ မှ မျိုးစိတ်များ ရှိမည်။
- ထုတ်ကုန်များကို လမ်းမပေါ်သို့ လေးလံသော စက်ပစ္စည်းများဖြင့် ပို့ဆောင်သည်။
- ဧရိယာအများစုတွင် အမြဲတမ်းလမ်းမကြီးများရှိပြီး ယာဉ်များက ပုံမှန်သွားလာနေသည်။
- စီမံခန့်ခွဲရေး ဧရိယာအများအပြားတွင် အမဲလိုက်ခြင်း၊ ထောင်ချောက်ချခြင်းများ အများအပြား ရှိသည်။
- မွေးမြူရေးတိရစ္ဆာန်များ မြက်စားခြင်းသည် စီမံခန့်ခွဲမှု ဧရိယာအများအပြားတွင် ဖြစ်ပွားသည်။
- ရေများကို အများအပြား ထုတ်ယူနေသည်။ စီးဆင်းနေသော ရေများကို ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ထားသည်။
- သွယ်တန်းစီးကျနေသော ရေများကို ပြုပြင်ပြောင်း လဲထားသည်။တာပေါင်ရိုးများ တည်ဆောက် ခြင်း၊ ရေကာတာများ တည်ဆောက်ခြင်း။

## OVERALL RISK OF ACTIVITIES
## BASED ON SCALE AND INTENSITY OF ACTIVITIES AND THE VULNERABILITY LEVEL OF HCVS

### ပိုမိုနည်းပါးသော ခွန့်စားရမှု

- စာအုပ်စာတမ်းများ၊ ကြိုတင်သုံးသပ်မှုများ၊ ကျွမ်းကျင်မှုများ၏ အယူအဆများ ပါဝင်သူများ၏ သုံးသပ်ချက်များအရ ထုတ်လုပ်ရေးနေရာတွင် သို့မဟုတ် လွှမ်းခြုံနိုင်သော နေရာများတွင် HCVs ရှိနိုင်ခြေနည်းပါးသည်။ ပါဝင်သူများ၊ ကျွမ်းကျင်ပညာရှင်များ၊ ရရှိနိုင်သော စာအုပ်များအရ HCVs များ ရှိနေနိုင်ခြေကို အခြေပြုပြီး အဖွဲ့အစည်းတစ်ခုသည် HCVsရှိနေသည်ဟုပင် ယူဆမည်။
- An organisation chooses to presume the presence of HCVs, based on a possibility of their presence, as identified by stakeholders, specialists or available literature

### ပိုမိုများပြားသော ခွန့်စားရမှုစာအုပ်

- စာအုပ်စာတမ်းများ၊ ကြိုတင်သုံးသပ်ချက်များ၊ ကျွမ်းကျင်သူများ၏ အယူအဆများ ပါဝင်သူများ၏ သုံးသပ်ချက်များအရ ထုတ်လုပ်ရေးနေရာ သို့မဟုတ် လွှမ်းခြုံသောနေရာများတွင် HCV ရှိနေနိုင်ခြေများပြားသည်။
- HCVs များမှ တစ်ချို့သည် အထူးသဖြင့် အားနည်းနေသည်။
  - အမဲလိုက်ခံရသော တိရစ္ဆာန်အချို့သည် အဓိက ဝတ်မှုန်ကူးသူများ၊ မျိုးစေ့ကြဲသူများ ဖြစ်ကြသည်။
  - RTE ရှားပါးပြီး မျိုးတုံးမှုအန္တရာယ်ကျရောက်နေသော မျိုးစိတ်တစ်ချို့သည် အနှောက်အယှက်မရှိ သော စားကျက်ကိုသာ အမှီပြုနေသည်။
  - ဤဒေသရှိ သဘာဝစားကျက်များမှာ ကျိုးတိုးကျဲတဲ ဖြစ်နေပြီဖြစ်သည်။
  - မတ်စောက်သော တောက်များရှိ မြေဆီလွှာများ တိုက်စားမှုခံရနိုင်ဖွယ်ရှိနေသည်။



### ဇယားဘောင် (၇) သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာများအပေါ် အကျိုးသက်ရောက်မှုကို အကဲဖြတ်ခြင်း

အကောင်းဆုံးကျင့်ထုံးတစ်ခုဖြစ်စေရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ စွန့်စားရမှုများကို ဖွံ့ဖြိုးမှုများမလုပ်ဆောင်မီ တွင် ထုတ်ဖော်ရမည် ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် နှင့် လူမှုရေးဆိုင်ရာ အကဲဖြတ်မှုများ ESIA သည် ဤစာအုပ်ထက်ကျော်လွန်ပါသည်။ ၎င်းတို့ကြား မတူညီကွဲပြားမှုတစ်ခုမှာ HCVs သုံးသပ်ချက်သည် စီမံကိန်း၏ အကျိုးသက်ရောက်သော ဧရိယာပိုမိုကျယ်ဝန်းစွာ ထည့်သွင်းစဉ်းစားထားပြီး (၂-၃တွင် ကြည့်ရှုပါ) ၎င်းသည် အရည် အသွေးမြင့်သော ပါဝင်သူဆွေးနွေးပွဲများ (၂-၅တွင် ကြည့်ရှုပါ။)အပေါ် မှီတည်နေသည်ကို သိရှိရန် အရေးကြီးပါသည်။

အမျိုးသားဥပဒေများ၊ လုပ်ထုံးများသည် ဖွံ့ဖြိုးမှုအတွက် ESIA ကို လုပ်ဆောင်ရန် လိုအပ် ပြီး HCVs သုံးသပ်ချက်ကိုမူ စံနှုန်းလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် လုပ်ဆောင်ခြင်းဖြစ်သည်။ ၎င်းတို့နှစ်ခုကို အချက်အလက်များ စုဆောင်းခြင်းကိစ္စရပ်တွင် အတူတကွ လုပ်ဆောင်နိုင်သည်။ သို့သော် လုပ်ထုံးဆိုင်ရာ ESIA သည် HCVs များ၏ နယ်ပယ်အားလုံးကို ခြုံငုံမိမည်မဟုတ်ပေ။ ထို့ပြင် ယုံကြည်ရသော HCV သုံးသပ်ချက်ကို တည်ဆောက်ရန် လိုအပ်သော အချက် အလက်များကိုလည်း ပေးမည်မဟုတ်ပေ။ ESIA လေ့လာမှု၏ အကျိုးရလဒ်သည် HCV သုံးသပ်မှု အတွက် အသုံးဝင်သော အချက်အလက်များကို ပေးသည်။

## ၂.၂ HCVRN ပဋိညာဉ်အပေါ် တာဝန်သိတတ်ခြင်း

HCV လုပ်ငန်းစဉ်ကို HCV ချဉ်းကပ်မှု၏ ကြံရွယ်ချက်ကို ရှိသေလေးစားသော HCV RN ပဋိညာဉ်၏ မူဝါဒတစ်ချို့ကို ရှိသေလေးစားသော တာဝန်သိတတ်သည် သဘာဝရင်းမြစ်စီမံခန့်ခွဲမှု နှင့် ပူးတွဲလုပ်ဆောင်ရမည်။ HCVRN ပဋိညာဉ်မှ မူဝါဒကို တစ်ချို့မှာ

တရားဝင်ဖြစ်မှု

- တည်ရှိနေသော နိုင်ငံတွင်းနှင့် ဒေသတွင်းဥပဒေများအပြင် နိုင်ငံတကာ စာချုပ်များ၊ သဘောတူစာချုပ်များကို လိုက်နာမှုရှိသည်။ တစ်ချို့သော နိုင်ငံများတွင် HCV သုံးသပ်မှုဖြင့် ဖော်ထုတ်ထားသော တန်ဖိုးအများအပြားသည် မြေယာအသုံးသတ်မှတ်ချက်များ၊ စီစဉ်မှု လုပ်ငန်း စဉ်များ သို့မဟုတ် တခြားသော အစိုးရလုပ်ထုံးများဖြင့် ကာကွယ်မှု ရရှိပြီး ဖြစ်သည်။

လုံခြုံသော လုပ်ပိုင်ခွင့်၊ အခွင့်အရေးနှင့် သဘောတူညီမှု

- မြေယာကို အသုံးပြုပိုင်ခွင့်ကို ဆန္ဒပြထုတ်ဖော်နိုင်သည်။ ၎င်းကို ဒေသခံလူအဖွဲ့အစည်းက ဆန္ဒပြထုတ်ဖော်နိုင်သည်။ ၎င်းကို ဒေသခံလူအဖွဲ့အစည်းက ဆန္ဒပြပိုင်ခွင့်ဖြင့် တရားဝင်ယှဉ်ပြိုင်၍ မရပေ။
- မြေယာများကို အသုံးပြုမှု၊ စီမံခန့်ခွဲမှုသည် ဒေသခံလူမျိုးများ၊ ဒေသခံလူ့အဖွဲ့အစည်းများ နှင့် တခြားသော အသုံးပြုသူများ၏ တရားဝင်အခွင့်အရေးကို မဆုံးရှုံးစေရပါ။ လွတ်လပ်သော၊ ဦးစားပေးသော သတင်းအချက်အလက်ပေးထားသော သဘောတူညီမှု ပါဝင်ရမည်။
- ကောင်းမွန်သော မြေယာစီမံခန့်ခွဲမှုတွင် ၎င်းမြေယာကို အမှီပြုနေသော လူ့အဖွဲ့အစည်း များ၏ ကောင်းကျိုးအတွက် သင့်တော်သော စီးပွားရေးအစီအစဉ်များ ပါဝင်ရမည်။

### မြေယာများကို အသွင်ပြောင်းလဲခြင်း၏အကျိုးသက်ရောက်မှု စဉ်းစားခြင်း

သဘာဝဂေဟစနစ်များကို စီမံခန့်ခွဲခြင်းနှင့် နှိုင်းယှဉ်လျှင် အသွင်းပြောင်းလဲခြင်းသည် ဇီဝမျိုးကွဲများ၊ ဂေဟစနစ်လုပ်ဆောင်ချက်များနှင့် လူမှုရေးစနစ်များအပေါ် ပိုမိုပြင်းထန်သော ပြုပြင်၍မရသော ရိုက်ခတ်မှုကို ဖြစ်ပေါ်စေသည်။

HCVS များအတွက် ကာကွယ်စောင့်ရှောက်ရေး အရေးယူလုပ်ဆောင်ချက်များသည် ရိုက်ခက်မှုနှင့် ပြင်းထန်မှုနှင့် ကိုက်ညီရမည်ဖြစ်သည်။ HCV ချဉ်းကပ်မှုသည် ဖွံ့ဖြိုးမှုနှင့် သဘာဝသီးနံများကို အသွင်ပြောင်းလဲခြင်းကိုပင် ဘေးဖယ်ထားခြင်းမရှိပေ။ HCVs အားလုံး မဟုတ် သော်လည်း တစ်ချို့တစ်လေကိုမူ အသွင်ပြောင်းလဲထားသော အခြေအနေမှာပင် ကောင်းမွန်သော စီမံခန့်ခွဲမှုဖြင့် ထိန်းသိမ်းနိုင်ပါသည်။၎င်းကို ကိစ္စရပ်တစ်ဆင့်ချင်းစီဖြင့် ဆုံးဖြတ်နိုင်သည်။ အသွင်ပြောင်းလဲရန် မျှော်မှန်းထားသော အခြေအနေမျိုးတွင် HCV ချဉ်းကပ်မှု တွင် စီမံခန့်ခွဲသူသည် HCVs များကို ဖော်ထုတ်နိုင်ရန် သင့်တော်သော ကြိုးပမ်းအားထုတ်မှုပေး ထားစေပြီး ကြိုတင်ကာကွယ်ရေး ချဉ်းကပ်မှုကိုလည်း အသုံးပြုရန် လိုအပ်သည်။လိုအပ်သော ဧရိယာသည် နေရာ၊ မြေပြင်ရှုခင်းကို ထိန်းသိမ်းရမည့် HCVs များကို ဖော်ထုတ်နိုင်ပါက ယင်းဧရိ ယာများကို တခြားအသုံးအတွက် အသွင်ပြောင်းခြင်းမပြုသင့်ပေ။ HCVs တန်ဖိုးများမရှိသော အချက်တစ်ခုတည်းဖြင့် သဘာဝဂေဟစနစ်များကို ပြောင်းလဲခြင်းကို မဆုံးဖြတ်သင့်ပေ။ ကာကွယ် စောင့်ရှောက်ရန် ထိုက်တန်သော တခြားသဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးတန်ဖိုးများရှိ နိုင်ပါသေးသည်။

12 http://www.hcvnetwork.org/resource-network/the-network-charter-May-2010/charter#guiding-principles

တစ်ချို့သော နိုင်ငံအစိုးရများသည် HCVsများလို တာဝန်သိစွာ စီမံခန့်ခွဲခြင်းတတ်ဖွံ့ဖြိုးမှုကို ပိုမို ဦးစားပေးတတ်ကြသည်။ သို့သော် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးအစီအစဉ်တွင် မန်နေဂျာများကို တရားဝင်သဘောတူညီချက်အလွန်ရှိ အပိုဆောင်းလိုအပ်ချက်ကို လုပ်ဆောင်ပေးရန်ပါ မျှော်လင့်ခံရတတ်သည်။ တစ်နည်းဆိုရသော် အတိုင်းအတာကြီးမားသော မြေယာအသွင်ပြောင်းလဲမှုကို လက်ခံထားလျှင်ပင် သို့မဟုတ် နိုင်ငံအစိုးရများက တွန်းအားပေးထားလျှင်ပင် စီမံခန့်ခွဲသူများသည် သက်ဆိုင်သော စီမံခန့်ခွဲယူနစ်အတွင်း HCVs များကို ထိန်းသိမ်းထားရန် တိုးတက်သော သေချာအောင် လုပ်ဆောင်ရမည်။

## ၂-၃ နေရာများနှင့် မြေပြင်ရှုခင်းများ

HCV သုံးသပ်မှုကို လုပ်ဆောင်ရန် ပထမဆုံးအဆင့်မှာ စီမံကိန်းအတွက် တိကျသောနေရာကို ရရှိရန် ဖြစ်သည်။ ၎င်းကဆိုလိုသည်မှာ စီမံကိန်းဧရိယာအတွက် မြေပုံနှင့် ပထဝီဆိုင်ရာ မျဉ်းများရရှိရန် ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းအားဖြင့် သုံးသပ်သူသည် စီမံကိန်းဧရိယာကို ပိုမိုကျယ်ပြန့်သော မြေပြင်ရှုခင်းတွင် ထားရှိနိုင်မည့်အပြင် အောက်ပါတို့ကို သိရှိနိုင်မည်။

၁။ ၎င်းနေရာသည် HCV သုံးသပ်မှုအတွက် သင့်တော်သော ရောက်ရှိနိုင်သောနေရာ ဖြစ်သည်။ မဖြစ်သည်။

၂။ မည်သည့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လူမှုရေးဆိုင်ရာ တန်ဖိုးများသည် စားပွဲပေါ် သုတေသနလုပ်ဆောင်မှု၊ အစဦးပါဝင်သူဆွေးနွေးပွဲများအပေါ် အခြေပြုနေသည်။

၃။ ပိုမိုကျယ်ပြန့်သော မြေယာအခင်းအကျင်းကို ထည့်သွင်းစဉ်းစားရန် ကာကွယ်စောင့်ရှောက်ထားသော ဧရိယာများအပေါ် အလားအလာရှိသော ရိုက်ခတ်မှုနှင့် ဒေသခံပြည်သူများ၏ သဘာဝရင်းမြစ်အဆုံးကို ရိုက်ခတ်မှုတို့ကို ထည့်သွင်းစဉ်းစားရန် ဖြစ်သည်။

### စီမံကိန်း၏နေရာသည် HCVs များအပေါ် ပြင်းထန်သော အန္တရာယ်ပေးသည်လော။

သက်ဆိုင်ရာ နိုင်ငံအပေါ်မူတည်၍ သစ်တောနှင့် စိုက်ပျိုးရေးစိုက်ခင်းများကို ပထဝီဆိုင်ရာ မျဉ်းဒီဂရီ ကွဲပြားစွာဖြင့် မြေယာအသုံးစီစဉ်ခြင်းဖြင့် နေရာချထားနိုင်သည်။ ၎င်းကဆိုလိုသည်မှာ တစ်ချို့သောအစိုးရများသည် ထုတ်လုပ်ရေး လုပ်ဆောင်ချက်အလိုက် ဇီဝမျိုးကွဲများ၊ စားကျက်များနှင့် ဒေသခံပြည်သူများအတွက် ပြင်းထန်သော ခြိမ်းခြောက်မှုများ ဖြစ်စေမည့် လုပ်ငန်းနေရာများကို နေရာချထားတတ်ကြသည်။ HCV သုံးသပ်သူများ၏ တာဝန်များထဲမှ တစ်ခုမှာ HCVRN ပဋိညာဉ်ကို အရေးပါသော တရားဝင်ဖြစ်မှု၊ မြေယာအသုံးပြုပိုင်ခွင့်နှင့် အသွင်ပြောင်းလဲရေးကိစ္စရပ်များ အဖြစ် ရှိသေလေးစားရမည်။ အကယ်၍ မြေပုံ၊ စားပွဲပေါ်သုတေသနနှင့် ပါဝင်သူဆွေးနွေးပွဲများအရ ဧရိယာတစ်ခုသည် ဖွံ့ဖြိုးတိုးတက်ရန် မသင့်တော်ကြောင်း ညွှန်ပြခံရလျှင် ဥပမာ အသစ်ကမ်းလှမ်းလိုက်သော စီမံကိန်းသည် ဇီဝမျိုးကွဲများ မြင့်မြင့်မားမား ရှိနေသည့်နေရာတွင် ရှိနေလျှင် သို့မဟုတ် ၎င်းနေရာသည် ကြီးမားသော အဆက်မပြတ်ရှိနေသည့် သဘာဝဂေဟစနစ် ဧရိယာ၏ အပိုင်းအစတစ်ခုအဖြစ် ပါဝင်နေလျှင်) HCV သုံးသပ်သူသည် ထိုစီမံကိန်းကို ဆက်လက်လုပ်ဆောင်မှုကို ရပ်တန့်စေသင့်သည်။ သို့သော် များပြားလှသော ကိစ္စရပ်များတွင် HCV သုံးသပ်သူသည် စားပွဲအခြေပြုသုတေသန ၊ တိုင်ပင်ဆွေးနွေးမှု၊ ကွင်းဆင်းလေ့လာချက်များကို စီမံကိန်းဧရိယာတွင် HCV ရှိ/မရှိနှင့် HCV ၏ တည်နေရာကိုသုံးသပ်ရန် ဆက်လက်လုပ်ဆောင်နိုင်ပါသည်။

### Considering the wider landscape





HCV သုံးသပ်မှုကို ကနဦးအားဖြင့် ထုတ်လုပ်ရေးနေရာအတိုင်းအတာဖြင့်သာ စတင်လုပ်ဆောင်သင့်သည် (ဥပမာ စီမံခန့်ခွဲရေးယူနစ်၊ သစ်တောစိုက်ခင်း၊ စိုက်ပျိုးရေးစိုက်ခင်း) သို့သော် ပိုမိုကျယ်ပြန့်သော မြေပြင်ရှုခင်းကိစ္စရပ်ကို လျစ်လျူရှုထားခြင်းသည် (ဥပမာ အိမ်နီးချင်းဧရိယာများတွင် လုပ်ဆောင်ချက်၊ ဒေသတွင်းရှိ မြေယာအသုံးအစီအစဉ်၊ ကာကွယ်စောင့်ရှောက်ရေးဧရိယာများ၏ တည်ရှိမှု၊ အခြေအနေချိတ်ဆက်နေသော တစ်ချို့သော HCVs များကို ခြိမ်းခြောက်ခြင်း၊ ပျက်ယွင်းစေသည်တို့ကို တိုးမြင့်စေနိုင်သည်။ တစ်ချို့သော HCVs များသည် မြေယာအခင်းအကျင်းအဆင့်တွင် ရှိပြီးသားဖြစ်ကြသည်။ (ဥပမာ မြေယာ အခင်းအကျင်းအဆင့် ဂေဟစနစ်နှင့် ရေပြင်တို့ဖြစ်သည်တစ်ခြား HCVs များမှာမူ ၎င်းတို့ဆက်လက်တည်ရှိနေစေရန် ပိုမိုကျယ်ပြန့်သော မြေပြင်ရှုခင်းရှိ သင့်တော်သော စားကျက်မြေအသွင်သဏ္ဌာန်များ ရှိနေမှုအပေါ်တွင် မှီတည်နေသည်။) (ဥပမာ တစ်ချို့အရေးကြီးသော ရေဆိုင်ရာ တန်ဖိုးများ မျိုးတုံးအန္တရာယ် ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များဦးရေ) ယင်းပိုမိုကျယ်ပြန့်သော မြေပြင်ရှုခင်း၏ အဓိကလူမှုရေးဆိုင်ရာ၊ ဇီဝဗေဒဆိုင်ရာ အသွင်လက္ခဏာများကို ရှင်းလင်းစွာဖော်ပြထားရမည်။ ၎င်းတွင် အောက်ပါအချက်အလက်များ ပါဝင်ရမည်။

- ကာကွယ်စောင့်ရှောက်ထားသော ဧရိယာ(ရှိပြီးသား သို့မဟုတ် စီစဉ်ထားသော)
- ဒေသတွင်း သို့မဟုတ် လက်အောက်ခံဒေသတွင်း ဇီဝပထဝီ ၎င်းသည် ကျဉ်းမြောင်းစွာ ကန့်သတ်ထားသော

ဇီဝပထဝီဆိုင်ရာ ဒေသများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် သုံးသပ်ခြင်းဖြစ်သည်။

- သဘာဝကောက်ပဲသီးနှံဇရိယာများ၏ တည်နေရာနှင့် အခြေအနေဂေဟစနစ် အမျိုးအစားများ၊ အရွယ်အစားနှင့် အရည်အသွေးဖော်ပြချက် ပါဝင်ရမည်။) မြေပြင်အတွင်းရှိ ကမ္ဘာ့တစ်ဝန်း စိတ်ဝင်စားခြင်းခံရသော မျိုးစိတ်ဦးရေနှင့် ၎င်းတို့၏ ရွှေ့ပြောင်းကျက်စားရာနေရာများရှိ
- မြေပြင်အတွင်းရှိ ကမ္ဘာ့တစ်ဝန်း စိတ်ဝင်စားခြင်းခံရသောခံရသော မျိုးစိတ်ဦးရေနှင့် ၎င်းတို့၏ ရွှေ့ပြောင်းကျက်စားရာနေရာများရှိ
- အဓိက ကုန်းမြေပုံသဏ္ဌာန်များ၊ ရေထု၊ မြစ်များ၊ ဘူမိဗေဒနှင့် မြေဆီလွှာများ
- လူသားများ အခြေချနေထိုင်မှုနှင့် ၎င်းတို့၏ အခြေခံအဆောက်အအုံများ၊ စိုက်ပျိုးရေး ဧရိယာများ
- လူမှုရေး အခြေအနေများ (မျိုးနွယ်စုများ၊ အဓိကလူမှုရေး ရေစီးများ ၊ မြေယာအသုံးချမှု လုပ်ဆောင်ချက်များ)
- History of land use and development trends, including future plans (e.g. spatial planning maps, development initiatives and existing/proposed commercial exploitation and production licenses)

### ဇယားဘောင်(၈)လွှမ်းမိုးမှုဧရိယာကိုအဓိပ္ပာယ်သတ်မှတ်ခြင်း

စီမံကိန်းတစ်ခု၏ လွှမ်းမိုးမှုဧရိယာ (ဥပမာ သစ်တောစီမံခန့်ခွဲရေးယူနစ်၊ စိုက်ပျိုးရေး စိုက်ခင်း)သည် ထုတ်လုပ်မှု လုပ်ဆောင်ချက်ကို ထောက်ပံ့ရန် ဖွံ့ဖြိုးအောင်လုပ်ဆောင်ထားသော အခြေခံ အဆောက်အအုံများကြောင့်ဖြစ်စေ၊ ပြောင်းလဲနိုင်သော အနှောင့်အယှက်များ (ဥပမာ မီးလောင်ကျွမ်းမှု) ကြောင့်ဖြစ်စေ၊ ဒေသခံလူ့အဖွဲ့အစည်းက ရင်းမြစ်အသုံးကို နေရာသစ်သို့ ပြောင်းရွှေ့ခြင်းကြောင့်ဖြစ်စေ၊ အကျိုးသက်ရောက်ခံရသော ပြင်ပနေရာများအထိ ချဲ့ထွင်နိုင်သည်။ ၎င်းတွင် ထုတ်လုပ်ရေးကျင့်ထုံးများကြောင့် ရေမြှင့် ဖြစ်ပွားနိုင်သော ရိုက်ခတ်မှုများ၏ အကျိုးသက်ရောက်မှုကို ခံရသော ဧရိယာများလည်း ပါဝင်သည်။ စီမံခန့်ခွဲသူများသည် ဖြစ်နိုင်သော အချိန်တိုင်းတွင် မြေပြင်ရှုခင်းအတွင်းရှိ အိမ်နီးချင်းမှာ အစဦးလုပ်ဆောင်သူများနှင့် ပူးပေါင်း ဆောင်ရွက်ရန်လည်း အကြံပေးထားသည်။ အထူးသဖြင့် ထိုသို့ပူးပေါင်းဆောင်ရွက်မှုသည် HCV စီမံခန့်ခွဲမှုကို တိုးတက်အောင် လုပ်ဆောင်နိုင်သောအခါတွင် ဖြစ်သည်။

## ၂-၄ HCV နည်းလမ်းများနှင့် အချက်အလက်ရင်းမြစ်များ

### ၂-၄-၁ နယ်ပယ်လေ့လာမှုလိုအပ်ချက်ကို သုံးသပ်ခြင်း

လုပ်ငန်း၏ အလားအလာရှိသော ရိုက်ခတ်မှုနှင့် ရရှိနိုင်သော ရင်းမြစ်ပေါ်မူတည်၍ စီမံခန့်ခွဲသူသည် HCV သုံးသပ်မှုအပြည့်အဝကို မလုပ်ဆောင်မီတွင် နယ်ပယ်လေ့လာမှုကို ပြုလုပ်ရသည်။ နယ်ပယ်လေ့လာမှုတစ်ခုသည် စီမံကိန်း၏ လွှမ်းမိုးမှုဧရိယာ၊ ရရှိနိုင်သော သတင်းအချက်အလက်နှင့် အစဦးပါဝင်သူ အရေးကိစ္စများကို ဖော်ထုတ်ရန် အကူအညီပေးနိုင်သည်။ ၎င်းသည် သုံးသပ်သူကို သတင်းအချက်အလက်ဟာကွက်များ၊ ဦးစားပေးအရာများ၊ ကွင်းဆင်းသုံးသပ်ရန်အတွက် နည်းလမ်းများအပြင် လိုအပ်သော အဖွဲ့ကိုလည်း ဖော်ထုတ်ပေးနိုင်ပါသည်။ နယ်ပယ်လေ့လာမှုတွင် အဓိကနေရာများကို တွေ့မြင်နိုင်ရန် ယေဘုယျကောက်ပဲသီးနှံအမျိုးအစားများကို သိရှိရန် ယင်းနေရာ၏ ကျိုးကြောင်းဆက်နွယ်မှုကို သိရှိရန်၊ဒေသခံလူ့အဖွဲ့ အစည်း ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများနှင့် စကားပြောဆိုရန် စီမံခန့်ခွဲရေးယူနစ်သို့ သွားရောက်လည်ပတ်ရန်လည်း ပါဝင်သည်။ အများပြည်သူဆိုင်ရာ ညနေရာများတွင် စီစဉ်ထားသော စီမံကိန်းများအတွက်မှု နယ်ပယ်လေ့လာမှုသည် အထူးအသုံးဝင်နိုင်ပါသည်။ ၎င်းဧရိယာမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တန်ဖိုးများကို ထိခိုက်မှုမရှိစေဘဲ ပြုပြင်ပြောင်းလဲ၍ ရနိုင်/ မရနိုင် ဆုံးဖြတ်ခြင်း၊ ၎င်းစီမံကိန်းမှာ ရှေ့ဆက်သင့်/မဆက်သင့် ဆုံးဖြတ်နိုင်ရန် ဖြစ်သည်။ တစ်ချို့သော ကိစ္စရပ်များ နယ်ပယ်လေ့လာမှုရလဒ်များအရ စီမံကိန်းကို ရပ်တန့်ရန်ဖြစ်လာပါက မြေပြင်စီမံကိန်းခန့်ခွဲသူသည် HCV သုံးသပ်မှုအပြည့်ကိုမလုပ်လိုက် ရိုက်ခတ်မှု သုံးသပ်ချက်ကို မလုပ်လိုက်ရခြင်းအတွက် ရင်းမြစ်များနှင့် ငွေများသက်သာနိုင်မည်ဖြစ်သည်။

### ၂-၄-၂ အစဉ်လိုက်စစ်ဆေးခြင်း

HCV ဖော်ထုတ်ခြင်းကို အစဉ်လိုက်စစ်ဆေးခြင်းချဉ်းကပ်မှုဖြင့် အကောင်းဆုံးလုပ်ဆောင်နိုင်ပါသည်။ (ကမ္ဘာ့တစ်ဝန်းဒေသဆိုင်ရာ နိုင်ငံဆိုင်ရာများကို HCV ၁-၃အဖြစ် ) သို့မဟုတ် ဒေသတွင်း အတိုင်းအတာ အချက်အလက်များ (HCV ၄-၆) စသည်ဖြင့် သင့်တော်သော ရည်ညွှန်းအတိုင်းအတာများမှ ရရှိသောအချက် အလက်များဖြင့် လုပ်ဆောင်နိုင်ပါသည်။ ၎င်းမှတဆင့် နေရာအဆင့်အထိ ဆင်းသက်လုပ်ဆောင်ရမည်ဖြစ်သည်။ ယင်းရည်ညွှန်းအတိုင်းမှာ ရှားပါးမှုကဲ့သို့သော တန်ဖိုးများကို ဖော်ထုတ်ခြင်း စသည့်အယူအဆများဖြစ်သည်။ ၎င်းမှာ မြေပုံဆွဲရန်အတွက် သတ်မှတ်ထားသော အတိုင်းအတာမဟုတ်ပါ။ ထိုကဲ့သို့သော အဆင့်မြင့်အချက်အလက်များသည် HCV ၄.၆ ဖော်ထုတ်ခြင်းကို အသိပေးနိုင်သည်။ ဥပမာ အရေးကြီးသော ယဉ်ကျေးမှုနေရာများ (ကမ္ဘာ့အမွေအနှစ်နေရာ) နိုင်ငံတွင်းလူဦးရေအချက်အလက်၊ အခြေခံအဆောက်အအုံများ၊ အခြေချနေထိုင်မှုများ၏ မြေပုံစသော ယေဘုယျအချက် အလက်များ ရှိနိုင်သည်။

ရည်ညွှန်းစကေး အချက်အလက်များသည် စီမံခန့်ခွဲရေးယူနစ်တွင် ဆုံးဖြတ်ချက်များချမှတ်ရန် လုံလောက်မည် မဟုတ်ပေ။ ၄င်းမှာ နေရာစကေးသုံးသပ်ချက်ကို လိုအပ်သည်။ သို့သော် ရည်ညွှန်း စကေးအားလုံးကို အရေးတကြီး အသုံးချရန် လိုအပ်ပြီး ဖြစ်နိုင်သော နေရာတွင် ကြိုတင်ကာကွယ်ရေးချဉ်းကပ်မှု (၂-၆-၂) ကို ထည့်သွင်းစဉ်းစားပြီး နှိုင်းယှဉ်သင့်သည်။ ရည်ညွှန်းစကေးမှ နေရာစကေးအထိ သုံးသပ်မှုတစ်ခုတွင် ထည့်သွင်းစဉ်းစားရန် သတင်းအချက်အလက် အဆင်ဆင့်ကို အောက်တွင်ဖော်ပြထားပါသည်။

*ပုံ(၂)တွင် မတူညီကွဲပြားသော သတင်းအချက်အလက်အဆင့်နှင့် အချက်အလက် ရင်းမြစ်များသည် မတူညီကွဲပြားသော စကေးများတွင် မည်သို့ အသုံးဝင်ပုံကို ပြသားထားသည်။ ဥပမာ ကမ္ဘာတစ်ဝန်းနှင့် ဒေသဆိုင်ရာ စကေးတွင် ကမ္ဘာလုံးဆိုင်ရာ စာရင်းများ ဦးစားပေးမှု မြေပြင် ရှုခင်းများကို ဇကာတင်ထားသော သတင်းအချက်အလက်များသည် အသုံးဝင်နိုင်သည်။ အကယ်၍ နိုင်ငံတွင်းအဆင့်သို့ ဆင်းသက် မည် ဆိုလျှင် သီးခြားနိုင်ငံများ၏ တန်ဖိုးများ အချက်အလက်များကို ကြည့်ရှုခြင်းသည် အသုံးဝင် နိုင်သည်။ နောက်ဆုံးတွင် HCV သုံးသပ်မှုကို နေရာစကေး (MU များ၊ စိုက်ခင်းများ) တွင် လုပ်ဆောင်မည်ဖြစ်ရာ ဒေသတွင်း စကေးရှိ အချက်အလက်များတွင် ကွင်းဆင်း စစ်တမ်း ကောက်ယူမှု အချက်အလက်များရှိပြီးသော လေ့လာချက်များ ပါဝင်နိုင်သည်။ ထို့ဖြစ်စဉ် တစ်ခုလုံးတွင် ပါဝင်သူ ဆွေးနွေးပွဲများသည် အလွန်အရေးပါပြီး ၄င်းတွင် ကမ္ဘာလုံးဆိုင်ရာ ကျွမ်းကျင်သူများ၊ နိုင်ငံတွင် အစိုးရမဟုတ် အဖွဲ့ အစည်းများနှင့် ဒေသခံပြည်သူများ ပါဝင်နိုင်သည်။*




## စနစ်တကျ ထိန်းသိမ်းရေးအစီအစဉ်

HCV အယူအဆသည် ထိန်းသိမ်းစောင့်ရှောက်ရေးကိစ္စရပ်၏ လက်ခွဲတစ်ခုကိုသာ ဖြေရှင်းပေးသည်ကိုသိရှိရန် အရေးကြီးသည်။ HCV ချဉ်းကပ်မှုကို ပိုမိုချဲ့ထွင်ထားသော အစီအစဉ်ဆွဲရေးချဉ်းကပ်မှုနှင့် အစားထိုးအသုံးမပြုသင့်ပေ။ HCV ချဉ်းကပ်မှုသည် ပိုမိုကျယ်ပြန့်သော ထိန်းသိမ်းရေးလုပ်ငန်းကို ပါဝင်လုပ်ဆောင်သည်။

ကြီးမားသောစကေးဖြင့် အစီအစဉ်ဆွဲခြင်းသည် အောက်ပါနည်းလမ်း(၃)ခုဖြင့် HCV သုံးသပ်မှုကို အသိပေးပါသည်။

၁. နေရာစကေးကို မည်မျှနက်ရှိုင်းစွာကြည့်နေရမည်ကို အသိပေးလျက် စိစစ်မှုတစ်ခုအနေဖြင့် လုပ်ဆောင်နိုင်ပါသည်။

၂. ယင်းခွဲခြမ်းစိတ်ဖြာလေ့လာမှုသို့ ထည့်သွင်းအသုံးပြုရသော အချက်အလက်များကို HCV သုံးသပ်မှုအတွက်လည်း အသုံးပြုနိုင်သည်။

၃. တစ်ချို့ကိစ္စရပ်များတွင် စနစ်တကျထိန်းသိမ်းရေးအစီအစဉ် SCPခွဲခြမ်းစိတ်ဖြာလေ့လာမှုဖြင့် ရရှိလာသော ဦးစားပေးအရာများကို HCV သုံးသပ်မှုတွင်လည်း ထည့်သွင်းနိုင်သည်။

ထိုဦးစားပေးအရာများကို ဖော်ထုတ်နိုင်ရန်သုံးသော စံနှုန်းများနှင့် နည်းလမ်းများကို နားလည်ရန်အရေးကြီးသည်။ ထို့ပြင် ထိုနည်းလမ်းများနှင့် HCV ချဉ်းကပ်မှုအကြား ကွဲပြားမှုများကိုလည်း သိရှိရန် အရေးကြီးသည်။ (ဥပမာ SCP လုပ်ဆောင်ချက်သည် နောက်ဆုံးအဖြေကို ထောက်ပံ့သော၊ ဖြည့်စွက်သောစွမ်းရည်ရှိသည့်နေရာမျိုးကို သာ ရွေးချယ်တတ်ပြီး ရွေးချယ်သောနေရာများသည် မြင့်မားတန်ဖိုးများရှိနေ၍ မဟုတ်ဘဲ ၄င်းတန်ဖိုးများက အခြားနေရာများကိုပါ ထောက်ပံ့ပေးသောကြောင့်ဖြစ်သည်။ ထို့ပြင် အချက်အလက်ဟာကွက်များကို သိရှိရန်အရေးကြီးပြီး အစီအစဉ်ဆွဲရေးလုပ်ငန်း၏ ရလဒ်များကို ဦးစားပေးအရာအဖြစ် မသတ်မှတ်ရန် အရေးကြီးသည်။)



အချက်အလက်များသည် HCVS များရှိနေမှု၊ အခြေအနေနှင့်တည်နေရာတို့ကို အသိပေးဆုံးဖြတ်နိုင်ရန် အသေးစိတ်ဖော်ပြထားရမည်။ နောက်မကျသော အချက်အလက်များ ဖြစ်ရမည်။ ပြည့်စုံရမည်။ အချက်အလက်ရင်းမြစ်များ၊ အချက်အလက်စုဆောင်းခြင်းများကို HCV အစီရင်ခံစာတွင်ရှင်းလင်းစွာဖော်ပြထားရမည်၊ ရည်ညွှန်းထားရမည်၊ အကျဉ်းချုံးထားရမည်။ (သင့်တော်ပါက annexes များဖြင့် ဖော်ပြထားရမည်၊ ထို့ပြင်၎င်းတို့သည် နောက်ခံနှင့်စားပွဲပေါ် သုတေသနများ၊ ကွင်းဆင်းအချက်အလက်စုဆောင်းမှုများနှင့် ကိုက်ညီရမည်။ HCVNIS များတည်ရှိနေပါက ၎င်းတို့ကို HCV ယေဘုယျလမ်းညွှန်ချက်များနှင့် ပူးတွဲအသုံးပြုရမည်။ HCVNI အဓိပ္ပာယ်သတ်မှတ်ချက်များ၊ လုပ်ဆောင်ချက်များကို ပြုပြင်ပြောင်းလဲရန် ဆုံးဖြတ်ပါက သို့မဟုတ် HCVNI အကြံပြုချက်များကို သွေဖယ်ရန် ဆုံးဖြတ်ပါက သင်တော်စွာရှင်းပြထားရမည်။)

အကဲဖြတ်မှုခေါင်းဆောင်နှင့် စီမံခန့်ခွဲသူသည် ရှာဖွေတွေ့ရှိနိုင်သော HCV နှင့် လုပ်ဆောင်ချက်များ၏ ရိုက်ခတ်မှုအစဦးဆုံးသုံးသပ်နိုင်ရန် လုံလောက်သော အချက်အလက်များစုဆောင်းရမည်။ ၎င်းသည် အကဲဖြတ်သူအဖွဲ့ဖွဲ့စည်းရန် ဆုံးဖြတ်ချက်များနှင့် ဖြေရှင်းပေးမည့် အချက်အလက်ဟာကွက်များကို ဆုံးဖြတ်ရန် လမ်းညွှန်မှုပေးလိမ့်မည်။ ထို့အပြင်အကဲဖြတ်မှုအတွက် လိုအပ်သော တိုင်ပင်ဆွေးနွေးမှု အတိုင်းအတာကိုလည်း လမ်းညွှန်ပေးလိမ့်မည်။ အစဦးအချက်အလက် စုဆောင်းမှုတွင် အောက်ပါတို့ ပါဝင်သင့် သည်။

၁။ စီမံကိန်းဧရိယာတည်နေရာနှင့် အရွယ်အစား (စီမံခန့်ခွဲရေးယူနစ်လုပ်ငန်း နှင့်စိုက်ခင်း).

၂။ မြေယာအသုံးနှင့်မြေယာဖုံးအုပ်မှုအမျိုးအစား

၃။ မြေယာအသုံးချပိုင်ခွင့် နှင့်ပိုင်ဆိုင်မှု

၄။ မြေပြင်ရှုခင်းအခြေအနေ မြေယာနှင့်ရင်းမြစ် အသုံးအပါအဝင်သေးငယ်သော စကေးနှင့် စက်မှုလုပ်ငန်းစကေးအထိပါဝင်သည်။ (ဥပမာ-အခြေချနေထိုင်မှု၊ သစ်တော၊ စိုက်ပျိုးရေး၊ အခြေခံအဆောက်အအုံ) စီမံကိန်းဧရိယာပတ်ဝန်းကျင်ရှိ

၅။ ဒေသဆိုင်ရာမြေယာနှင့် ရင်းမြစ်အသုံးအစီအစဉ်ရှိနေမှုနှင့်အခြေအနေ

၆။ မြေပြင်ရှုခင်းအတွင်းရှိ ကာကွယ်စောင့်ရှောက်ရေးထားသော ဧရိယာများ၏ ရှိနေမှုနှင့် အခြေအနေ

၇။ မြေပြင်ရှုခင်းအတွင်းရှိ ဂေဟာစနစ်များဖြန့်ဝေထားရှိခြင်းနှင့် ချိတ်ဆက်နေခြင်း။ သုံးသပ်မှုဧရိယာအတွင်းသို့ ဝင်ရောက်နိုင် ထွက်ခွာနိုင်သော

၈။ မြေဆီလွှာနှင့် ဘူမိဗေဒ

၉။ ရေစီးဆင်းမှုမြေပုံနှင့် ရေအထောက်အပံ့နှင့် အရည်အသွေးကို ထိန်းသိမ်းပေးနိုင်သော နေရာ၏အရေးပါမှု၊

လုပ်ငန်း၏ ရိုက်ခတ်မှု၊ စကေးများနှင့်အညီ အချက်အလက် ဟာကွက်များကို ဖြည့်ရန်

သင့်တော်သောကြိုးပမ်းအားထုတ်မှု ရှိရမည်၊ အချက်အလက်များ သည် မပြည့်စုံပါက ကျွမ်းကျင်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း။ ကွင်းဆင်းဆုံးဖြတ်ခြင်း (ကြီးမားသော နေရာတစ်ခုမှ နမူနာနေရာတစ်ခုကို သွားရောက်လည်ပတ်ဆွေးနွေးခြင်း) တို့သည် အရေးကြီးပါသည်။ အကယ်၍ နေရာတစ်ခုလုံးနှင့် လွှမ်းမိုးမှု နေရာအားလုံးကို စစ်တမ်းကောက်ယူရန် မဖြစ်နိုင်ပါက ကွင်းဆင်းဆုံးဖြတ်ခြင်းကို HCVs ရှိနေရန် ဖြစ်နိုင်ချေအများဆုံးနေရာများတွင်သာ အာရုံစိုက်ရမည်၊ အချက်အလက်များညံ့ဖျင်းပါက ကြိုတင်ကာကွယ်ရေးမှုများကို အသုံးချရမည်၊ တစ်စုံတစ်ရာသော မျိုးစိတ်တစ်ခုသည် စီမံခန့်ခွဲရေးယူနစ်အတွင်းတွင် ရှိနေသည်ဟုယူဆပါက စီမံခန့်ခွဲရေးလုပ်ဆောင်ချက်သည် ၎င်းမျိုးစိတ်ရှိနေမှုကို ထိန်းသိမ်းရန်သာ ဖြစ်သည်၊ ကွင်းဆင်းဆုံးဖြတ်ချက် လုပ်ဆောင်ရန် မလိုပေ၊ အခြားတစ်ဖက်ကလည်းပဲ စားပွဲပေါ်လေ့လာမှုက HCV တန်ဖိုးတစ်ခုရှိထားသည် ဟုဆိုသော်လည်း စီမံခန့်ခွဲသူသည် ယင်းတန်ဖိုးသည် မရှိကြောင်းအခိုင်အမာပြောနေလျှင် သုံးသပ်သူသည် ယင်းတန်ဖိုးသည် မရှိကြောင်း အခိုင်အမာပြောနေလျှင် သုံးသပ်သူသည် ၎င်းကို ကွင်းဆင်းလေ့လာသင့်သည်၊ ၎င်းတို့တွင် တစ်စုံတစ်ရာသော စားကျက်မြေများရှိနေ၏လော သွယ်ဝိုက်၍စုံစမ်းခြင်း၊ ယင်းမျိုးစိတ်ကို ဒေသခံတစ်ဦးက တွေ့ကြုံဖူး၏လော စသည်ဖြင့်ဖြစ်သည်။

*13 It is sometimes useful to conduct a scoping study, especially in new sites, to gather local information and ensure that preparations are adequate for a full assessment.*

## ၂-၅ သက်ဆိုင်သူများနှင့် ဆွေးနွေးတိုင်ပင်ခြင်း

HCV အကဲဖြတ်သူများ၏ အရေးပါသော အခန်းကဏ္ဍများမှ တစ်ခုမှာ HCV သုံးသပ်မှု လုပ်ငန်းစဉ်တစ်လျှောက်တွင် ကျွမ်းကျင်သူများ၊ ဒေသခံလူ့အဖွဲ့အစည်းများနှင့် အခြား ပါဝင်သူများ ပါဝင်စေခြင်းဖြစ်သည်။

သက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းသည် အောက်ပါတို့အတွက် အသုံးဝင်နိုင်သည်။

၁။ HCVs တန်ဖိုးတစ်ခုရှိ/မရှိကို သုံးသပ်သူကို အသိပေးရာတွင် အထောက်အကူ ဖြစ်စေနိုင်သည်။

၂။ စီမံခန့်ခွဲသူကို (အတိုင်ပင်ခံ)ကို HCVတန်ဖိုးများကို ထိန်းသိမ်းနိုင်စေရန် သင့်တော် သော စီမံခန့်ခွဲရေးအဖွဲ့ကို ဖန်တီးနိုင်စေသည်။

၃။ ဒေသတွင်းမှ ပါဝင်သူများကို HCV တန်ဖိုးတစ်ခုရှိနေသည်ကို အသိပေးနိုင်သည်။ ထို့ပြင် ထိုတန်ဖိုးကို ထိန်းသိမ်းနိုင်ရန် တစ်စုံတစ်ရာသော အရေးယူလုပ်ဆောင်မှု လိုအပ်မည်ကို အသိပေးနိုင်သည်။ ဥပမာ- ဖယ်ထားသော သို့မဟုတ် အမဲလိုက်ကင်းမဲ့ဇုန်

အကဲဖြတ်သူအများအပြားသည် သက်ဆိုင်သူ အများအပြားနှင့် တရားတွင် ပါဝင်သူဆွေးနွေးပွဲ ကျင်းပလေ့ရှိသည်။ တခြားအကဲဖြတ်သူများသည် မတူညီကွဲပြားသော အဖွဲ့အစည်းများမှ မတူညီကွဲပြားသော ပါဝင်သူများနှင့် သီးခြားစီ ဆွေးနွေးလိုကြသည်။ သို့မဟုတ် မတူညီကွဲပြားသော ကျွမ်းကျင်မှု၊ ဗဟုသုတရှိသော ပါဝင်သူများနှင့် သီးခြားစီဆွေးနွေး လိုသည်။ တိုင်ပင်ဆွေးနွေးမှုအဆင့်သည် မြေယာပိုင်ဆိုင်မှုပုံစံများပေါ်တွင် မူတည်နေ ပါသည်။ပုဂ္ဂလိကမြေယာ ပိုင်ဆိုင်သူတစ်ဦးသည် HCV တစ်ခုကို ဖော်ထုတ်ထားပြီး ပြည့်စုံစွာ ကာကွယ်ထားပါက ဒေသခံလူ့အဖွဲ့အစည်း၊ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးရန် အနည်းငယ်သာလိုအပ်မည်။ လုပ်ဆောင်ချက် သည် ထိုအဖွဲ့အစည်းများအတွက်ပါ အကျိုးသက်ရောက်မည်မဟုတ်လျှင် ဖြစ်သည်။ သို့သော် အများပိုင်မြေယာများတွင် လုပ်သော စီမံကိန်းများအတွက်မူ ပါဝင်သူဆွေးနွေးပွဲ များမှာ လိုအပ်သည်။

တိုင်ပင်ဆွေးနွေးမှုမတိုင်မီတွင် ပထမဆုံးအဆင့်မှာ အလားအလာရှိသော ပါဝင်သူများကို ဖော်ထုတ်ရန်ဖြစ်သည်။ ထိုသို့ ပြုလုပ်ရာတွင် မျှော်လင့်ထားသော HCV၏ သဘောသဘာဝနှင့် အားနည်းမှုအပြင် ၄င်းရင်ဆိုင်ရသော အန္တရာယ်နှင့် ခြိမ်းခြောက်မှု များကို ထည့်သွင်းစဉ်းစားရမည်။ တိုင်ပင်ဆွေးနွေးမှု လိုအပ်ချက်ပမာဏသည် စီမံခန့်ခွဲမှု လုပ်ဆောင်ချက်ရိုက်ခတ်မှု၏ အတိုင်းအတာ၊ ပြင်းအားနှင့် အန္တရာယ်အပေါ် မူတည်၍ ပြောင်းလဲနိုင်သည်။

### ဇယားဘောင်(၉) အလားအလာရှိသော ပါဝင်သူများစာရင်း

အလားအလာရှိသော လုပ်ဆောင်ချက်၏ တိုက်ရိုက်အကျိုးသက်ရောက်မှုကိုခံရသော ပါဝင်သူများကို ဖော်ထုတ်ပါ။ (ဥပမာ- သစ်တော၊ စိုက်ပျိုးရေးစသည်) ယေဘုယျနမူနာများမှာ

- ဂေဟစနစ်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို အသုံးပြုနေသော ဒေသတွင် လူ့အဖွဲ့အစည်း
- ယင်းလူ့အဖွဲ့အစည်း (အကာက်မှ)ကို ကိုယ်စားပြုသော အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များ
- ဖွံ့ဖြိုးရေးလုပ်ဆောင်ချက်များ အပြောင်းအလဲဖြစ်ပေါ်နိုင်သည့် သဘာဝရင်းမြစ်များကို
- တရားဝင်ခွင့်ပြုချက်ဖြင့် စီးပွားဖြစ် အသုံးပြုနေသူများ
- ပိုမိုကျယ်ပြန့်သော အများပြည်သူကို ကိုယ်စားပြုသော သို့မဟုတ် ဂေဟစနစ်များကို စီမံခန့်ခွဲပုံကို စိတ်ဝင်စားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ အဖွဲ့ အစည်းများ၊ ပညာရေးအဖွဲ့အစည်းများ၊ သုတေသနအဖွဲ့အစည်းများ
- အစိုးရအဖွဲ့အစည်းများကို တိုက်ရိုက်အကျိုးမသက်ရောက်လျှင်ပင် ဆွေးနွေးချက်များနှင့် ပတ်သက်ပြီး အသိပေးသင့်သည်။




အဓိကသက်ဆိုင်သူများကို HCV အကဲဖြတ်ချက်တစ်ခုလုပ်ဆောင်နေကြောင်း အသိပေးရမည်ဖြစ်ပြီး ၎င်းတို့တွင်လည်း ပါဝင်ဆောင်ရွက်ရန် အခွင့်အလမ်းတစ်ခုရှိကြောင်း အရေးကိစ္စများကို ဖော်ထုတ်ပြောဆိုရန် နည်းလမ်းများရှိကြောင်း အသိပေးထားရမည်။ ပါဝင်သူများ၏ ပါဝင်ဆောင်ရွက်မှုသည် ပုံစံအမျိုးမျိုးဖြင့် ရှိနိုင်သည်။ အစီအစဉ်ဆွဲရာတွင်ဖြစ်စေ၊ သုံးသပ်သူအဖွဲ့နှင့် တိုက်ရိုက်ပါဝင် ပတ်သက်ခြင်းဖြစ်စေ၊ သုံးသပ်ရေးတွေ့ဆုံပွဲများတွင် ပါဝင်ခြင်း၊ တိုင်ပင်ဆွေးနွေးမှုများတွင် ပါဝင်ခြင်း၊ သုံးသပ်မှုရလဒ်များကို စိစစ်ခြင်းတို့ ပါဝင်သည်။ တိုင်ပင်ဆွေးနွေးမှုသည် မတူညီကွဲပြားသော အမြင်များကို စုစည်းမိစေပြီး HCV တန်ဖိုးများတွင် မည်သည်တို့ ပါဝင်မည်ဆိုသည်ကို သဘောတူညီမှု ရရှိစေနိုင်သည်။ တိုင်ပင်ဆွေးနွေးမှု၏ ထိရောက်မှုနှင့်အောင်မြင်မှုကို ၎င်းသည် အမြင်များ အားလုံး၏ အများစုကို ကိုယ်စားပြုသလော ဆီလျော်သော သတင်းအချက်အလက်များ အများစုကို ကိုယ်စားပြုသလော စသည်အပေါ် မူတည်သည်။ တိုင်ပင်ဆွေးနွေးမှုတွင် အဆင်သင့်ရရှိနိုင်သော သတင်းအချက်အလက်များ၊ အမြင်များ ထည့်သွင်းမထားပါက ယင်းတိုင်ပင်ဆွေးနွေးမှု လုပ်ငန်းစဉ်ကို ကန့်ကွက်နိုင်သည်။ HCV သုံးသပ်မှု အစီရင်ခံစာတွင် ဆီလျော်သော ပါဝင်သူများအားလုံးကို တိုင်ပင်ဆွေးနွေးထားသော ၎င်းတို့ပေးသော အမြင်များ၊ သတင်းအချက်အလက်များကို သင့်တော်သော လုပ်ငန်းစဉ်တွင် ထည့်သွင်းထားသော သက်သေအထောက်အထားများ ပါဝင်ရမည်။ တိုင်ပင်ဆွေးနွေးခံများကိုလည်း အဆုံးသတ်ကောက်ချက်နှင့် ပတ်သက်ပြီး တုံ့ပြန်မှုပေးရမည်။

## ၂.၆ သုံးသပ်မှု တွေ့ရှိချက်များကို အဓိပ္ပါယ်ဖော်ခြင်း

HCVs အခြေအနေကို ဆုံးဖြတ်ခြင်း (HCV ရှိနေသည်၊ ရှိရန် အလားအလာရှိသည် သို့မဟုတ် မရှိ)သည် သုံးသပ်မှုတွေ့ရှိချက်ကို အဓိပ္ပါယ်ဖော်ခြင်းမှ ရရှိလာခြင်းဖြစ်သည်။ ၎င်းသည် အပြန်အလှန်အနေဖြင့် တရားဝင် HCV အဓိပ္ပါယ်သတ်မှတ်ချက်များကို အဓိပ္ပါယ် ဖော်ခြင်းလည်း လိုအပ်သည်။ ထို့ပြင် ရရှိနိုင်သော သတင်းအချက်အလက် ရင်းမြစ်ကို သင့်တော်စွာ အသုံးချခြင်းလည်း လိုအပ်သည်။

### ၂.၆.၁ ထူးခြားသော တန်ဖိုးများကို အသိအမှတ်ပြုခြင်း

ထူးခြားသော တန်ဖိုးဆိုသည်မှာ ဒေသတစ်ခုအတွင်းရှိ တခြားသော နမူနာများနှင့် နှိုင်းယှဉ်လျှင် ၎င်းတို့၏ အရွယ်အစားအရေအတွက်၊ ကြိမ်နှုန်း၊ အရည်အသွေး၊ သိပ်သည်းဆနှင့် လူမှုစီးပွားရေးဆိုင်ရာ အရေးပါမှုများအရ ထူးခြားသည်ဟု အသိအမှတ်ပြုခံရသော တန်ဖိုးများဖြစ်သည်။ ၎င်းမှာ လက်ရှိဦးစားပေးစာရင်းများ၊ အချက်အလက်များနှင့် မြေပုံများ၊ ကွင်းဆင်းလေ့လာမှုများ၊ HCV သုံးသပ်မှုတွင် တိုင်ပင်ဆွေးနွေးမှုများကို အခြေပြု၍ ဆုံးဖြတ်ခြင်းဖြစ်သည်။ ထူးခြားမှုကို ဆုံးဖြတ်ရန်အတွက် ဆုံးဖြတ်ချက်များကို ကျယ်ပြန့်စွာ လက်ခံထားသော ဇီဝပထဝီ ဆိုင်ရာ သို့မဟုတ် လူမှုဆိုင်ရာ ယူနစ်များအဖြစ် တစ်ဆယ်ဟက်တာမှ ဟတ်တာသန်းတစ်ရာအတွင်းရှိ ယူနစ်များကို အခြေခံရမည်။ ထို့ပြင် ၎င်းအရွယ်အစားရှိသည့်နိုင်ငံရေး၊ အမျိုးသားရေးနှင့် ခရိုင်ဆိုင်ရာ ယူနစ်များ (ဥပမာ WWF ဂေဟဒေသ) သို့မဟုတ် တူညီသော မြေယာအမျိုးအစားခွဲခြားခြင်းအပြင် ဇီဝမျိုးကွဲများ နှင့် ကောက်ပဲသီးနှံ ပုံစံများအပေါ် အခြေပြု၍ ဆုံးဖြတ်သည်။ မြေယာရှင်ရင်းမြစ်ပိုင်ဆိုင်သူများနှင့် စီမံခန့်ခွဲသူများသည် ထိုထူးခြားမှုများကို





အသိအမှတ်ပြုကာ သတ်မှတ်ရမည်။ ထို့ပြင် HCV အခြေအနေ များကိုလည်း အောက်ပါလုပ်ငန်းစဉ်များကို အခြေခံကာ အသိအမှတ်ပြု သတ်မှတ်ရမည်။

က) နိုင်ငံတကာအေဂျင်စီများ (ဥပမာ IUCN အနီရောင်အဆင့် သတ်မှတ်ချက်၊ UNESCO ၏ ကမ္ဘာ့အမွေအနှစ်နေရာ၊ Key Biodiversity Area (KBA) အဓိက ဇီဝမျိုးကွဲများရှိရာနေရာ စသည်တို့က သတ်မှတ်ထားသော သတ်မှတ်လျာထားချက်များ၊ အမျိုးအစား အဆင့်သတ်မှတ်ချက်များ အသိအမှတ်ပြုထားသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အခြေအနေများ

ခ) နိုင်ငံတွင် သို့မဟုတ် ဒေသတွင် အာဏာပိုင်များ၏ သတ်မှတ်လျာထားချက်များ နာမည်ရပြီးသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ (NGOS) (ဥပမာ ဇီဝမျိုးကွဲများဆိုင်ရာ ညီလာခံ Convention on Biological Diversity (CBD) တွင် စာရင်းပေးသွင်းထားသော နိုင်ငံများအားလုံးသည် မျိုးစိတ်များလုပ်ဆောင်မှုအစီအစဉ်၊ နိုင်ငံတွင် အသိအမှတ်ပြုထားသော ကာကွယ်စောင့်ရှောက်ခံ ဧရိယာနှင့် နိုင်ငံတွင်း ကာကွယ်စောင့်ရှောက်ထားသော မျိုးစိတ်စာရင်းတို့ပါဝင်သော ဇီဝမျိုးကွဲဆိုင်ရာ မဟာဗျူဟာများ ရှိရမည်။

ဂ) သီးခြားHCV တန်ဖိုးများကို ကွင်းဆင်းလေ့လာမှုများ၊ ကျွမ်းကျင်သူ တိုင်ပင်ဆွေးနွေးမှုများဖြင့် သတ်မှတ်လျာထားခြင်း

ဃ) မိမိအလိုအရ သတ်မှတ်လျာထားခြင်း (ဥပမာ သစ်တော်ဌာန၊ စိုက်ပျိုးရေးဌာန) တခြားသော အေဂျင်စီများက တရားဝင် အသိအမှတ်မပြုထားလျှင်ပင် သိရှိထားသော သံသယရှိသော၊ အစီရင်ခံထားသော တန်ဖိုးများနှင့် ပတ်သက်ပြီး ရရှိနိုင်သော အချက်အလက်နှင့် တိုင်ပင်ဆွေးနွေးမှုများကို အခြေပြု၍ လုပ်ဆောင်ခြင်းဖြစ်သည်။

HCV ၁၊၂၊၃ များအတွက်မူ တန်ဖိုးများသည် နိုင်ငံတွင်း သို့မဟုတ် ဒေသတွင်း စကေးဖြင့် ထူးခြားနေရမည်။ HCV ၄၊၅၊၆ တို့မှာမူ ၎င်းတို့ကို အမှီပြုနေသော လူ့အဖွဲ့အစည်းအတွက် ထူးခြားနေရမည်။ ထိုသို့ဖြင့် ၎င်းတို့သည် မည်သည့် စကေးနှင့်မျှ နှိုင်းယှဉ်၍မရပေ။ သို့သော် လူ့အဖွဲ့အစည်းအတွက် အစားထိုးမရနိုင်မှုတစ်ရပ်အဖြစ် ရှိနေရမည်။

## ၂.၆.၂ ကြိုတင်ကာကွယ်ရေး ချဉ်းကပ်မှုကို အသုံးပြုခြင်း

ကြိုတင်ကာကွယ်ရေးချဉ်းကပ်မှု Precautionary Approach က ဆိုလိုသည်မှာ သဘာဝပတ်ဝန်းကျင်ကို ပြင်းထန်သော ပြန်ပြုပြင်၍ မရနိုင်သော အပျက်အဆီးတစ်ခုဖြင့် ခြိမ်းခြောက်ခံရသောအခါ သို့မဟုတ်လူသားများ၏ ကောင်းကျိုးကို ခြိမ်းခြောက်ခံရသောအခါ တာဝန်ရှိသော အဖွဲ့အစည်းများသည် သိပ္ပံနည်းကျ သတင်းအချက်အလက်များက မပြည့်စုံဖြစ်စေ၊ တန်ဖိုးများ၏ အားနည်းမှု၊ ထိုခိုက်လွယ်မှုက မသေချာသည်ဖြစ်စေ ထိုအပျက်အဆီး ထိုအန္တရာယ်ကို ကာကွယ်ရန် ထိရောက်သော အရေးယူဆောင်ရွက်မှု ရှိရမည်။ HCV အမည်ဖော်ထုတ်ခြင်း ကိစ္စရပ်တွင် ၎င်းက ဆိုလိုသည်မှာ HCV တစ်ခု ရှိနေသည်ဟု ကျိုးကြောင်းဆီလျော်စွာ ညွှန်ပြမှုတစ်ခုရှိနေပြီဆိုလျှင် သုံးသပ်သူသည် ယင်း HCV ရှိနေသည်ဟူ၍သာ ယူဆရမည်။

လုပ်ဆောင်မှုတွင် ၎င်းကဆိုလိုသည်မှာမူ အခြေအနေနှင့် ကြံရွယ်ထားသော မြေ၊ ရေ အသုံးပြုမှု အပေါ်တွင်မူ မူတည်သည်။ စိုက်ပျိုးရေး စသော မြေယာအသွင်ပြောင်းခြင်းကိစ္စရပ်တွင်မူ ယင်းခြိမ်းခြောက်မှုများသည် စားကျက်မြေအနောက်အယှက်နှင့် အရည်အသွေးကျဆင်းမှုကိုသာ ကန့်သတ်ထားသော ဖွံ့ဖြိုးရေးကိစ္စရပ်ထက် ပိုမိုပြင်းထန်သည်။ စားကျက်မြေများပျောက်ဆုံးမှု သို့မဟုတ် ဒေသခံများ၏ ရင်းမြစ်အသုံးနေရာပြောင်းရွှေ့မှုတို့ ဖြစ်နိုင်ချေများသောအခါတွင် ကြိုတင်ကာကွယ်ရေး ချဉ်းကပ်မှုသည် ပိုမိုအရေးပါလာသည်။ သုံးသပ်သူများသည် သီးခြား HCV တစ်ခုကင်းမဲ့မှုကို ရှင်းလင်းစွာ သက်သေပြနိုင်သည်အထိ အချက်အလက်များကို ရှာဖွေကာ ကျွမ်းကျင်သူ အကြံပေးချက်များ ရယူပြီး သံသယများကို ဖြေရှင်းရန်ကြိုးစားရမည်။ ဤလမ်းညွှန်စာအုပ်၏ ဖော်ပြချက်များ၊ ဥပမာများတွင် မပါဝင်သော တန်ဖိုးများအတွက် HCV အခြေအနေများကို ဖော်ပြပေးခြင်းကို ရှောင်ရှားသင့်သည်။











14 See Precautionary Approach, FSC P&C Glossary V 5.0





Part II တွင် HCV (6)မျိုး၏ အသေးစိတ်အဓိပ္ပါယ် သတ်မှတ်ချက်များ၊ အဓိပ္ပါယ်ဖော်ခြင်းနှင့် အမည်ဖော် ခြင်းတို့အပေါ် လမ်းညွှန်မှုများ ပေးထားပါသည်။ Part II တွင် HCVs များအတွက် အလားအလာရှိသော အချက်အလက်ရင်းမြစ်များနှင့် ညွှန်ပြသောအရာများ ပါဝင်သည်။ ထို့ပြင် HCV အမျိုးအစားတစ်ခုစီအတွက် သရုပ်ဖော်ပြသသော နမူနာလေ့လာချက်များကို ပေးထားပါသည်။





# အပိုင်းနှစ်


| | | | |
|---|---|---|---|
| ၃။ HCVS (၆) မျိုးကို အမည်ါဖော်ပြခြင်း | | | 25 |
| ၃.၁ | HCVS ၁ မျိုးစိတ်များ မျိုးစုံကွဲပြားခြင်း | | 25 |
| | ၃.၁.၁ | အဓိက အခေါ်အဝေါ်များနှင့် အယူအဆများ | 25 |
| | ၃.၁.၂ | ညွှန်ပြသော အရာများနှင့် အချက်အလက်ရင်းမြစ်များ | 27 |
| | ၃.၁.၃ | နမူနာပြ လေ့လာမှု | 29 |
| ၃.၂ | HCV ၂ မြေယာအခင်းအကျင်းအဆင့် ဂေဟစနစ်နှင့် အပြင်အဆင် | | 30 |
| | ၃.၂.၁ | အဓိက အခေါ်အဝေါ်များနှင့် အယူအဆများ | 30 |
| | ၃.၂.၂ | ညွှန်ပြသော အရာနှင့် အချက်အလက်ရင်းမြစ်များ | 31 |
| | ၃.၂.၃ | နမူနာပြ လေ့လာမှု | 33 |
| ၃.၃ HCV ၃ ဂေဟစနစ်နှင့် စားကျက်များ | | | 34 |
| | ၃.၃.၁ | အဓိက အခေါ်အဝေါ်များနှင့် အယူအဆများ | 34 |
| | ၃.၃.၂ | ညွှန်ပြသော အရာနှင့် အချက်အလက်ရင်းမြစ်များ | 35 |
| | ၃.၃.၃ | နမူနာပြ လေ့လာမှု | 36 |
| ၃.၄ | HCV ၄ ဂေဟစနစ်ဝန်ဆောင်မှု ပေးခြင်း | | 37 |
| | ၃.၄.၁ | အဓိက အခေါ်အဝေါ်များနှင့် အယူအဆများ | 37 |
| | ၃.၄.၂ | ညွှန်ပြသောအရာနှင့် အချက်အလက်ရင်းမြစ်များ | 40 |
| | ၃.၄.၃ | နမူနာပြလေ့လာမှု | 41 |
| ၃.၅ | HCVR ၅ လူ့အဖွဲ့အစည်း၏ လိုအပ်ချက်များ | | 42 |
| | ၃.၅.၁ | အဓိက အခေါ်အဝေါ်များနှင့် အယူအဆများ | 42 |
| | ၃.၅.၂ | ညွှန်ပြသော အရာနှင့်အချက်အလက်ရင်းမြစ်များ | 44 |
| | ၃.၅.၃ | နမူနာပြလေ့လာမှု | 47 |
| ၃.၆ | HCV ၆ | ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးများ | 48 |
| | ၃.၆.၁ | အဓိက အခေါ်အဝေါ်များနှင့် အယူအဆများ | 48 |
| | ၃.၆.၂ | ညွှန်ပြသော အရာနှင့် အချက်အလက်ရင်းမြစ်များ | 49 |
| | ၃.၆.၃ | နမူနာ လေ့လာမှု | 51 |
| ၄။ HCV သုံးသပ်ချက် အစီရင်ခံစာ ပြင်ဆင်ခြင်း။ | | | 53 |





အပိုင်း(၃)တွင် HCV အမျိုးအစား (၆)မျိုးကို အသေးစိတ် ဖော်ပြထားသည်။ HCV တစ်ခုချင်းစီအတွက် အဓိပ္ပါယ်သတ်မှတ်ချက်များကို ပေးထားပြီး ထို့နောက်တွင် ၎င်းအဓိပ္ပါယ်သတ်မှတ်ချက်များအထဲရှိ အဓိကအခေါ်အဝေါ်များနှင့် အယူအဆများကို အဓိပ္ပါယ်ဖော်ထုတ်ခြင်းကို ဖော်ပြထားသည်။ HCV အဖြစ် အရည်အချင်းပြည့်မီမည်ဖြစ်သော တန်ဖိုးနမူနာများကို HCV(၆) မျိုးစလုံးအတွက် ဖော်ပြထားသည်။ အသုံးဝင်သော အချက်အလက်များနှင့် ညွှန်ပြသော အရာများအတွက် အကြံပေးချက်များကို ဖော်ပြထားသည်။ (ဥပမာ မည်သည်ကို ရှာဖွေရမည်၊ HCV ရှိနေမှုကို မည်သည်က အချက်ပြပေးနိုင်သည်) မတူညီကွဲပြားသော ဂေဟစနစ်များတွင် HCVs များကို မည်သို့ အမည်ဖော်ထုတ်ရမည်ကို သရုပ်ဖော်ပြသရန် HCV သုံးသပ်ချက်မှ အကျဉ်းချုံးနမူနာကို အသုံးပြုနိုင်သည်။



# HCVs (၆)မျိုးကို အမည်ဖော်ထုတ်ခြင်း



## ၃.၁ HCVs မျိုးစိတ်များ ကွဲပြားစွာရှိနေမှု

HCV အဓိပ္ပါယ်သတ်မှတ်ချက်တွင် စာလုံးမဲဖြင့် ဖော်ပြထားသော စကားလုံးများကို အဓိကအခေါ်အဝေါ်နှင့် အယူအဆများဟုသော ခေါင်းစဉ်အောက်တွင် HCV တစ်ခုစီအတွက် ဖော်ပြထားသည်။

> ကမ္ဘာ့လုံးဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံတွင်းအဆင့်များတွင် ထူးခြားစွာရှိနေသော ပေါ်များနေသည့်မျိုးစိတ်များ၊ ရှားပါးပြီး မျိုးတုံးမည့် အန္တရာယ်ကျရောက်နေသော မျိုးစိတ်များအပါအဝင် ဇီဝဆိုင်ရာ မျိုးကွဲများ စုစည်းတည်ရှိနေမှု



### ၃.၁.၁ အဓိကအခေါ်အဝေါ်များနှင့် အယူအဆများ

**ဇီဝဆိုင်ရာမျိုးကွဲများ စုစည်းတည်ရှိနေမှု**
HCV၁တွင် ထူးခြားသော ဇီဝမျိုးကွဲများ စုစည်းတည်ရှိနေမှု ပါဝင်သည်။

- တခြားသော ဧရိယာများနှင့် နှိုင်းယှဉ်လျှင် (တူညီသောနိုင်ငံတစ်ခုတည်းတွင် သို့မဟုတ် ကြီးမားသော နိုင်ငံများတွင် ပြည်နယ်များ၊ ခရိုင်များစသော ပိုမိုသေးငယ်သည့် အုပ်ချုပ်ရေးဧရိယာများသည် ၎င်းနှင့်တူညီသော အရွယ်အစားရှိသည့် ဇီဝပထဝီဆိုင်ရာ ယူနစ်များနှင့် နှိုင်းယှဉ်လျှင် ပိုမိုသင့်တော်သော ရည်ညွှန်းယူနစ်ဖြစ်နေသည်။
- ဦးစားပေးမှုဘောင်ကို အခြေပြု၍ သို့မဟုတ် ကွင်းဆင်းသုံးသပ်ချက်များနှင့် တိုင်ပင်ဆွေးနွေးမှုများ မှတဆင့်

HCV ၁ မျိုးစိတ်များ ထူးခြားစွာ စုစည်းတည်ရှိနေသော (RTE သို့မဟုတ် ပေါကြွယ်ဝနေ သော မျိုးစိတ်များ) ဧရိယာသို့မဟုတ် ၎င်းမျိုးစိတ်များ အသက်ရှင်နိုင်ရန် အရေးပါသော စားကျက်မြေများ ရှိနေသော ဧရိယာများသည် HCV ဧရိယာများဖြစ်သည်။ ၎င်းသည် RTE မျိုးစိတ်များကိုတွေ့ရှိမှု မှတ်တမ်းတင်ထားသော ရှိနေမှုတို့ဖြင့် HCV တစ်ခုအဖြစ် အရည်အချင်း ပြည့်မီမည်မဟုတ်ပေ။ ယင်းမျိုးစိတ်များ စုစည်းတည်ရှိနေမှုသည် ကမ္ဘာ့လုံးဆိုင်ရာအရ၊ နိုင်ငံဆိုင်ရာအရ ထူးခြားနေမှသာ HCV အဖြစ် အရည်အချင်းပြည့်မီမည်ဖြစ်သည်။ ယင်း HCV မဟုတ်သော တန်ဖိုးများကိုလည်း တခြားသော သဘာဝပတ်ဝန်းကျင်ဆိုင်ရ စီမံခန့်ခွဲရေးမှုများဖြင့် ကာကွယ်စောင့်ရှောက်နိုင်သေးသည်ကို သတိရပါ။

HCV ၁ အဖြစ် အရည်အချင်းပြည့်မီစေရန် ဇီဝမျိုးကွဲများ များပြားသော စုလင်စွာရှိနေရန် မလိုပေ။ တစ်ခုတည်းသော မျိုးစိတ်များ မျိုးစိတ်တစ်ခုကပင် HCV ၁ ဖြစ်ရန် အရေးပါနိုင်ပါသည်။ မျိုးစိတ်တစ်ခုသည် IUCN ၏ အနီရောင်အဆင့် သတ်မှတ်စာရင်းသို့မဟုတ် အမျိုးသားကာကွယ်စောင့်ရှောက်ရေးမျိုးစိတ်စာရင်းတွင် ပါဝင်ပြီး ၎င်းကို သက်ဆိုင်ရာ နိုင်ငံတွင် ထူးခြားစွာစုစည်း၍ အရေအတွက်များများဖြင့် တွေ့ရှိရလျှင် ဖြစ်သည်။

ကာကွယ်စောင့်ရှောက်ထားသော ဧရိယာများ- ဇီဝမျိုးကွဲများစုစည်းတည်ရှိနေမှုဖြစ်နိုင်ခြေ
အစဉ်း အချက်အလက်စုဆောင်းရေး လေ့ကျင့်ခန်းများအရ LUCN နှင့် Convention on Biological Diversity ဇီဝမျိုးကွဲများဆိုင်ရာ ညီလာခံတို့က အသိအမှတ်ပြုထားသော ကာကွယ်စောင့်ရှောက်ရေး ဧရိယာ protected Area များရှိနေမှုသည် အလားအလာရှိသော HCVs များအတွက် သုံးသပ်သူကို သတိပေးစေနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းက ကွယ်စောင့်ရှောက်ဧရိယာ PAများတွင် ထူးခြားသောဇီဝမျိုးကွဲတန်ဖိုးများ စုစည်းတည်ရှိနေသောကြောင့် ဖြစ်သည်။ PA အတွင်းတွင် ရှိနေသော အပင်များ၊ တိရစ္ဆာန်များ၏ အရည်အသွေးနှင့် ပတ်သက်ပြီး ချဲ့ထွင်သတင်းအချက်အလက်များ မရယူခင်မှာပင် ကြိုတင်ကာကွယ်ရေးချဉ်းကပ်မှုဖြင့် PA IUCN သို့မဟုတ် နိုင်ငံအစိုးရများက သတ်မှတ်ထားသော) တစ်ခုကို HCV ၁ အဖြစ် ထည့်သွင်းစဉ်းစားနိုင်သည်။ တရားဝင် ကာကွယ်စောင့်ရှောက်ရေးဧရိယာများအပြင် ကမ္ဘာ့လုံးဆိုင်ရာ ဦးစားပေးနေရာဖြစ်သည့် အဓိက ဇီဝမျိုးကွဲဧရိယာများ Key Biodiversity Area (IBA , IPA နှင့် AZE စသည် ) သည်လည်း HCV ၁ ရှိနေမှုကို အသေအချာညွှန်ပြပေးနိုင်သည်။











## မျိုးစိတ်များ တစ်စိတ်တစ်ပိုင်း သို့မဟုတ် ယာယီစုစည်းတည်ရှိခြင်း

မျိုးစိတ်အများအပြားသည် နှစ်တစ်နှစ်၏ မတူညီကွဲပြားသော အချိန်များသို့မဟုတ် ၎င်းတို့၏ ဘဝသမိုင်း၏ မတူညီကွဲပြားသော အဆင့်များတွင် စားကျက်များ အများအပြားမျိုးစုံ အသုံးပြုကြသည်။ ၎င်းတို့တွင် ရာသီအလိုက် သားပေါက်သောနေရာများ၊ ရွှေ့ပြောင်းရာလမ်းကြောင်းများနှင့် နေရာများ( လတ္တီကျူအရသို့မဟုတ်) အမြင့်ပေအရ) ပါဝင်သည်။ သမပိုင်းဒေသများတွင် ယင်းအရေးပါသော စုစည်းတည်ရှိမှုများသည် ရာသီအလိုက် ဖြစ်ပွားလေ့ရှိသည်။ (ဥပမာ ဆောင်းရာသီအစားစားရာ နေရာများနှင့် နွေရာသီသားပေါက်ရာ နေရာတို့ဖြစ်ပါသည်။) အပူပိုင်းဒေသများတွင် အသုံးအများဆုံးနေရာများမှာ သက်ဆိုင်ရာ မျိုးစိတ်များ၏ ဂေဟဗေဒအပေါ်တွင် မူတည်သည်။ (ဥပမာ အပူပိုင်း ခြောက်သွေ့သစ်တောများရှိ မြစ်ဘေးသစ်တောများသည် များပြားလှသော ကျောရိုးရှိမျိုးစိတ်များအတွက် ရာသီအလိုက် အရေးကြီးသော စားကျက်မြေဖြစ်သည်။ ထို့ပြင် များပြားလှသော ရွှေ့ပြောင်းနေသည့် သမပိုင်းမျိုးစိတ်များ နှစ်တစ်နှစ်၏ အစိတ် အပိုင်းတစ်ချို့အတွက် အပူပိုင်းစားကျက်မြေများပေါ်တွင် အရေးတကြီး မှီခိုလျှက်ရှိသည်။ RTEမျိုး စိတ်များအတွက် မရှိမဖြစ်လိုအပ်သော ယာယီသားပေါက်နေရာ၊ အိပ်တန်းတက်နေရာ၊ ဆောင်းခိုနေရာ၊ ရွှေ့ပြောင်းနေရာနှင့် စားကျက်မြေများကို ထောက်ပံ့ပေးထားသော ရာသီအလိုက် သို့မဟုတ် ဂေဟဗေဒဆိုင်ရာ နားခိုနေရာများသည် HCV ၁ အတွက် အရည်အသွေးပြည့်မီပါသည်။ ၎င်းမှာ ယင်းစားကျက်မြေကို နှစ်တစ်နှစ်၏ ပြင်းထန်သော အချိန်များတွင်သာ အသုံးပြုလျှင်ပင် ယင်း HCV ၁ အဖြစ် အရည်အသွေးပြည့်မီပါသည်။

ရှားပါးပြီး မျိုးတုံးအန္တရာယ်ကျရောက်နေသော (RTE) မျိုးစိတ်ဆိုသည်မှာ ပြင်းထန်သော မျိုးစိတ်ဆိုသည်မှာ ပြင်းထန်သော မျိုးစိတ်ဦးရေကျဆင်းမှုကို ရင်ဆိုင်နေရသော ယင်းအန္တရာယ်ရှိသော မျိုးစိတ်များကို ဆိုလိုသည်။ HCV အဓိပ္ပါယ်သတ်မှတ်ချက်တွင် ခြိမ်းခြောက်ခံနေရသော မျိုးတုံးအန္တရာယ်ကျရောက်နေသောဟု ဆိုသော်လည်း ယင်းအခေါ်အဝေါ်အတွင်းတွင် အားနည်းနေသော၊ ထိခိုက်လွယ်သော IUCN အနီရောင်အဆင့် သတ်မှတ်ခံမျိုးစိတ်များ ပါဝင်သည်။

ရှားပါးသည်ဆိုသည်မှာ အတိုင်းအတာတစ်ခုဖြစ်ပြီး ၎င်းတွင် အောက်ပါမျိုးစိတ်များ ပါဝင်သည်။



- အနှောက်အယှက်မရှိသော စားကျက်မြေများတွင် သိပ်သည်းဆနည်းနည်းဖြင့်သာရှိနေသော သဘာဝအရ ရှားပါးသော မျိုးစိတ်များ
- စားကျက်မြေများကို ဖျက်ဆီးခြင်း၊ အလွန်အကျွံအမဲလိုက်ခြင်းနှင့် ရာသီဥတု ပြောင်းလဲခြင်း စသော လူတို့ လုပ်ဆောင်ချက်များကြောင့် ရှားပါးသော မျိုးစိတ်များ
- At the limit of their natural distribution (even if they are common elsewhere)

မျိုးတုံးအန္တရာယ်ကျရောက်နေသော မျိုးစိတ်များတွင် IUCN က အမျိုးအစားသတ်မှတ်ပေးထားသော မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နေသော Vulnerable (VU) မျိုးစိတ်များ၊ မျိုးသုဉ်းရန် အန္တရာယ်ရှိသော (EN) Endangered မျိုးစိတ်များ၊ မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသော Critically Endargerc (CR) မျိုးစိတ်များ၊ နိုင်ငံတကာ သဘောတူညီမှုများ (ဥပမာ CITES) ၏ ယင်းမျိုးစိတ်ကုန်သွယ်မှုကို ထိန်းချုပ်ထားသော မျိုးစိတ်များ၊ နိုင်ငံတွင် ကာကွယ်စောင့်ရှောက်ထားသော မျိုးစိတ်များ၊ နိုင်ငံတွင်း ကာကွယ်စောင့်ရှောက်ထားသော မျိုးစိတ်များ ပါဝင်သည်။ IUCN အနီရောင်အဆင့် သတ်မှတ်ချက်များသည် မပြည့်မစုံဖြစ်နေနိုင်ပြီး များပြားလှသော RTE မျိုးစိတ်ကို IUCN ရှိ၏ Species Survival Commission ၏စိစစ်မှုကို မရရှိသေးပေ။ နိုင်ငံတွင် IUCN အနီရောင်အဆင့်သတ်မှတ်ချက်များ နိုင်ငံတွင်း ကာကွယ်စောင့်ရှောက်ထားသော မျိုးစိတ်စာရင်းများမရှိသော နိုင်ငံတစ်ချို့တွင် ထိုသို့သော မျိုးစိတ်များရှိ/မရှိ လေ့လာနိုင်ရန် ကျွမ်းကျင်သူဆွေးနွေးပွဲများ လိုအပ်သည်။



ဒေသအလိုက် အစုအလိုက်ရှိသော မျိုးစိတ်များဆိုသည်မှာ ကန့်သတ်ထားသော ပထဝီအနေအထားနေရာ တစ်ခုတွင်သာ တွေ့ရှိရသော မျိုးစိတ်များဖြစ်သည်။ ၎င်းနေရာများမှာ သီးခြားနေရာတစ်ခု သို့မဟုတ် (ကျွန်း၊ တောင်တန်း၊ မြစ်ဝှမ်း) စသော ပထဝီအနေအထားနေရာများမှစ၍ နိုင်ငံရေးနယ်နိမိတ်ခရိုင်၊ နိုင်ငံစသည်အထိ ပါဝင်သည်။ ဒေသအလိုက် အစုအလိုက်ရှိသော မျိုးစိတ်များမှာ အထူးသဖြင့်အားနည်းပါသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့၏ ပျံ့နှံ့မှုကို ကန့်သတ်ထားပြီး ကျယ်ပြန့်စွာရှိနေသော မျိုးစိတ်များထက် ၎င်းတို့တွင် မျိုးစိတ်ဦးရေနည်းပါး ကြောင့်ဖြစ်သည်။ ယင်းသို့ဒေသအလိုက် တည်ရှိမှုသည် ၎င်းမျိုးစိတ်ဦးရေသည် ၎င်းနိုင်ငံအတွက် ထူးခြားသော အခါမှသာ HCV အခြေအနေတစ်ခု ဖြစ်ပေါ်စေသည်။ ယင်း endemism ဒေသအလိုက်ရှိမှုကို အတိုင်းအတာဖြင့် (ဥပမာ နိုင်ငံတွင်း၊ ဒေသတွင်း ) သဘောတူညီထားသင့်သည်။



15 http://www.iucnredlist.org/technical-documents/categories-and-criteria

16 According to IUCN, range restricted species, are species with an overall extent of occurrence of less than 20,000 km² or a known area of occupancy of less than 2,000 km².

### အောက်ပါအချက်များသည် HCV ၁ အဖြစ် အရည်အသွေးမီသည်။

- တစ်ခုတည်းသော ဇီဝပထဝီဆိုင်ရာ ဇရိယာအတွင်းတွင်ရှိသော တခြားနေရာများနှင့် နှိုင်းယှဉ်လျှင် သတ်မှတ်ထားသော ဧရိယာအတွင်းတွင် မြင့်မားသော မြင့်မျိုးစိတ်ပေါကြွယ်ဝမှု၊ မျိုးကွဲပြားမှုနှင့် ထူးခြားမှုများရှိသည်။
- များပြားသောဒေသအလိုက် သို့မဟုတ် RTE မျိုးစိတ်များ ဦးရေများပြားမှု
- ဒေသတွင်း၊ နိုင်ငံတွင်း သို့မဟုတ် ကမ္ဘာလုံးဆိုင်ရာ မျိုးစိတ်ဦးရေ သိသာများပြားသောအမျိုး အစားကို ကိုယ်စားပြုသည် တစ်ခုချင်းစီသော ဒေသအလိုက် သို့မဟုတ် RTE မျိုးစိတ်များ ဦးရေများပြားမှု ၄င်းတို့နှင့် ဆက်စပ်နေသော မျိုးစိတ်များကိုလည်း ထိန်းသိမ်းရန်
  - တစ်နှစ်ပတ်လုံး (ဥပမာ သီးခြားမျိုးစိတ်တစ်ခုအတွက် အဓိကစားကျက်မြေ)
  - ရာသီအလိုက် (ရွှေ့ပြောင်းနေရာများ။ သားပေါက်ခြင်း။ အိပ်တန်းတက်ခြင်း။ ဆောင်းခိုခြင်းအတွက် နေရာ သို့မဟုတ် အနောင့်အယှက်များမှ နားခိုရာ)
- တစ်ခုချင်းစီဖြစ်သော ဒေသအလိုက် သို့မဟုတ် RTE မျိုးစိတ်များ ဦးရေနည်းနည်းဖြင့် ရှိနေမှု၊ ဤကိစ္စရပ်တွင် နိုင်ငံတွင်း၊ ဒေသတွင်း သို့မဟုတ် တစ်ကမ္ဘာလုံးဆိုင်ရာ ထိုမျိုးစိတ်များ၏ရှင်သန်မှုသည် ထိုသက်ဆိုင်သော ဧရိယာတွင် မှီတည်နေမည်။ (ထိုမျိုးစိတ်များသည် ကျန်ရှိနေသေးသော စားကျက်မြေ အနည်းငယ်သို့ ကန့်သတ်ထားသည်။ ၄င်းမျိုးစိတ်များကို EN မျိုးတုံးအန္တရာယ်ကျရောက်သော CR အလွန်မျိုးတုံးအန္တရာယ်ကျရောက်သော သို့မဟုတ် IUCN၏ အနီရောင်အဆင့်မြင့် အမျိုးအစားသတ်မှတ်ထားနိုင်ပါသည်။ ထိုသို့သောကိစ္စရပ်တွင် အသက်ရှင်ကျန်ရှိသော မျိုးစိတ်တိုင်းသည် ကမ္ဘာလုံးဆိုင်ရာအရ ထူးခြားနေသည်ဟု ပါဝင်သူအများအပြားကြားတွင် သဘောတူညီမှုရှိသည်။ (ဥပမာ နာမည်ကြီးမျိုးစိတ်များမှာ ပန်ဒါဝက်ဝံ၊ အိန္ဒိယကြံ့၊ မွန်တိန်းလူဝံမျိုးစိတ်တို့ ဖြစ်သည်။)
- ထူးခြားသော RTE မျိုးစိတ်များပေါ်များစွာရှိနေသော နေရာများ။ အဓိကကာကွယ်စောင့်ရှောက်ထားသော နေရာသို့ချဉ်းကပ်လာသည်။ ဦးစားပေးမျိုးစိတ်ဦးရေ (ယာယီစုစည်းတည်ရှိမှု ပါဝင်သည်။ သို့မဟုတ် တူညီသော ဇီဝပထဝီဆိုင်ရာနယ်နိမိတ်အတွင်း ဦးစားပေးနေရာများသို့ ချဉ်းကပ်လာသော ဦးစားပေးမျိုးစိတ်
- သီးခြားအရေးပါသော ဇီဇမျိုးစိတ်ကွဲများ။ မျိုးစိတ်လက်ခွဲများ သို့မဟုတ် အမျိုးကွဲများ၊ ဥပမာ (Cross River လူဝံ(အကောင်ရေ ၂၅၀ ကျန် ရှိသည်။) ၄င်းသည် အနောက်တိုင်းလူဝံများ၏ ဇီဇဆိုင်ရာ လက်ခွဲမျိုးစိတ်တို့ဖြစ်သည်။ (ကမ္ဘာတစ်ဝန်းတွင် အကောင်ရေ ၉၅၀၀၀ ကျန်ရှိသည်။)

## ၃.၁.၂ ညွှန်ပြသော အရာများနှင့် အချက်အလက် အရင်းအမြစ်များ

HCV ၁ ကို အမည်ဖော်ထုတ်ရန် မျိုးစိတ်များနှင့် ၄င်းတို့၏ စားကျက်များ၏ အခြေခံအချက်အလက်များ လိုအပ်သည်။ ၄င်းမှာ ယင်းနေရာတွင် မည်သည့်မျိုးစိတ်များ နေထိုင်နေသည်နှင့် ၄င်းတို့၏ စားကျက်မြေလိုအပ်ချက်အရ မည်သည့် မျိုးစိတ်များ နေထိုင်နိုင်သည်တို့ဖြစ်သည်။ မျိုးစိတ်များ၏ နယ်ပယ်ကို ပြသပေးသော ဇီဝမျိုးကွဲများ သုံးသပ်မှု၏ ရလဒ်ကို မျိုးစိတ်များဖြစ်သည်လော သုံးသပ်ရန် တိုင်ပင်ဆွေးနွေးနိုင်သည်။

အလားအလာရှိသော HCV ၁ ကို ညွှန်ပြသော အရာများတွင် အောက်ပါတို့ပါဝင်သည်။

- အသိအမှတ်ပြုထားသော ဇီဝမျိုးကွဲများ ဦးစားပေးဧရိယာများ ရှိနေမှု (ဥပမာ IUCN အသိအမှတ်ပြုထား ကာကွယ်စောင့်ရှောက်ထားသောဧရိယာ၊ Ramsar Site၊ UNESCO ၏ ကမ္ဘာ့အမွေအနှစ်နေရာ၊ အဓိက ဇီဝမျိုးကွဲများ ဧရိယာစသည်
- ဇီဝမျိုးကွဲများ စုစည်းတည်ရှိမှုကို အသိအမှတ်ပြုသော နိုင်ငံအာဏာပိုင်များ၊ နာမည်ရသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းများ၏ သတ်မှတ်လျာထားချက်များ
- ထိုသတ်မှတ်လျာထားသောနေရာတွင် သဘာဝစားကျက်မြေများ အခြေအနေကောင်းကောင်းဖြင့် ရှိနေခြင်းသည် HCV ၁ ရှိနေမှုကို အလားအလာများစွာဖြင့် ညွှန်ပြနိုင်သော (အာမခံချက်ဖြင့် မပေးပါ။) အရာတစ်ခုဖြစ်သည်။

စားကျက်မြေများ၏ ခိုင်မာမှု၊ ရွှေ့ပြောင်းမျိုးစိတ်များ၊ အကူးမျိုးစိတ်များရှိမှု အလားအလာသည် အခြားသော မျိုးစိတ်များကို ညွှန်ပြပေးနိုင်သောအရာအဖြစ် သုံးလျှင်အသုံးဝင်နိုင်သည်။ သို့သော် သတိထား၍ အသုံးပြုရမည်ဖြစ်သည်။ နာမည်ကြီးမျိုးစိတ်များနှင့် ထိပ်တန်းသားရဲများသည် တစ်ချို့သောကိစ္စရပ်များတွင် စစ်တမ်းကောက်ယူရလွယ်ကူနိုင်သည်။ သို့သော် ၄င်းတို့သည် ပြုလွယ်ပြင်လွယ်အရှိဆုံး မျိုးစိတ်များဖြစ်ပြီး မြို့ငုံဂေဟစနစ်ကျန်းမာမှုကို ညွှန်ပြနိုင်မည်မဟုတ်ပေ။

## အချက်အလက်အရင်းအမြစ်များ

အဓိကအချက်အလက်များ ရင်းမြစ်များတွင်ကမ္ဘာလုံးဆိုင်ရာ IUCN အနီရောင်အဆင့် စာရင်းဝင်မျိုးသုဉ်းအန္တရာယ်ကျရောက်နေသော မျိုးစိတ်များနှင့် အမျိုးသားအနီရောင်အချက်အလက် စာအုပ်စာရင်းဝင် မျိုးသုဉ်းအန္တရာယ်ကျရောက်နေသော မျိုးစိတ်များတို့ ပါဝင်သည်။ မျိုးစိတ်စာရင်းများအပြင် ယင်းဒေသတွင် အလားအလာရှိသော တန်ဖိုးများကို သိရှိနိုင်ရန် ထိန်းသိမ်းစောင့်ရှောက်ရေး ဦးစားပေးအစီအစဉ်များသည်လည်း အစဦးစားပွဲပေါ် လေ့လာချက်များအတောအတွင်း အသုံးဝင်နိုင်သည်။ သီးခြားဦးစားပေးအစီအစဉ်များ၏ အသုံးဝင်မှုသည် ဖော်ပြထားသော သတင်းအချက်အလက်များ၊ ဆက်နွယ်နေသော အချက်အလက်ရင်းမြစ်များ၏ အတိုင်းအတာနှင့် အရည်အသွေးအပေါ်တွင် မူတည်သည်။ တစ်ချို့သော ဦးစားပေးအစီအစဉ်များသည် အတိုင်းအ တာကြီးများလွန်းသဖြင့် ဒေသတွင်းအဆင့်တွင် အားထားရသောညွှန်ပြမှုကို မပေးနိုင်ပေ။ ဥပမာ ဗဟိုအမေရိက တစ်ခုလုံးကို ဇီဝမျိုးကွဲများ ဖြန့်ဝေရာနေရာအဖြစ် အမျိုးအစားသတ်မှတ်ထားသည် သို့သော် ကာကွယ်စောင့်ရှောက်ထားသော ဧရိယာများ၊ ကမ္ဘာ့အမွေအနှစ်နေရာများ၊ အဓိကဇီဝမျိုးကွဲများနေရာများ၊ ဦးစားပေးဧရိယာ အခုအဖွဲ့များသည် HCV၁ သုံးသပ်မှုအတွက် မျိုးစိတ်များနှင့် စားကျက်မြေဆိုင်ရာ အချက်အလက်များကို ပေးနိုင်သည်။ ရှားပါးမှုနှင့် ခြိမ်းခြောက်မှုခွဲခြမ်းလေ့လာမှုအဖြစ် ဖြစ်သည်။ မြေယာအဖုံးအလွှာ အမျိုးအစားနှင့် အဝေးမှသိမြင်နိုင်မှုများသည် ကာကွယ်စောင့်ရှောက်ထားသော ဧရိယာကွန်ယက်ကို ဒီဇိုင်းဆွဲသော အခါတွင်ဖြစ်စေ၊ သစ်တောနှင့် စိုက်ပျိုးရေးအစီအစဉ်များအတွက် ဆုံးဖြတ်ချက်ချနိုင်ရန် အသုံးပြုရာတွင်ဖြစ်စေ တန်ဖိုးရှိသော အချက်အလက်ရင်းမြစ်များ ဖြစ်သည်။ အကောင်းဆုံးအခြေအနေတွင်မူ ဂေဟစနစ်ဖော်ပြချက်ကို အသေးစိတ်ဖော်ပြထားပြီး မျိုးစိတ်ဆိုင်ရာ အချက်အလက်များလည်း ပါဝင်မည်ဖြစ်သည်။

တရားဝင်အမျိုးအစားခွဲခြားမှု ကင်းမဲ့ခြင်းသည် ဇီဝမျိုးကွဲHCV များသည် နေရာအဆင့်တွင် ရှိနေသည်ဟူသော ဖြစ်နိုင်ခြေကို လျော့ကျစေနိုင်သည်။ သို့သော် HCVs များသည် ကင်းမဲ့နေသည်ဟု မဆိုပါ။ ဥပမာ အရေးပါသော ငှက်ဧရိယာများ၊ BA များနိုင်ငံနှင့် နယ်နိမိတ်ပေါင်း ၂၀၀ခန့်တွင် မြေပုံဆွဲပေးပြီးသော်လည်း အပင်များ၊ တွားသွား သတ္တဝါများနှင့် ငါးများအတွက်မူ နိုင်ငံအနည်းငယ်ခန့်ကသာ မြေပုံဆွဲပြီးထားသည်။

ထို့ပြင် ဧရိယာအများအပြားကို မသုံးသပ်ရသေးသည် သို့မဟုတ် ၎င်းတို့တွင် အချက်အလက် အလွန်နည်းပါးလွန်းသဖြင့် မသုံးသပ်နိုင်သေးသည် ဖြစ်နိုင်သည်။ ယင်းဒေသအတွင်းတွင် ဦးစားပေးမှု လုပ်ဆောင်ချက်များမရှိထားလျှင်ရှေ့ဆက်ရန် အကောင်းဆုံးနည်းမှာ ဆီလျော်သော သတင်းအချက်အလက်များကို သိရှိသော ကျွမ်းကျင်သူများနှင့် ဆွေးနွေးခြင်း သို့မဟုတ် ယင်းဒေသအတွင်းရှိ တူညီသောစားကျက်များမှ ဇီဝစစ်တမ်းများကဲ့သို့သော အလားအလာရှိသည့် အချက်အလက်များ အသုံးပြုခြင်း (၎င်းတို့တွင် တူညီသောမျိုးစိတ်များနှင့် ကောက်ပဲသီးနှံများရှိနေသည်) တို့ လုပ်ဆောင်နိုင်သည်။

## တိုင်ပင်ဆွေးနွေးခြင်း

မည်သည့် မျိုးစိတ်များကို တွေ့ရှိရန် မျှော်မှန်းရမည် စာရင်းကို ထုတ်လုပ်ရန် ကျွမ်းကျင်သူများနှင့် တိုင်ပင်ဆွေးနွေးရန် လိုအပ်သည်။ နေရာတစ်ခုသည် RTE သို့မဟုတ် ဒေသအလိုက် မျိုးစိတ်ဒေသကို ထောက်ပံ့သော စားကျက်မြေ အမျိုးအစားများ ပါဝင်နေပါက ၎င်းမျိုးစိတ်များသည် ထုတ်လုပ်ရေးဧရိယာ၏ မည်သည့်နေရာတွင် ရှိရမည်ကို အဓိပ္ပါယ်သတ်မှတ်ရန် လိုအပ်သည်။ အသုံးချ၍ရနိုင်ပါက ဒေသခံများ၊ အလုပ်သမားများနှင့် သတ္တဝါများ၊ အပင်များအကြောင်း တိုင်ပင်ဆွေးနွေးခြင်းသည် တန်ဖိုးရှိသော သတင်းအချက်အလက်များကို ပေးပါသည်။

## ကွင်းဆင်းဆောင်ရွက်ခြင်း

လွတ်လပ်သော ကျွမ်းကျင်သူများသည် အသိပေးထားသော ဆုံးဖြတ်ချက်များကို လုပ်ဆောင်နိုင်သည်။ သို့သော် အောက်ပါ အသွင်လက္ခဏာများ ပါဝင်သောဧရိယာ၏ စစ်တမ်းများကို ကောက်ယူရန် လိုအပ်သည်။

- စားကျက်မြေအတွက် ငှက်များနှင့် နို့တိုက်သတ္တဝါများ စစ်တမ်း- မှီခိုနေသော၊ ဒေသအလိုက် ဖြစ်သော ခြိမ်းခြောက်ခံနေရသော မျိုးစိတ်များ
- RTE သို့မဟုတ် ဒေသအလိုက် မျိုးစိတ်များအတွက် (အလားအလာတစ်ခုအဖြစ်) အလားအလာရှိသော စားကျက်မြေများကို စစ်တမ်းကောက်ယူခြင်း

စစ်တမ်းကြိုးပမ်းအားထုတ်မှုသည် မှီခိုနေသော စားကျက်မြေ၏ အတည်ပြုထားသော/ အလားအလာရှိသော တည်ရှိမှုပေါ်တွင် အာရုံစိုက်သင့်သည်။ ထို့ပြင် ဒေသအလိုက်နှင့် IUCN အနီရောင်အဆင့် မျိုးစိတ်ပျံ့နှံ့မှုကို ပြသနိုင်ရန် မြေပုံပေါ်တွင် ကိုယ်စားပြုပြသနိုင်ရမည်။ ၎င်းဖြင့် သုံးသပ်သူသည် HCVs ကို ထိန်းသိမ်းရန် လိုအပ်သော စီမံခန့်ခွဲမှုဧရိယာကို အကြံပြုနိုင်မည်ဖြစ်သည်။

လက်တွေ့တွင် ဒေသတွင်း၌သာရှိသော မျိုးစိတ်နှင့် RTE မျိုးစိတ်များ၏ တည်ရှိနေမှု သို့မဟုတ် အကောင်ရေကို ဆုံးဖြတ်ရန် မဖြစ်နိုင်သောအခါ RTE မျိုးစိတ်များအတွက် သင့်တော်သော စားကျက်မြေကို အလားအလာတစ်ခုအဖြစ် သုံးနိုင်သည်။ ၎င်းဖြင့် အဓိပ္ပါယ်သတ်မှတ်ရန်၊ မြေပုံဆွဲရန် ပိုမိုလွယ်ကူမည်။ သို့သော် ၎င်းသည် သတ္တဝါမျိုးစိတ်များ အပေါ်တွင် အမဲလိုက်ခြင်းကဲ့သို့သော ဖိအားများမရှိသော နေရာတွင်သာ အသုံးဝင်မည်။ ဥပမာသစ်တောတစ်ခုသည် RTE မျိုးစိတ်များအတွက် သင့်တော်သော စားကျက်မြေဖြစ်သည်။ သို့သော် ၎င်းသစ်တောသည် ရိတ်သိမ်းခြင်း၊ အမဲလိုက်ခြင်းတို့ကြောင့် ပြောင်လုနီးပါး ဖြစ်ပြီးနေမည်။

## HCV ၁

## ၃.၁.၃ | နမူနာလေ့လာချက်
## မျိုးစိတ်များကွဲပြားခြင်း




| | |
|---|---|
| နေရာ | အရှေ့ကလီမန်တန်၊ အင်ဒိုနီးရှားနိုင်ငံ |
| ဂေဟစနစ် | တစ်ဆင့်ခံမြစ်ဝှမ်းနှင့် မြေနိမ့်ဒေသမိုးသစ်တော |
| သုံးသပ်မှု အခြေအနေ | RSPO အသိအမှတ်ပြုလက်မှတ်ရရှိရေးအတွက် HCV သုံးသပ်မှု |

Sundaland ဇီဝမျိုးကွဲများ စုဝေးရာနေရာ၏ အပူပိုင်းသစ်တောများသည် ဇီဝမျိုးကွဲများ များပြားမှုကို ထောက်ပံ့ပေးထားပြီး ဒေသအလိုက် မျိုးစိတ်များလည်း များပြားသည်၊ သို့သော် ထိုဇီဝမျိုးကွဲများ အများအပြားသည် မျိုးသုဉ်းပျောက်မှု ခြိမ်းခြောက်ခံနေရသည်၊ (ဒေသအလိုက် နေထိုင်ကျက်စားသော ငှက်များနှင့် နို့တိုက်သတ္တဝါများ မျိုးစိတ် ၁၀၀ခန့် ) ယင်းဒေသအတွင်းရှိ မြေနိမ့်သစ်တောများ အများစုသည် အလွန်စွတ်စိုသည်၊ သို့သော် ထိုရေဝပ်သော သစ်တောသည် မျိုးစိတ်တစ်ချို့ကို ထောက်ပံ့ပေးထားနိုင်ဆဲဖြစ်သည်၊ ၎င်းတို့တွင် ဘော်နီယိုလူဝံ(EN)များ သိပ်သည်းစွာရှိနေမှုလည်း ပါဝင်သည်။ အရှေ့ပိုင်း Kalimantan ဒေသတွင် ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းတစ်ခုသည် RSPO အသိအမှတ်ပြုလက်မှတ်ရရှိရန် HCV သုံးသပ်မှုတစ်ခုကို ပြုလုပ်လျှက် ရှိသည်၊ ယင်းဟက်တာ ၇၀၀၀ ရှိစိုက်ခင်းတွင် ရေဝပ်သော၊ မီဘေးသင့်ထားသည့်သစ်တောများ ပါဝင်နေသည်၊ ကွင်းဆင်းလေ့လာမှုများအရ ယင်းနေရာ၏ မြစ်ဘေးသစ်တောများတွင် ဘောနီယို Iron Wood (VU) များ၊ Proboscis မျောက်များ (EN) နှင့် False Gharials (EN) များရှိနေသည်ကို တွေ့ရှိခဲ့ရသည်၊ အသိုက်များကို လေ့လာမှုအရ ဘောနီယိုလူဝံများကို ထိုနေရာတွင် ရှိနေသည်ဟုတွေ့ရှိရသည်၊ မျိုးသုဉ်းအန္တရာယ်ကျရောက်နေသော မျိုးစိတ်သုံးခုထဲမှ နှစ်ခုသည် ဘော်နီယိုဒေသတွင်သာ ရှိသော မျိုးစိတ်များဖြစ်ပြီး ၎င်းတို့အားလုံးသည် HCV အဖြစ် အရည်အသွေးပြည့်မီသည်၊ HCV သုံးသပ်ချက်က အကြံပြုသည် အဓိကမြစ်ကြီး၏ တစ်ဖက်တစ်ချက်ရှိ ထိုစိုက်ခင်းများဘေး ၅၀၀ မီတာပတ်လည်ကို ကာကွယ်စောင့်ရှောက်ထားရန် အကြံပြုထားပြီး ၎င်းမှာ ထိုမျိုးစိတ်များကို ကာကွယ်ထိန်းသိမ်းရန်နှင့် တခြားသော လူဝံစားကျက်မြေများနှင့် ဆက်သွယ်မှု ရရှိစေရန် ဖြစ်သည်။







References:
1 http://www.conservation.org/where/priority_areas/hotspots/asia-pacific/Sundaland/Pages/default.aspx
2 http://www.hcvnetwork.org/resources/assessments/PT%20KMS%20HCV%20Assessment%20Summary%20MECFINAL.pdf



## ၃.၂ HCV ၂ မြေယာ အခင်းအကျင်း ဂေဟစနစ်နှင့် အမျိုးစားစုံပေါင်းစပ်ထားသော ဂေဟစနစ်

သဘာဝအလျောက် ပြန့်နှံမှုနှင့် ပေါများမှုပုံစံဖြင့် သဘာဝအလျောက် ရှိနေကြသော မျိုးစိတ်အများစု၏ ရှင်သန်နိုင်သော အရေအတွက် ရှိနေသော နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် ကမ္ဘာလုံးအဆင့်တို့တွင် သိသာထင်ရှားသော မြေယာ အခင်းအကျင်း ဂေဟစနစ်နှင့် အမျိုးစားစုံပေါင်းစပ်ထားသော ဂေဟစနစ်

### ၃.၂.၁ အဓိကဝေါဟာရနှင့် အယူအဆ

HCV ၂ တွင် သဘာဝအလျောက် ဖြစ်ပေါ်တည်ရှိနေကြသော မျိုးစိတ်အများစုနှင့် ၎င်းတို့ရှိနေကြသော ဂေဟစနစ်ကို အထောက်အပံ့ ပေးနိုင်လောက်အောင် ကြီးမား၍ အနှောက်အယှက်ပေးမှုမခံရသေးသော ဂေဟစနစ်နှင့် အမျိုးစားစုံပေါင်းစပ်ထားသော ဂေဟစနစ်တို့ ပါဝင်သည်။

ကျယ်ပြန့်သော မြေယာအခင်းအကျင်းအဆင့် ဂေဟစနစ်နှင့် အမျိုးစားစုံပေါင်းစပ်ထားသော ဂေဟစနစ် အခြေခံသောသဘောတရားနှင့် ရှင်သန်နိုင်သော မျိုးစိတ်များသဖြင့် ကြီးမားကျယ်ပျံ့သော မျိုးစိတ်များကို ထိန်းသိမ်းရန် လိုအပ်သော ဧရိယာအကျယ်အဝန်းနှင့် HCV -၂၏ စမ်းသပ်ချက်ဆက်စပ်မှု ရှိသင့်ပေသည်။ စံသတ်မှတ်ချက်အရွယ်(၅၀၀) စတုရန်းကီလိုမီတာ (အက်တာ ၅၀၀၀၀)ကို လမ်းညွှန်အဖြစ် အသုံးပြုကြသည်။ သို့သော် ၎င်းကို HCV နိုင်ငံအလိုက် သတ်မှတ်ခြင်း (သို့) ကျွမ်းကျင်သူများနှင့် တိုင်ပင်၍ သတ်မှတ်သင့်သည်။ ဥပမာအားဖြင့် တောင်အာဖရိက နိုင်ငံတွင် အက်တာ (၅၀၀၀-၁၀၀၀၀) ကို ဧရိယာကြီးအဖြစ် သတ်မှတ်သည်။ ဂေဟစနစ်နှင့် ကျက်စားနယ်မြေ အစိတ်စိတ်ကွဲသွားပြီး အဆင့်ကျသွားသော ဒေသများအတွက်မှ ပိုမိုသေးငယ်သော စံအကျယ်အဝန်းထား ရှိသင့်သည်။

**မျိုးစိတ်အများစု၏ ရှင်သန်နိုင်သော ဝိုက်ရေပမာဏ**

တောရှင်းခြင်း၊ သစ်အလွန်အကျွံခုတ်ခြင်း၊ မြက်ခင်းပြင်ဧရိယာတိုးချဲ့ခြင်း၊ အလွန်အကျွံအမဲလိုက်ခြင်း၊ ရေကာတာများ တည်ဆောက်ခြင်း၊ ရေကြောင်းဖြောင့်တန်းအောင် ပြုပြင်ခြင်း၊ အိမ်မွေးတိရစ္ဆာန်များ ကြီးစိုးလာခြင်း အစရှိသော လူ့ပယောဂကြောင့် ဖြစ်ပေါ်လာသော အပြောင်းအလဲများကို ဆယ်စုနှစ်များစွာကြာအောင် ခံခဲ့ရခြင်းမရှိပါက မြေပြင်ရှုခင်းအများစုသည် သဘာဝအလျောက် ဖြစ်ပေါ်နေသော မျိုးစိတ်များမှာ ရှင်သန်နေနိုင်သော အရေအတွက် ပမာဏအတိုင်း ရှိနေနိုင်သည်။ HCV-၂ အဖြစ် သတ်မှတ်နိုင်ရန် ဒေသနေရာတစ်ခုသည် အနှောက်အယှက်ကင်း၍ အသစ်စက်စက် ဖြစ်နေရန်မလိုပါ။ မျိုးစိတ်အချို့ကို ရွေးချယ်အမဲလိုက် သတ်ဖြတ်ခံရခြင်း၊ နုတ်ယူ သုံးစွဲခံရခြင်းတို့ကြောင့် နေရာလိုက်၍ ရှားပါးပျောက်ကွယ်နေခြင်းလည်း ဖြစ်နိုင်ပါသည်။ ဆုံးရှုံးပျောက် ကွယ်သွားသော မျိုးစိတ်များတွင် ထူးခြားထင်ရှားသော မျိုးစိတ်များပါဝင်နေသော်မှ ၎င်းတို့ကို အနာဂတ်တွင် ပြန်လည်မွေးမြူ ထုထောင်ပေးနိုင်သည့် အခွင့်အလမ်းများရှိသေးလျှင် ၎င်းဒေသနေရာကို HCV ၂ အဖြစ် သတ်မှတ်နိုင်သည်။ HCV ၂ တွင် ဝံပုလွေ၊ ကျား၊ ဆင်တို့ကဲ့သို့အရေးကြီးသော မျိုးစိတ်များလည်း ပါဝင်နိုင်သည်။ သို့သော် ထိုမျိုးစိတ်များသည် ရေရှည်တွင် ဆက်လက်ရှင်သန်ကောင်းမှ ရှင်သန်ပေးမည်။

### ဇယားဘောင် ၁၀- အဓိပ္ပါယ်ဖွင့်ဆိုချက်၏ ရည်ရွယ်ချက်ကို မျိုးစိတ်အများ

HCV ၂ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို သိပ္ပံနည်းကျကောက်ယူလျှင် မျိုးစိတ်အများစုမှာ အင်းဆက်ပိုးမွှားများ၊ အပင်များနှင့် မှိုများပါဝင်ပြီး အချို့မှာ နေရာဒေသကျဉ်းကျဉ်းထဲမှာပင် ရှင်သန်နေနိုင်သည်။ ထိန်းသိမ်းရေး ကိုးပမ်းမှုများသည် နို့တိုက်သတ္တဝါနှင့် ငှက်များကဲ့သို့ ကြီးမားသော နှစ်သက်ဖွယ်ကောင်းသော မျိုးစိတ်များကိုသာ ဦးစားပေးတတ်သည်။ အကြောင်းမှာ ၎င်းတို့ကို ပိုမိုလေ့လာမှုများသောကြောင့် ဖြစ်သည်။ HCV ၂ကို ကြီးမား ကျယ်ပြန့်ပြီး သဘာဝအတိုင်းရှိနေသေးသော သစ်တောကြီးများကို ပြည့်စုံသော အကာအကွယ်ပေးရန် ဖော်ဆောင်ထားသည်။ ဤသစ်တောကြီးများမှာ တစ်ဖြေးဖြေး ပုံမှန်ကျဆင်းနေသဖြင့်လည်းကောင်း၊ မျိုးစိတ်များ ဆက်လက်ရှင်သန်ဖို့ ဤသစ်တောကြီးများရှိနေရန် လိုအပ်ခြင်းကြောင့်လည်းကောင်း HCV ၂မှာ တန်ဖိုးကြီးသည်။ ကျယ်ဝန်းသော မြေပြင်ရှုခင်းကို ၎င်း၏ ပင်ကိုယ်တန်ဖိုးကို ထိန်းသိမ်းရန်နှင့် ၎င်းမြေပေါ်တွင် မျိုးစိတ်များ ဆက်လက်ရှင်သန်အတွက် ရည်ရွယ်သည်။





### သဘာဝဖြန့်ဝေမှုနှင့် ပေါကြွယ်ဝမှုပုံစံများ

ဤအစိတ်ပိုင်းဆိုင်ရာ ဤဆိုချက်သည် ဂေဟဗေဒဖြစ်စဉ်နှင့် လုပ်ငန်းများ (ဥပမာ- သဘာဝဖြန့်နှံ့မှု၊ မျိုးစိတ်ဖြန့်ဝေမှုနှင့် ပေါကြွယ်မှု) များသည် လူသားတို့၏ ပယောဂကြောင့် မထိခိုက်မဖျက်ဆီးရသေးသော ဂေဟစနစ်သည် အထူးအရေးကြီးသည်ဟူသောအချက်ကို အသိအမှတ်ပြုသည်။ ဤတွင် အဓိကအချက်မှာ ဂေဟစနစ်၏ အကျယ်အဝန်းနှင့် ရှင်သန်နိုင်သော မျိုးစိတ်အရေအတွက်သာမက ၎င်းတို့၏ အဆင့်အမျိုးမျိုးနှင့် ပေါကြွယ်မှုပုံစံပါဝင်သည်။ ကြီးမားကျယ်ပြန့်သော ဂေဟစနစ်တစ်ခုသည် ၎င်း၏ သဘာဝအခြေအနေတွင် ထိုဂေဟစနစ်အတွက် စံနမူနာဖြစ်သော မျိုးစိတ်များပျောက်ကွယ်ခဲ့လျှင် သို့မဟုတ်ပြန်၍ စဉ်းစားမရနိုင်တော့လောက်အောင် ပြောင်းလဲသွားခဲ့လျှင် ထိုသို့သော ဂေဟစနစ်ကို HCV ၂အဆင့် အဖြစ် မသတ်မှတ်နိုင်ချေ။ လူကပြုလုပ်သော ပြောင်းလဲထားသော အပိုင်းပိုင်းကွဲပြတ်နေသော ဂေဟစနစ်သည် HCV ၂တွင် မပါဝင်ချေ။

> **အောက်ပါတို့ကို HCV ၂အဖြစ် သတ်မှတ်နိုင်သည်။**
>
> - အကျယ်ဟက်တာ (၅၀၀၀၀) ထက်ကျယ်သောဒေသကြီးဒေသ သို့မဟုတ် တိုင်းပြည်တစ်ခုတွင် အကြီးဆုံးအပိုင်း ဖြစ်ရမည်။
> - ပိုမိုသေးငယ်သော်လည်း အဓိက မြေပြင်ရှုခင်းရှိသောဒေသ (ဥပမာ-  ကာကွယ်ထားသော ဒေသ၊ အဆင့်မြင့်စားကျက်နယ်မြေနှင့် ဆက်သွယ်ထားသောဒေသ) ပိုမိုသေးငယ်သော ဤဒေသ များသည် ပိုမိုကြီးသော ဒေသကြီးများကိုထိန်းသိမ်းရာတွင် အရေးပါသော ဒေသဖြစ်သည်။
> - သဘာအတိုင်းရှိပြီး လူ့ပရောဂမသက်ရောက်သေးသည့် ဒေသများနှင့် သားစားသတ္တဝါများအတွက် ကျက်စားနယ်မြေဖြစ်သော ဒေသများ ပါဝင်သည်။

## ၃.၂.၂ အညွှန်းနှင့် အချက်အလက်ရင်းမြစ်များ

### အညွှန်းများ

#### မြေယာအခင်းအကျင်း ထိန်းသိမ်းစောင့်ရှောက်ရေး

အချို့သောဒေသများကို တန်ဖိုးမြင့်မြေပြင်ရှုခင်းများအဖြစ် အသိအမှတ်ပြုပြီးဖြစ်သည်။ (ဥပမာ- ရမ်အာနေရာများ၊ ပတ်ဝန်းကျင် မြေပြင်ရှုခင်းများအတွက် ဗဟိုအာဖရိကဒေသကြီးအစီအစဉ် (CARPE) မတို့မထိရသေးသော သစ်တောမြေပြင်ရှုခင်း၊ အဖိုးတန် မြက်ခင်းဇရိယာ၊ ကျားထိန်း သိမ်းစောင့်ရှောက်ရေးဦးစားပေး မြေပြင်ရှုခင်းတို့ဖြစ်သည်။ ဤသတ်မှတ်ချက်များသည် မျိုးစိတ် ကာကွယ်ရေး အာဟာရနှင့် ရေလှည့်ပတ်မှု၊ သို့မဟုတ် ယဉ်ကျေးမှုတန်ဖိုးကဲ့သို့ သော အနောင့်အယှက်ကင်းသည့် ဂေဟစနစ်တို့က ပေးစွမ်းသော မတူညီသည့် အကျိုးကျေးဇူးများကို ဦးစားပေးသည်။ HCV2 ဇရိယာမရှိဟု မဆိုနိုင်ပေ။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင် အနှောင့်အယှက်နည်းပါး၍ ဆက်သွယ်မှုကောင်းသောနေရာများတွင် HCV 2 ရရှိရန် အလားအလာကောင်းပေသည်။ HCV2 ရရှိရန် အလားအလာကောင်းပေသည်။ HCV-2အခြေခံကိုစစ်ဆေးရန် အသေးစိတ် ဇီဝဗေဒလေ့လာရေးလုပ်ဖို့ မလိုအပ်ပေ။ မျိုးစိတ်အများအပြား တည်ရှိနေမှုကိုခန့်မှန်းရန်မှာ နေထိုင်ရာ ဒေသတည်ဆောက်ပုံ၊ အခြေအနေ၊ ပေါင်းစပ်ဖွဲ့စည်းပုံ ဆက်သွယ်မှု လူသားပယောဂကြီးမားမှု (ဥပမာရွှေ့ပြောင်းတောင်ယာစနစ်နှင့် အမဲလိုက်မှု) တို့အပါအဝင် ကိုယ်စားလှယ် အမျိုးမျိုးကိုလည်း အသုံးပြုခန့်မှန်းနိုင်ပေသည်။



## မပျက်မစီးသေးသော သစ်တောမြေယာအခင်းအကျင်း

ကြီးမားကျယ်ပြန့်ပြီး မပျက်မစီးသေးသော မြေယာအခင်းအကျင်းကောင်းသော သစ်တောကြီးများနှင့် ပတ်သက်သည့် အရေးကြီးအချက်အလက်များကို ကမ္ဘာ့သဘာဝအရင်းအမြစ်ဌာန World Resources Institute (WRI)မှ ရရှိသည်။ WRI သည် နယ်စွန်နယ်ဖျားသစ်တောများနှင့် မပျက်မစီးသေးသော သစ်တောများ Intact Forest Lanscapes (IFL) ဒေသအဆင့်နှင့် တစ်ကမ္ဘာလုံးအဆင့်အထိ ၁၉၉၀ ခုလွန်နှစ်များစ၍ မြေပုံရေးဆွဲနေသော ဌာနဖြစ်သည့် WRI က IFL ကို အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ လူသားတို့၏ စီးပွားရေးဆိုင်ရာ အလုပ်အကိုင်များ၏ လွှမ်းမိုးသက်ရောက်မှုအနည်းဆုံးသာရှိသော သစ်တောနှင့် သစ်တောမဟုတ်သော ဂေဟစနစ်များပါဝင်သော ယနေ့ရှိနေသည့် ကမ္ဘာ၏ သစ်တောဇရိယာနယ်ပယ်ဖြစ်သည်။ ဤနယ်ပယ်၏ ဇရိယာအကျယ်အဝန်းမှာ အနည်းဆုံး စတုရန်းကီလိုမီတာ (၅၀၀)= ဟက်တာ (၅၀၀၀၀)နှင့် အနည်းဆုံးအကျယ်(၁၀)ကီလိုမီတာ (စက်ဝိုင်းတစ်ခု၏ အချင်းအဖြစ် တိုင်းတာပြီး နယ်ပယ်နယ်နိမိတ်အတွင်း ပါဝင်သည်။)

IFL အဖြစ် တရားဝင်အသိအမှတ်ပြုထားသော သစ်တောအားလုံးနှင့် အထက်ပါသတ်မှတ် ဖော်ပြချက်များနှင့် ကိုက်ညီသော အခြားသစ်တောအားလုံးကို ထိုအချက်များနှင့် မကိုက်ညီသော ထင်ရှားသည့်အထောက်အထားများ မရှိလျှင် HCV 2 ဖြစ်နိုင်စရာ အလားအလာရှိသော နေရာဟုပင် ယူဆသင့်သည်။ နိုင်ငံတစ်ခုတွင် IFL တစ်ခုသည် HCV -2 ဖြစ်နိုင်မဖြစ်နိုင် အပြီးသတ်ဆုံးဖြတ်ရန်မှာ သစ်တော၏ အရည်အသွေးပေါ်တွင် မူတည်ပေသည် (ဥပမာ- သစ်တောအနေအထား၊ မျိုးစိတ်များ ပါဝင်မှုနှင့် အဓိကပါဝင်ပတ်သက်သူများ၏ ညှိနှိုင်းဆွေးနွေးပွဲရလဒ်တို့ ဖြစ်သည်။ သို့ဆိုစေကာမူ HCV-2 အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ ကမ္ဘာအနှံ့(သို့) ဒေသကြီးအတွင်း (သို့) နိုင်ငံအတွင်း ထင်ရှားရှိသော ကြီးမားသည့် မြေယာအခင်းအကျင်းအဆင့် ဂေဟစနစ်နှင့် သဘာဝအလျောက် ရှိနေကြသော မျိုးစိတ်များ အမြောက်အများရှိပြီး ဆက်လက်ရှင်သန်နိုင်သော ပမာဏရှိသည့် ဇရိယာကို ဆိုလို သည်။

## သတင်းအချက်အလက်ရင်းမြစ်များ

- မြေပုံထုတ်လေ့လာသောစနစ်များ(GIS) နှင့် မြေပြင်သစ်တောဖုံးလွှမ်းမှု ဆန်းစစ်ခြင်း (ဥပမာ သစ်တောကွင်းများနှင့်ဆိုင်သော အချက်အလက်များ၊ မပျက်မစီးသေးသော (ရေထိန်းနှင့် ရေဖမ်းနေရာများ) အဝေးအာရုံခံစနစ်၊ ဂြိုလ်တုရုပ်ပုံများ
- ထိန်းသိမ်းရေးဆက်စပ်ဇရိယာ (သို့) ကြားခံဇုံအဖြစ် အရေးပါသော မြေပြင်အခင်းအကျင်း ဇရိယာမြေပုံများ
- ကွင်းဆင်းတိုင်းတာမှု (ဥပမာ- သစ်ပင်အရွယ်အစား၊ သိပ်သည်းမှုသက်တမ်းခွဲခြားမှု၊ အမိုးပုံစံ၊ ခြောက်သွေ့ဒေသတွင် သစ်ပင်သစ်တော ဖုံးလွှမ်းမှုတိုက်စားမှု လက္ခဏာများ၊ ရေ၏ အရည်အသွေး) စသည် ဂေဟစနစ်ကို နားလည်ရန် ဖြစ်မည်။)
- လူနေထိုင်မှု၊ ဒေသခံများနှင့် တွေ့ဆုံဆွေးနွေးမှု၊ အမဲလိုက် ထောင်ချောက်ဆင်ခြင်၊ တောရှင်းခြင်း စသည်
- ဦးစားပေးမြေယာအခင်းအကျင်းများနှင့် ပတ်သက်၍ ကျွမ်းကျင်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း







17 http://www.intactforests.org/concept.html
18 www.intactforests.org
19 See for example the landscape species approach: http://wcslivinglandscapes.com/WhatWeDo/LandscapeSpeciesAnalysis/tabid/3737/Default.aspx

# HCV ၂

## ၃.၂.၃ နမူနာလေ့လာချက်

## ကြီးမားသော မြေယာအခင်းအကျင်းအဆင့် ဂေဟစနစ်နှင့် အသွင်သဏ္ဌာန်များ




| | |
|---|---|
| **Site** | Mistik FMA, Saskatchewan, Canada |
| **Ecosystem** | Boreal forest |
| **Assessment context** | HCV Assessment for FSC Certification |

Mistik Forest Management Area သည် ကနေဒါနိုင်ငံ Sas Katchewan ဒေသတွင် ဟက်တာပေါင်း ၁.၈သန်းခန့်ကို လွှမ်းခြုံပါသည်။ ၎င်းဧရိယာမှာ ကနေဒါနိုင်ငံ၏ ချဲ့ထွင်သော သမပိုင်းသစ်တော၏ အစိတ်အပိုင်းဖြစ်ပြီး Saskatchewan ဒေသသည် အကြီးစားကျွန်းသစ်ထုတ်ယူမှု သမိုင်းကြောင်းမရှိခဲ့သဖြင့် စီမံခန့်ခွဲရေးဧရိယာအများစုသည် မထိတွေ့ရသေးပေ။ ထို့ပြင် ကနေဒါနိုင်ငံ၏ သစ်တောလုပ်ထုံးလုပ်နည်းသည် coarse filter နည်းဗျူဟာကိုသုံးပြီး ၎င်းဖြင့် မြေယာအခင်းအကျင်းအတွင်းရှိ သစ်တောများ၏ အကျယ်အဝန်း၊ သက်တမ်းနှင့်ဖြန့်ဝေမှုကို ထိန်းသိမ်းထားပြီးသားဖြစ်သည်။ ဤသဘာဝသစ်တော မြေယာအခင်းအကျင်းသည် အဓိက မီးဘေးအနောက်အယှက်မှ ကင်းဝေးသဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစနစ်ဖြင့် သစ်ထုတ်လုပ်ငန်းလုပ်ဆောင်မှုသည် သဘာဝအနှောက်အယှက်ကို တုယောင်ထားသည်။ ကနေဒါနိုင်ငံ၏ HCV အဓိပ္ပါယ်ဖော်မှုအရ သစ်ထုတ်လုပ်ရေး လုပ်ထုံးများတွင် အဓိကသစ်တောဧရိယာများကို ကာကွယ်စောင့်ရှောက်ထားခြင်း ပါဝင်သည်။ ယင်းအဓိက သစ်တောဧရိယာများကို အနှစ်၂၀တိုင် မခုတ်ထွင်ထားသော ဧရိယာများကို ကာကွယ် စောင့်ရှောက်ထားခြင်းပါဝင်သည်။ ယင်းအဓိက သစ်တောဧရိယာများကို အနှစ်၂၀တိုင် မခုတ်ထွင်ထားသော ဧရိယာအဖြစ် အဓိပ္ပါယ်သတ်မှတ်ထားပြီး အမြဲတမ်း ယဉ်ကျေးမှုရှိရာနေရာနှင့် မီတာ၅၀၀ခန့် ဝေးသည်။ ထို့ပြင် လွန်ခဲ့သော အနှစ်၂၀အတွင်း ခုတ်ထွင်ထားသော သစ်တောများနှင့်လည်း ၅၀၀မီတာခန့်ဝေးသည်။ Mistik သစ်တော စီမံခန့်ခွဲရေးဧရိယာ၏ ၅၀ရာခိုင်နှုန်းခန့်ကို သဘာဝအတိုင်း ဖြန့်ဝေမှုဖြင့်ရှိနေသော အဓိကသစ်တောအဖြစ် အဓိပ္ပါယ်သတ်မှတ်သည်။







References:
1 Clark, T. and Burkhardt, R. 2009. High Conservation Value Forest in the Mistik FMA Area, Version 1.4.
http://www.hcvnetwork.org/resources/assessments/Mistik%20HCVF%20vers%201.4%202008Jul7%20PDF-1.pdf

## ၃.၃ HCV ၃ ဂေဟစနစ်နှင့် ရှင်သန်နေထိုင်မှု

ရှားပါးသော၊ ခြိမ်းခြောက်ခံနေရသော မျိုးသုဉ်းအန္တရာယ်ရှိသော ဂေဟစနစ်များ၊ ရှင်သန်နေထိုင်မှုများ၊ နားခိုရာနေရာများ

### ၃.၃.၁ အဓိက ဝေါဟာရများနှင့် အယူအဆများ

HCV ၃ တွင် ဂေဟစနစ်များနှင့် စားကျက်မြေများ ပါဝင်သည်။ ၎င်းတို့သည် ရှားပါးခြင်း၊ ၎င်းတို့ ရင်ဆိုင်ရသော ခြိမ်းခြောက်မှု ၎င်းတို့၏ ရှားပါးသော ထူးခြားသော မျိုးစိတ်ဖွဲ့စည်းမှုနှင့် တခြားသွင်ပြင် လက္ခဏာရပ်များကြောင့် ထူးခြားစွာ အရေးပါသည်။ ရှားပါးသော ဂေဟစနစ်များကို အဓိပ္ပါယ်ဖွင့်ဆိုနိုင်ရန် လူတို့သည် တူညီသော ပထဝီအနေအထားရှိ တူညီသော ဂေဟစနစ်များကို ထည့်သွင်းစဉ်းစားရမည်။ ဂေဟစနစ်များ၏ အရွယ်အစား၊ ကြာရှည်မှု တည်ဆောက်ပုံနှင့် မျိုးစိတ်ဖွဲ့စည်းပုံတို့သည် အရေးပါသော စံနှုန်းများဖြစ်သည်။ ဥပမာ နေရာတစ်ခု၊ နိုင်ငံတစ်ခုတွင်ပေါများ ကြွယ်ဝသော ဂေဟစနစ်တစ်ခုသည် တခြားတစ်နေရာတွင် ရှားပါးနိုင်သည်။ အနည်းငယ်သာ ဖြစ်နေနိုင်သည်။

ဂေဟစနစ်များ ဂေဟစနစ်များဆိုသည်မှာ အပင်များ၊ သတ္တဝါများ၊ ပိုးမွှားများ ဖွဲ့စည်းတည်ရှိမှုနှင့် ၎င်းတို့ နေထိုင်သည့် သက်မဲ့ပတ်ဝန်းကျင်ကြီးတို့ အပြန်အလှန်ဆက်နွယ်နေသော လုပ်ဆောင်ချက်ယန္တရားတစ်ခု ဖြစ်သည်။ လက်တွေ့ကျသော ချဉ်းကပ်နည်းမှာ ကောက်ပဲသီးနှံအမျိုးအစားခွဲခြင်း၊ ဂြိုလ်တုမှရုပ်ပုံများကို ကြည့်ရှုခြင်းနှင့် အဝေးမှ သိရှိနိုင်သော နည်းလမ်းများဖြင့် သိရှိနိုင်ခြင်းဖြစ်သည်။

ရှင်သန်နေထိုင်မှု ရှင်သန်နေထိုင်မှု ဆိုသည်မှာ လူဦးရေသို့မဟုတ် တိရစ္ဆာန်ဦးရေတို့ နေထိုင်ကျက်စားသော နေရာ အမျိုးအစားများ ဖြစ်သည်။

ထို့ကြောင့် မျိုးစိတ်အဆင့် စီမံခန့်ခွဲမှုအတွက် မရှိမဖြစ်လိုအပ်သည်။) ရှင်သန်နေထိုင်ရာ နေရာများသည် အထက်တွင် ဖော်ပြသကဲ့သို့ပင် အသွင်တူနိုင်ကြသည်။ ဥပမာ တစ်ချို့သော ကျောက်ဆောင်ထုထပ်သည့်နေရာမှ ကောက်ပဲသီးနှံများသည် ရှားပါးမျိုးစိတ်များအတွက် ရှင်သန်နေထိုင်ရာနေရာ ဖြစ်နေနိုင်သည်။ ရာသီအလိုက်ဖြစ်သော စိမ့်မြေများသည် မြက်ခင်းပြင်အတွင်းရှိ တစ်ချို့သော ပိုးမွှားများအတွက် အရေးပါသည်။

Refugia နားခိုရာ နေရာနှစ်မျိုးရှိသည်။ ၎င်းတို့သည် HCV များဖြစ်ကြသည်။

- ဂေဟစနစ်ဆိုင်ရာ နားခိုးရာနေရာ- လက်ရှိအပြောင်းအလဲများမှ ကာကွယ်ထားသော သီးခြားစီဖြစ်နေသည့် နေရာများ (ဥပမာ လူသားများ၏ ခြိမ်းခြောက်မှု ရာသီဥတုဆိုင်ရာ ဖြစ်စဉ်) ဒေသတစ်ခုရှိ တိရစ္ဆာန်များနှင့် အပင်များရှင်သန်နိုင်သော နေရာ
- ဆင့်ကဲဖြစ်ပေါ်သော နားခိုရာနေရာ- ရာသီဥတုဖြစ်စဉ်များကြောင့် နေထိုင်ကျက်စားနိုင်သော ဇရိယာများ လျော့ကျနေစဉ်တွင် တောင့်ခံနိုင်သော သတ္တဝါမျိုးစိတ်များရှိနေသည့်နေရာ။ ထိုနားခိုရာနေရာများသည် မြင့်မျိုးစိတ်ပေါ်ကြွယ်ဝမှုရှိပြီး ဒေသအလိုက်မျိုးစိတ်များလည်း ထူးခြားစွာ များပြားသည်။

ရှားပါးမှုနှင့် ထူးခြားမှုကို ဆုံးဖြတ်နိုင်ရန် ဆုံးဖြတ်ချက်များသည် ကျယ်ပြန့်စွာလက်ခံထားသော ဇီဝကပထဝီဆိုင်ရာ ၁ဝနှင့် သန်း၁ဝဝ ဟက်တာအကြားရှိယူနစ်များပေါ်တွင် အခြေခံထားသင့်သည်။ သို့မဟုတ် ၎င်းအရွယ်အစားရှိသော နိုင်ငံရေး၊ နိုင်ငံနှင့်ခရိုင်ယူနစ်များအပေါ် အခြေခံသင့်သည်။ ဥပမာ WWF ၏ Ecoregion သို့မဟုတ် ၎င်းနှင့် တူညီသော ကျယ်ပြန့်သည် သို့မဟုတ် ထပ်နေသည့် ကောက်ပဲသီးနှံနှင့် ဇီဝမျိုးကွဲများအပေါ် အခြေခံသည့် မြေယာအမျိုးအစား ခွဲခြားခြင်းအပေါ်တွင် အခြေခံသင့်သည်။ ရှားပါးသော ဂေဟစနစ်များကို အဓိပ္ပါယ်သတ်မှတ်ရန် တူညီသော ဇီဝပထဝီဆိုင်ရာဒေသ သို့မဟုတ် နိုင်ငံတွင် ၎င်းနှင့်တူညီသော ဂေဟစနစ်များရှိ/ မရှိကို ထည့်သွင်းစဉ်းစားရမည်။ ဥပမာ အင်ဒိုနီးရှားနိုင်ငံတွင် ၎င်း၏မူလအခြေအနေမှ ၅ဝရာခိုင်နှုန်း သို့မဟုတ် ပို၍ ဆုံးရှုံးထားသော ဂေဟစနစ်များကို HCV ၃အဖြစ် သတ်မှတ်သည်။



20 *FSC Principles and Criteria V 5.0*
21 *Idem.*



**အောက်ပါတို့သည် HCV ၃အဖြစ် အရည်အသွေးပြည့်မီသည်။အောက်ပါတို့ဖြစ်ပွားသော ဂေဟစနစ်များ**

- သဘာဝအရ ရှားပါးသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့သည် ဒေသတွင်း၌သာဖြစ်သော မြေဆီလွှာအမျိုးအစား၊ တည်နေရာ၊ ရေရရှိမှု၊ တခြားသောရာသီဥတုဆိုင်ရာ ရုပ်ပိုင်းဆိုင်အသွင်လက္ခဏာများ
- လူသားများကြောင့် ရှားပါးခြင်း-အဘယ်ကြောင့်ဆိုသော် လူတို့၏ လုပ်ဆောင်မှုများကြောင့် ဂေဟာစနစ်၏အကျယ်သည် ၎င်း၏သမိုင်းခေတ်ကထက်နှိုင်းလျှင် အတော်လျော့ကျသွားခဲ့သည်။ ဥပမာ မြေဆီလွှာများပေါ်တွင် သဘာဝအရ ရာသီအလိုက်ရေလွှမ်းမိုးခြင်း၊ မူလရှိရင်းစွဲ သစ်တောများကို ရှင်းလင်းပြီးသော ဒေသများတွင် ကျန်ရှိသောမူလသစ်တောများ
- Threatened or endangered (e.g. rapidly declining) due to current or proposed operations.
- ကမ်းလှမ်းထားသော သို့မဟုတ် နိုင်ငံတကာစနစ်တွင် ခြိမ်းခြောက်ခံနေရသောအမျိုးအစား (ဥပမာ IUCN အနီရောင်အဆင့်ဂေဟာစနစ်)

## ၃.၃.၂ အညွှန်းများနှင့်အချက်အလက်ရင်းမြစ်များ

### အညွှန်းများ

တစ်စုံတစ်ရာသော အညွှန်းများများ ရှိနေသောအခါတွင် HCV ၃ရှိနေသည်ဟု မန်နေဂျာများဟု ယူဆထားနိုင်သည်။ ဥပမာ -

- များပြားလှသောသဘာဝဂေဟာစနစ်များကို ရှင်းလင်းပစ်ပြီးအခြားသော ဂေဟာစနစ်များသည်လည်း ဖွံ့ဖြိုးမှုများကြောင့် ရိုက်ခတ်ခံရသောအခါ ကျန်ရှိသော သဘာဝဂေဟာစနစ်များသည် HCV ၃
- Where ecosystem proxies indicate the presence of RTE ecosystems, even if these are inaccessible or have not been confirmed on the ground.

ဂေဟာစနစ်အလားအလာများသည် RTE ဂေဟာစနစ်အညွှန်းများကို ပြသောအခါ ၎င်းမှာမရရှိနိုင်လျှင်ပင် သို့မဟုတ် အတည်မပြုရသေးလျှင်ပင် ဂေဟာစနစ်များ၏ မျိုးစိတ်ဖွဲ့စည်းပုံနှင့်ပတ်သက်ပြီး အနည်းငယ်သာသိသောအခါ ဇီဝရုပအကြောင်းရပ်များ ဖြစ်သည်။ မြေဆီလွှာနှင့်ရာသီဥတုကို ကောက်ပဲသီးနှံယူနစ်တစ်ခုအတွက် သင့်တော်သောအလားအလာတစ်ခုပေးရန် ပေါင်းစပ်နိုင်သည်။ ထို့နောက်တွင် ရှိနေသောဂေဟာစနစ်သည် ရှားပါးသလော၊ ခြိမ်းခြောက်ခံနေရသလော၊ သုံးသပ်ချက်တစ်ခုပြုလုပ်ရမည်။

### Data sources

Where available, national classification systems of ecosystems and habitats and their rarity or threat status should be consulted. A gap analysis may be appropriate for determining which ecosystems in the MU are scarce in the region or in national protected areas, and which therefore merit HCV 3 status.

IUCN is coordinating the development of an Ecosystem Red List. This list will reflect extinction risks at local, regional and global levels, using the threat categories which are already used for species: Vulnerable, Endangered and Critically Endangered. Once operational, this will be an important resource for countries where little or no information exists on national ecosystem prioritisation (see http://www.iucnredlistofecosystems.org/).

22 www.iucnredlistofecosystems.org/

## HCV ၃

### ၃.၃.၃ | နမူနာလေ့လာချက်
### ဂေဟာစနစ်များနှင့်စားကျက်မြေများ




La Plata ချိုင့်ဝှမ်းသည် တောင်အမေရိကရှိ မြက်ခင်းပြင်များကို ထောက်ပံ့ပေးထားပြီး အာဂျင်တီးနားနိုင်ငံရှိ Pampas ဂေဟာဒေသပါဝင်သည်။ ၎င်းဒေသသည် မျိုးစိတ်အဖွဲ့အစည်းပေါင်းများစွာကို ထောက်ပံ့ပြီး မြက်မျိုးစိတ် ၅၅၀ နှင့် ငှက်မျိုးစိတ် ၅၀၀ခန့် ပါဝင်သည်။ တစ်ချို့သော အပင်များသည် ခြောက်သွေ့သော ရာသီဥတုနှင့် ကိုက်ညီအောင် နေနိုင်စွမ်းရှိသည်။ ဤမြက်ခင်းပြင်ဒေသတွင် ဒေသအလိုက် တိရစ္ဆာန်များနည်းပါးပြီး ဇီဝမျိုးကွဲများပြားသည်။ La Plata ချိုင့်ဝှမ်းတစ်လျှောက်တွင်  မြက်ခင်းပြင်များသည် 750000 စတုရန်းကီလိုမီတာအထိ ပျံ့နှံ့သည်။ သို့သော် အာဂျင်တီးနားနိုင်ငံရှိ Pampas မြက်ခင်းပြင်မှာမူ မွေးမြူရေးတိရစ္ဆာန်များ စားကျက်အဖြစ်သုံးခြင်းနှင့် ပဲပိစပ် စိုက်ပျိုးခြင်းတို့ကြောင့် ရှားပါးလာခဲ့သည်။ အာဂျင်တီးနားမှ Pampas မြက်ခင်းပြင်၏ ၃၀ရာခိုင်နှုန်းသည်သာ သဘာဝအရဖြစ်စေ၊ တစ်ဝက်တစ်ပျက် သဘာဝအရဖြစ်စေ ဆက်လက် ကျန်ရှိနေသည်။ ယင်းမြက်ခင်းပြင်၏ ၁ရာခိုင်နှုန်းကိုသာ တရားဝင် ကာကွယ်စောင့်ရှောက်ထားသည်။ WWF သည် Pampas ဂေဟာဒေသ၏ စိုစွတ်သော တစ်ဝက်တစ်ပျက် ခြောက်သွေ့သော အခြေအနေကို အရေးတကြီးအန္တရာယ် ကျရောက်နေသည်ဟု သတ်မှတ်သည်။ ပြီးခဲ့သော အနှစ်၄၀အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ချဲ့ထွင်လာခြင်းသည် ယခင်က ကျယ်ပြန့်စွာ ရှိခဲ့သောဂေဟာဒေသသည် ယခုတွင် အရွယ်အစားအရ လျော့နေပြီဟု ဆိုလိုသည်။ ထို့ကြောင့် ၎င်းမြက်ခင်းပြင်သည် HCV ၃ စံနှုန်းအောက်တွင် နိုင်ငံတွင်း သို့မဟုတ် ဒေသတွင်းအရ ခြိမ်းခြောက်ခံနေရသော ဂေဟာစနစ်အဖြစ် အရည်အသွေးပြည့်မီပါသည်။

| | |
|---|---|
| **Site** | Argentina |
| **Ecosystem** | Humid and semi-arid Pampas ecoregions |
| **Assessment context** | Conservation priority setting |





References:
1 Michelson, A. 2008. TEMPERATE GRASSLANDS OF SOUTH AMERICA. Prepared for The World Temperate Grasslands Conservation Initiative Workshop Hohhot, China - June 8 & 29, 2008. http://cmsdata.iucn.org/downloads/pastizales_templados_de_sudamerica.pdf
2 Bilenca, D. and Miñarro F. 2004. Conservation strategy for the natural grasslands of Argentina, Uruguay and southern Brazil Phase II. Identification of Valuable Grasslands Areas (VGAs). http://www.hcvnetwork.org/resources/folder.2006-09-29.6584228415/Valuable%20Grassland%20Areas%20Argentina.pdf
3 http://worldwildlife.org/ecoregions/nt0806, http://worldwildlife.org/ecoregions/nt0803



## ၃.၄ HCV ၄ ဂေဟစနစ်ဝန်ဆောင်မှုများ

ရေရရှိရေးထိန်းသိမ်းစောင့်ရှောက်မှုနှင့် အားနည်းသောမြေများ မတ်စောက်ဆင်ခြေလျှောများ တိုက်စားမှုကို ထိန်းချုပ်ခြင်းအပါအဝင် အရေးကြီးသော အခြေအနေများတွင်ရှိသော အခြေခံ ဂေဟစနစ်ဝန်ဆောင်မှုများ

### ၃.၄.၁ အဓိကဝေါဟာရများနှင့် အယူအဆများ

#### အခြေခံဂေဟစနစ်ဝန်ဆောင်မှုများ

ဂေဟစနစ်ဝန်ဆောင်မှုဆိုသည်မှာ အစားအစာနှင့် ရေကဲ့သို့သော ထောက်ပံ့ရေး ဝန်ဆောင်မှုများ၊ ရေလွှမ်းမိုးမှု၊ မိုးခေါင်မှု မြေယာအရည်အသွေးကျဆင်းမှုနှင့် ရောဂါဘယများကို ထိန်းညှိပေးခြင်းကဲ့သို့သော ထိန်းညှိရေးဝန်ဆောင်မှုများအပါအဝင် ဂေဟစနစ်များမှ လူတို့ရရှိနိုင် သော အကျိုးရလဒ်များဖြစ်သည်။ထို့ပြင် အပန်းဖြေခြင်း၊ စိတ်ဝိညာဉ်ဆိုင်ရာ ၊ဘာသာရေးဆိုင်ရာနှင့် တခြားသော ရုပ်ဝတ္ထုမဟုတ်သည့် အကျိုးရလဒ်များဖြစ်သည်။ထိုအခြေခံဝန်ဆောင်မှုများသည် အရေးပါသော အခြေအနေတွင် HCV ၄ များဖြစ်လာသည်။

#### အရေးကြီးသော အခြေအနေများ

ဂေဟစနစ် ဝန်ဆောင်မှုတစ်ခုသည် ၎င်းကို ဖြတ်တောက်လိုက်သောအခါ ပြင်းထန်သော၊ ကပ်ဘေးသင့်သော စုပေါင်းဖြစ်ပေါ်သော ဆိုးကျိုးသည် ဒေသခံလူ့အဖွဲ့အစည်းများ၏ ကောင်းကျိုး၊ ကျန်းမာရေး၊ အသက်ရှင်နိုင်မှုအပေါ် ကျရောက်လာသောအခါ အရေးပါသော အခြေခံအဆောက်အအုံ (လမ်း၊ ရေကာတာ၊ ရေလှောင်ကန်၊ ရေအားလျှပ်စစ်စီမံကိန်း၊ ဆည်မြောင်းနှင့် အဆောက်အဦး) များ၏ လုပ်ဆောင်လည်ပတ်မှုအပေါ် ဆိုးကျိုးကျရောက်လာသောအခါ သို့မဟုတ် တခြားသော HCVs များအပေါ် ဆိုးကျိုးကျရောက်လာသောအခါတွင် အရေးပါလာပါသည်။

အရေးကြီးသော အခြေအနေများ၏ အယူအဆသည် အောက်ပါတို့နှင့် ဆက်နွယ်နေသည်။

- ဂေဟစနစ်ဝန်ဆောင်မှုတစ်ခု ဆုံးရှုံးခြင်း သို့မဟုတ် အထိအခိုက်အပျက်အဆီးတစ်ခု ဖြစ်လာခြင်းသည် ယင်းဂေဟစနစ်ဝန်ဆောင်မှုကို လက်ခံနေသောသူကို ချက်ချင်းဖြစ်စေ အချိန်အပိုင်း အခြားဖြင့်ဖြစ်စေ၊ ပြင်းထန်သော နစ်နာစေမှု၊ ခံစားနာကျင်စေမှု ဖြစ်ပွားစေသောအခါ (ဥပမာ အရေးကြီးသော မိုးခေါင်ချိန်တွင် ရေထောက်ပံ့မှုလုပ်ဆောင်ချက်) သို့မဟုတ်
- ယင်းဂေဟစနစ်ဝန်ဆောင်မှု ပျက်ယွင်းသွားပါက အားကိုးနိုင်သော လွယ်ကူစွာရရှိနိုင်မည့် တခြားနည်းလမ်း မရှိသောအခါ (ဥပမာ ရေပန်းများ၊ ရေတွင်းများ)

အရေးကြီးသော အခြေအနေများတွင် HCV ၄ ကို ထောက်ပံ့ပေးသော ထိန်းညှိပေးသော ဝန်ဆောင်မှုတစ်ခုအဖြစ် တွေးတောခြင်းသည် အသုံးဝင်နိုင်သည်။ဂေဟစနစ် ထောက်ပံ့ပေးရေး ဝန်ဆောင်မှုများသည် HCV ၅နှင့် ၆တို့တွင် တစ်ခုနှင့်တစ်ခု ထပ်မိနိုင်သည်။ ၎င်းကို နောက်ပိုင်းအခန်းများတွင် အသေးစိတ်ဖော်ပြထားသည်။

ဇယား(၂) Millionium Ecosystem Assessment (2005) မှ ပြုပြင်ပြင်ဆင်ထားသော ဂေဟစနစ် ဝန်ဆောင်မှု အမျိုးအစားများ ထောက်ပံ့ပေးရေး နှင့် ထိန်းညှိဝန်ဆောင်မှုများသည် HCV ၄ နှင့် ပတ်သက်သည်။ ထောက်ပံ့ပေးရေးသည် HCV ၅ တွင် လူသားများ၏ ကောင်းကျိုးနှင့် အသက်မွေး ဝမ်းကျောင်းမှုနှင့် ပတ်သက်သည်။ ယဉ်ကျေးမှုဂေဟစနစ် ဝန်ဆောင်မှုသည် ယဉ်ကျေးမှု ဖော်ထုတ် ခြင်း(HCV ၆) နှင့် ပတ်သက်သည့် တစ်ချို့သော ဝန်ဆောင်မှုများတွင် တစ်ခုနှင့် တစ်ခု ထပ်နေသည်တို့ ရှိနိုင်သည်။ ဥပမာ ရေစီးဆင်းမှု ထိန်းညှိခြင်း၊ ရေသန့်စင်ခြင်း HCV ၄ သည် သောက်သုံး ရေထောက်ပံ့ပေးခြင်း ( HCV ၅) နှင့် ထပ်နေနိုင်သည်။

ဇယား ၂ ဂေဟစနစ်ဝန်ဆောင်မှု အမျိုးအစားများ

| HCV အရေးကြီးသော အခြေအနေတွင် အရေးကြီးသော အခြေအနေတွင် | ဂေဟစနစ်ဝန်ဆောင်မှု | ဂေဟစနစ်ဝန်ဆောင်မှုနမူနာ |
|---|---|---|
| HCV ၄ | ထောက်ပံ့ပေးရေးနှင့် ထိန်းသိမ်းပေးရေး | ရေလွှမ်းမိုးမှု ထိန်းညှိခြင်း<br>ရေသန့်စင်စေခြင်း ရာသီဥတု ထိန်းညှိခြင်း<br>မျိုးစိတ်ဖရင်းဖြစ်များ မြေဆီလွှာဖွဲ့စည်းပုံ<br>အာဟာရပြန်လည်ဖြည့်တင်းနိုင်မှု<br>အစဦးထုတ်လုပ်မှု |
| HCV ၅ | ထောက်ပံ့ပေးရေး | အစားအစာ<br>ရေချို<br>သစ်သားနှင့်ဖိုက်ဘာ<br>လောင်စာ |
| HCV ၆ | ယဉ်ကျေးမှု | အနုပညာဆိုင်ရာ<br>စိတ်ဝိညာဉ်ဆိုင်ရာ<br>ပညာရေးဆိုင်ရာ<br>အပန်းဖြေရေးဆိုင်ရာ |

23 Definition adapted from the Millennium Ecosystem Assessment



လက်တွေ့တွင် HCVN I အများအပြားသည် HCV ၄၏လက်အောက်တွင် အဓိကခေါင်းစဉ်(၃)ခုကို အသုံးပြုပါသည်။ ရေရရှိရေးအတွက် အရေးပါသောဧရိယာ၊ ကုန်းမြေတိုက်စားမှုကို ထိန်းချုပ်ရန် အရေးပါသောဧရိယာနှင့် မီးဘေးကို အကာအကွယ်ပေးသောဧရိယာ များစသည်ဖြင့် ဖြစ်သည်။ အရေးပါသော ရေရရှိရေးနှင့် မြေဆီလွှာတိုက်စားမှု ထိန်းချုပ်ရေးတို့သည် လူအသိအများဆုံးသော HCV ၄ပုံစံများ ဖြစ်ကြသည်။ သို့သော် တခြားအရာများလည်း ရှိပြီး ၎င်းတို့မှာ ဒေသဆိုင်ရာအရ အရေးပါသည်။ တစ်ချို့သော HCVN I များသည် အခြားသောအရေးပါသည် ဂေဟစနစ် ဝန်ဆောင်မှုများကိုပါ ပေါင်းထည့်ပေးထားပါသည်။ ဥပမာ အင်ဒိုနီးရှားနိုင်ငံ တွင်ရှိသော ဝတ်မှုံကူးခြင်းဝန်ဆောင်မှုနှင့် ဂါနာနိုင်ငံရှိ လေအရှိန်ရာယ်ကာကွယ်မှုတို့ ဖြစ်သည်။

ဧရိယာတစ်ခုသည် ယင်းဝန်ဆောင်မှုများမှ တစ်ခုကို အရေးကြီးသောအခြေအနေ များတွင် ကာကွယ်ထောက်ပံ့ပေးထားပါက ၎င်းကို HCV ၄ အဖြစ် စဉ်းစားနိုင်သည်။ ဥပမာ သစ်တောတစ်ခုသည် ရေရရှိရေးနေရာတစ်ခုတွင် ရေစီးဆင်းမှုကို ထိန်းညှိနိုင်ရန် လုပ်ဆောင်ချက်တစ်ခုကို ထောက်ပံ့ပေးထားနိုင်သည်။ ၎င်းဝန်ဆောင်မှု၏ လူများသည် သောက်ရေနှင့် ဆည်မြောင်းအတွက် ၎င်းရေကို မှီခိုနေရသောအခါတွင် အရေးပါလာနိုင်သည်။ သို့မဟုတ် ရေစီးဆင်းမှုထိန်းညှိမှုက ဒေသခံလူများမှီခိုနေသော စိုက်ပျိုးမြေနှင့် ငါးမွေးမြူရေးတို့အတွက် အာမခံချက်ပေးထားလျှင် ၎င်းဝန်ဆောင်မှုသည် အရေးပါလာနိုင်သည်။ ထို့အတူပင် သစ်တောတစ်ခုသည် လူများအခြေချနေထိုင်ရာ၏ အထက်ဘက်ရှိ မတ်စောက်ဆင်ခြေလျှောများကို ခိုင်မြဲစေရန်ဖြစ်စေ၊ အရေးပါသော ရေရရှိရေးနေရာ၏ အထက်ဘက်ရှိ မတ်စောက်ဆင်ခြေ လျှောများကို ခိုင်မြဲစေရန်ဖြစ်စေ အရေးပါသော လုပ်ဆောင်ချက်တစ်ခုကို ထောက်ပံ့ပေးထားနိုင်သည်။ ယင်းဝန်ဆောင်မှုသည် အနှောင့်အယှက်ပေးသော လုပ်ငန်းတစ်ခုက လူများ၏ပိုင်ဆိုင်မှုများ၊ အသက်မွေးအလုပ်များအပေါ် ရိုက်ခတ်မှုရှိသော မြေဆီလွှာတိုက်စားကို ဖြစ်ပေါ်စေသည်ဆိုပါက အရေးပါလာနိုင်သည်။ မထိတွေ့ရသေးသော မြက်ခင်းပြင်များကို ထိန်းသိမ်းခြင်းသည် မြေဆီလွှာအဖုံးအလွှာများက ခြောက်သွေ့သောရာသီဥတုကြောင့် ပြင်းထန်သောတိုက်စားမှု၊ သဲကန္တာရဖြစ်မှုအဖြစ် ဦးတည်လာသောအခါတွင် မရှိမဖြစ်လိုအပ်လာသည်။ တစ်ချို့သောရေချိုစနစ်များသည် ရေများကိုသန့်စင်စေရန် အကူအညီပေးရာတွင် အရေးပါနိုင်သည်။ အရေးပါသော မီးဘေးကာကွယ်မှုများသည် မီးလောင်မှုဖြစ်ပွားနိုင်သော နေရာများတွင် ဖြစ်ပွားနိုင်သည်။ ဥပမာ လူများအခြေကျနေထိုင်ရာနေရာ၊ အရေးပါသော ယဉ်ကျေးမှုနေရာ၊ ကာကွယ်ထိန်းသိမ်းထားသောနေရာ သို့မဟုတ် တခြား HCV နေရာများနှင့် သဘာဝဂေဟစနစ်က မီးဘေးကို ကာကွယ်ထားပြီးသားနေရာတို့ ဖြစ်သည်။ ယင်းဥပမာများအားလုံးတွင် တန်ဖိုးကို အဓိပ္ပါယ်သတ်မှတ်သောအရာမှာ သဘာဝပတ်ဝန်းကျင် ဝန်ဆောင်မှုများကို အသုံးပြုနေသော၊ မှီခိုနေသော လူများရှိနေမှုပင် ဖြစ်သည်။



ရေရယူမှုကို ကာကွယ်ခြင်း HCV ၄ သည် သဘာဝရေရယူမှုတွင် မြစ်နှင့် စမ်းချောင်းထိန်းညှိခြင်းအတွက် အသုံးချနိုင်သည်။ ဤရေထောက်ပံ့မှုများသည် သောက်သုံးရေကန်ချက်ပြုတ်ခြင်း၊ အဝတ်လျှော်ခြင်း၊ ဆည် မြောင်း၊ ငါးမျှားခြင်း တခြားရွေးချယ်စရာမရှိသော လူသားတို့၏ အသုံးအတွက် အရေးပါသည်။ ဤဝန်ဆောင်မှုများသည် နေရာကောင်းတွင် ထားရှိသော ထုတ်လုပ်ရေးနေရာများတွင်ပင် ညံ့ဖျင်းသောလုပ်ဆောင်ချက်များကြောင့် ပြတ်တောက်နိုင်သည်။ ဥပမာ စီမံခန့်ခွဲရေးယန္တရားတစ်ခုသည် နေရာတည့်တည့်သို့မဟုတ် တခြားနေရာတွင် ညစ်ညမ်းမှုဖြစ်စေခြင်း သို့မဟုတ် ရေစီးကြောင်းကို ရေကာတာဆောက်လုပ်ပိတ်လိုက်ခြင်း စသည်တို့ကြောင့် ဖြစ်သည်။ နယ်မြေမြေပြင်ရှုခင်းအတွင်းရှိ လုပ်ဆောင်ချက်အားလုံးသည် အောက်သို့စီးဆင်းသော ရေချိုများကို အကျိုးသက်ရောက်စေနိုင်သည်။ ၎င်းမှာ ဘယ်လောက်များသည်နှင့် ဘယ်လောက်ဝေးဝေးထိ အကျိုးသက်ရောက်နိုင်သည်သာ ကွာပါသည်။





အားနည်းသော မြေဆီလွှာများနှင့် မတ်စောက်ဆင်ခြေလျှောများ တိုက်စားမှုကို ထိန်းချုပ်ခြင်း HVC ၄ သည် သဘာဝကောက်ပဲသီးနှံ အမျိုးအစားများရှိသော နေရာများတွင်သာ ဖြစ်ပွားသည်။ ဥပမာ (သစ်တော သို့မဟုတ် ဇာတိမြက်ခင်းပြင်များ၊ ၎င်းတို့သည် တိုက်စားခြင်း၊ မြေပြိုခြင်း၊ သဲမုန်တိုင်းများနှင့် သဲကန္တာရဖြစ်မှုကို ကာကွယ်ပေးသည်။ ထိုသို့သော အဖြစ်အပျက်များ လူများနှင့် သဘာဝပတ်ဝန်းကျင်အပေါ်တွင် ရိုက်ခတ်မှုရှိသည်။ ထိုရိုက်ခတ်မှုများသည် ကပ်ဘေးသကဲ့သို့ ဖြစ်နိုင်သည်။ ဥပမာ မြေပြိုခြင်း သို့မဟုတ် ပြန်လည်ပြုပြင်ရန် ခဲယဉ်းမည့် (မြေဆီလွှာ မြေသြဇာကောင်းမှု ဖြေးဖြေးချင်းဆုံးရှုံးခြင်း၊ မြေကြီး၏ ထုတ်လုပ်နိုင်စွမ်း ကျဆင်း ခြင်း၊ မျက်နှာပြင်တိုက်စားခြင်းသည် ထိပ်ပိုင်းမြေဆီလွှာများဆုံးရှုံးမှုကိုဖြစ်ပေါ်စေသည်။ ၎င်းပြင် မြေကြီး၏ ထုတ်လုပ်နိုင်စွမ်း ကျဆင်းစေသည်။ ခြောက်သွေ့သော နေရာများတွင် သဲမုန်တိုင်းများ၊ သဲကန္တာရများ ဖြစ်စေနိုင်သည်။ မြေပြိုမှုများသည် ထုတ်လုပ်နိုင်စွမ်းရှိသော ဧရိယာကို လျော့နည်းစေသည်။ အခြေခံအဆောက်အအုံကို ပျက်စီးစေသည်။ လူ့အသက်ဆုံးရှုံးစေနိုင်သည်။ ရေစီးဆင်းမှု၊ သွင်ပြင်လက္ခဏာကို ပြောင်းလဲစေနိုင်သည်။ အနည်ကျမှုကို တိုးပွားစေပြီး ၎င်းပြင် ရေထုနှင့် ဆည်မြောင်းလမ်းကြောင်းတို့တွင် နုံးတင်ခြင်းကို ဖြစ်ပေါ်စေသည်။ ၎င်းမှာ အထူးသဖြင့် စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းတို့အတွက် အရေးကြီးသည်။ ရေချိုနှင့် ကမ်းရိုးတန်း ဇီဝမျိုးကွဲများအတွက် ဖြစ်သည်။

## Box 11: Why isn't Carbon Storage considered to be an HCV 4 service?

HCV ၄ ကို ယခုလက်ရှိအဓိပ္ပါယ်သတ်မှတ်ခြင်း၊ အဓိပ္ပါယ်ဖော်ထုတ်ခြင်းတွင် carbon ပါဝင်ခြင်းမရှိပေ။ carbon storage သည် အခြေခံသဘာဝဝန်ဆောင်မှုအဖြစ် အရည်အသွေးပြည့်မီသော်လည်း ဤစာအုပ်တွင် ဖော်ပြထားသော နမူနာထဲရှိ ဒေသခံလူ့အဖွဲ့အစည်းနှင့် နီးစပ်သော ဆက်နွယ်ချက်မရှိသည့်အပြင် အရေးကြီးသော အခြေအနေများကို အဓိပ္ပါယ်ဖော်ထုတ်ခြင်းနှင့် လည်း ကိုက်ညီခြင်းမရှိပေ။ အဘယ့်ကြောင့်ဆိုသော် ကောက်ပဲသီးနှံစိုက်ခင်း အမျိုးအစားတိုင်းတွင် carbonများ ပါဝင်နေသောကြောင့်ဖြစ်သည်။ များပြားလှသော နိုင်ငံတကာ စံနှုန်းသတ်မှတ်ရေးအဖွဲ့အစည်းများဖြစ်သည်။ CCBA, RSPO, RTRS, RSB နှင့် Bonsucro တို့သည် မြေယာ အသုံးစီမံခန့်ခွဲရေးတွင် ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်ခြင်းနှင့် ပတ်သက်ပြီး သီးခြားစံနှုန်းများကို ဆွေးနွေး တည်ထောင်ထားပြီးသားဖြစ်သည်။ ထိုပြင်တစ်ချို့သော အဖွဲ့အစည်းများသည် High carbon stock ကို သီးခြားHCV မဟုတ်သော အရေးကိစ္စတစ်ခုအဖြစ် အဓိပ္ပါယ်သတ်မှတ်ပေးထားသည်။

FSC အဖွဲ့ဝင်အများအပြားသည် High carbon Forest နှင့် Intact Forest Landscapes များကို HCVs များအဖြစ် အမျိုးအစားသတ်မှတ်ရန် အကြံပြုထားသည်။ ၎င်းမှာ ၎င်းတို့၏ သိုလှောင်ထားသော carbonများကို မထုတ်လွှတ်မိစေရန် ဖြစ်သည်။ သို့သော် ယခုလက်ရှိအချိန် အထိ ၎င်းအယူအဆများကို Principls and Criteria တို့တွင် အကောင်းဆုံးမည်သို့ ထည့်သွင်းရမည်ကို သဘောတူညီမှုရရှိခြင်း မရှိသေးပေ။

For more on this topic, see
*http://www.hcvnetwork.org/resources/folder.2006-09-29.6584228415/HCV_and_carbon_executive_summary.pdf*

## အောက်ပါတို့သည် HCV ၄ အဖြစ် အရည်အသွေးပြည့်မီသည်။

အောက်ပါတို့နှင့် ဆက်နွယ်နေသော အရေးကြီးသော အခြေအနေများရှိ ဂေဟစနစ်ဝန်ဆောင်မှုများ ဖြစ်သည်။

- ကောက်ပဲသီးနှံများ စိုက်ပျိုးထားသော နေရာများ သို့မဟုတ် မထိတွေ့ရသေးသော ရေလွှမ်းလွင်ပြင်များတွင် ရေအလွန်အကျွံစီးဆင်းမှုကို စီမံခန့်ခွဲခြင်း
- ရေစီးအဖွဲ့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း
- ရေအရည်အသွေးသွင်ပြင်လက္ခဏာများကို ထိန်းသိမ်းခြင်း
- မီးလောင်မှုကို တားဆီးကာကွယ်ခြင်း
- အားနည်းနေသော မြေဆီလွှာများ၊ ရေထုနှင့် ငါးများကို ကာကွယ်ခြင်း
- သန့်ရှင်းသောရေကို ထောက်ပံ့ပေးခြင်း ဥပမာ ဒေသခံလူ့အဖွဲ့အစည်းများသည် သောက်သုံးရေအတွက် မြစ်များ၊ စမ်းချောင်းများကို အမှီပြုနေရသည်၊ သို့မဟုတ် သဘာဝဂေဟစနစ်များသည် မတ်စောက်ဆင်ခြေလျှောများကို ခိုင်မြဲစေရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။ ယင်း တန်ဖိုးနစ်ခုသည် မကြာခဏ အတူတကွ ဖြစ်ပေါ်လေ့ရှိပြီး အရေးကြီးသော ဝန်ဆောင်မှုကို ပေး သော နေရာများသည် ရေထောက်ပံ့ပေးခြင်းနှင့် ကုန်မြေတိုက်စားမှု ထိန်းချုပ်ခြင်းတစ်ခုနှင့်တစ်ခု တစ်စိတ်တစ်ပိုင်းအရသော်လည်းကောင်း လုံးလုံးသော်လည်းကောင်း ထပ်နေနိုင်သည်။
- လေဒဏ်မှ ကာကွယ်ခြင်းအပြင် စိုထိုင်းဆနှင့် မိုးရွာသွန်းမှုကို ထိန်းညှိခြင်းနှင့် တခြားသော ရာသီဥတုဆိုင်ရာ အကြောင်းအရာများ
- ဝတ်မှုန်ကူးခြင်း ဝန်ဆောင်မှုများ ဥပမာ Kenyan ကုန်းမြင့် ဒေသရှိ အသေးစား လုပ်ငန်းများအတွက် ဓာတ်ပျားများက သီးနှံများအတွက် ဝတ်မှုံကူးပေးခြင်း အရှေ့တောင်အာရှဒေသရှိ ဒူးရင်းသီးနှံများကို လင်းနို့များက ဝတ်မှုံကူးပေးခြင်း။ ထိုကိစ္စနှစ်ရပ်လုံးတွင် ဝတ်မှုံကူးသူများသည် သင့်တော်သော သစ်တောစားကျက်မြေများ ရှိနေမှုအပေါ်တွင် မှီတည်နေရသည်။ စိုက်ပျိုးရေး သက်သက်လုပ်သော မြေပြင်ရှုခင်းတွင် မရှင်သန်နိုင်ပေ။

အောက်ပါကဲ့သို့သော ဧရိယာများမှာလည်း ပါဝင်သည်။

- လူ့အဖွဲ့အစည်းများ၊ အခြေခံအဆောက်အအုံများတွင် အခြေခံအဆောက်အအုံများနှင့် တခြား သော HCVsများကို ခြိမ်းခြောက်နိုင်သော မီးဘေးမှ ကာကွယ်ပေးသည် သစ်တောများ၊ အမြဲတမ်း ရေဝပ်သော အရပ်နှင့် တခြားသော ဂေဟစနစ်များ
- မြေအောက်ရေပြန်လည်ဖြည့်တင်းရေးဇုန်များ
- ရေလွှမ်းမိုးခြင်းနှင့် သဲကန္တာရဖြစ်မှုကို ကာကွယ်ပေးသည့် မြက်ခင်းပြင်များ

## ၃.၄.၂ အညွှန်းများနှင့် အချက်အလက်ရင်းမြစ်များ

### Indicators

အောက်ပါ အခြေအနေများသည် HCV ၄ ရှိနေကြောင်း ညွှန်ပြနိုင်သည်။

- ရေအပါအဝင် လူတို့၏ လိုအပ်ချက်အများအပြားကို ထောက်ပံ့ပေးသော သဘာဝရင်းမြစ်များအပေါ်တွင် တိုက်ရိုက်မှီတည်နေသော လူများနေထိုင်ရာ ဝေးလံခေါင်းသီသော ၊ဆင်းရဲနွမ်းပါးသော ဧရိယာများ
- အရေးပါသော စိုစွတ်မြေများ၊ ငါးသားပေါက်နေရာ၊ ဥ ဥနေရာများ၊ ထိခိုက်လွယ်သော ကမ်းရိုးတန်းဂေဟာစနစ်များ (လမုတောနှင့် သန္တာကျောက်တန်း စသည်)
- အရေးပါသော စည်ပင်သာယာ ရေရင်းမြစ်ရှိမှု
- မတ်စောက်သော တောင်ထူထပ်သောဧရိယာ၊ မိုးရွာသွန်းမှု မြင့်မားသောနေရာများ (ယင်းနေရာ များတွင် မြေဆီလွှာတိုက်စားမှုများ များပြားသည်။
- မြေဆီလွှာမြေဩဇာကောင်းမှုနည်းပါးသော နေရာများ အထူးသဖြင့် သဲများသော၊ ကျောက်များသော အားနည်းသော မြေဆီလွှာ၊ မြေပြင်ရှင်းလင်းမှုရေစီးဆင်းမှု၊ စက်ကိရိယာအကြီးစားများ အသုံးပြုမှုနှင့် တခြားသော ကြီးမားသည့် မြေယာညအသုံးချမှုများက မြေဆီလွှာတည်ဆောက်ပုံနှင့် မြေဩဇာကောင်းမှုကို ထိခိုက်စေသောနေရာများ
- မြေဆီလွှာတိုက်စားခံရခြင်း နှင့် သဲကျွန်းဖြစ်ခြင်းတို့ ဖြစ်နိုင်သော ခြောက်သွေ့သည့် ဧရိယာများ

### အချက်အလက်အရင်းအမြစ်များ

- ရေကူမှုကီများမှ သတင်းအချက်အလက်များ (ရေကာတာများ)၏ တည်နေရာ၊ အခြေခံအဆောက်အအုံ၊ ရေရုပ်ယူမှုနှုန်း)
- မြေဆီလွှာနှင့် ကောက်ပဲသီးနှံများမြေပုံ၊ သဲကျွန်းဖြစ်ရန် အန္တရာယ်ကျရောက်နေသော ဧရိယာကို သိရှိစေရန်
- သစ်တောစားကျက်မြေများ ဆုံးရှုံးမှုကြောင့် တိုးပွားလာသော သက်ရှိအချင်းချင်း ကူးစက်သည့် ရောဂါပိုးမွှားများအကြောင်း အချက်အလက်များ
- ဝတ်မှုန်ကူးခြင်းအရ ဆက်နွယ်နေသော ကိစ္စရပ်များနှင့် ပတ်သက်သော အချက်အလက်များ
- တိုက်စားမှု ဖြစ်နိုင်ချေကို ပြသသည့်စနစ်ပါသည် မြေဆီလွှာ မြေပုံ
- Soil maps with erosion risk indicators
- လူများ ကျက်စားနေထိုင်ရာမြေပုံ၊ အခြေခံအဆောက်အအုံမြေပုံ (အဓိက သယ်ယူပို့ဆောင်ရေး လမ်းကြောင်း ရေလှောင်ကန်၊ ရေအားလျှပ်စစ်စက်ရုံစသည်)
- အရေးပါသော ရေစီးကြောင်းများကို အမည်ဖော်ထုတ်ရန် အမျိုးသားစနစ် (တစ်ခါတစ်ရံတွင် အမျိုးသား သစ်တောလုပ်ထုံးတွင် ပါဝင်သည်။
- ရေရယူမှုဧရိယာများကို ထိန်းညှိပေးသော မတ်စောက်ဆင်ခြေလျှောများ၏ အနှောင့်အယှက်ကို ထိန်းညှိပေးသော နိုင်ငံ၏ ဥပဒေများ
- Natural Capital Project http://www.naturalcapitalproject.org/about.html

အရေးကြီးသော ဝန်ဆောင်မှုများနှင့် အခြေအနေများကို အမည်ဖော်ထုတ်ခြင်းသည် တိုက်ရိုက် အကျိုးသက်ရောက်နိုင်သော ဒေသခံပါဝင်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းလိုအပ်သည်။ ထို့ပြင် ဒေသခံအာဏာပိုင်များ၊ ပထဝီပညာရှင်များနှင့် ဇလဗေဒပညာရှင်များ အပါအဝင် ဒေသခံသို့မဟုတ် အထူးပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးရန် လိုအပ်သည်။ သုံးသပ်သူများနှင့် စီမံခန့်ခွဲ သူများသည် မတ်စောက်ဆင်ခြေလျှော ကာကွယ်ထိန်းသိန်းရေးနှင့် ရေစီးလမ်းကြောင်း စီမံခန့်ခွဲရေးတို့နှင့် ပတ်သက်သော ဆီလျော်သည့် လုပ်ထုံးများနှင့် လမ်းညွှန်ချက်များကို လေ့လာထားသလော ထည့်သွင်းစဉ်းစားသင့်သည်။ ထို့ပြင် ဒေသခံများအတွက် ထူးခြားသော မတ်စောက်ဆင်ခြေလျှောများနှင့် ရေရယူရေးဧရိယာများ ရှိ /မရှိ ထည့်သွင်းစဉ်းစားသင့်သည်။ ထို့နောက်တွင် လက်ရှိ လုပ်ထုံးများနှင့် ကန့်သတ်ချက်များသည် ၄င်း၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတန်ဖိုးကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်၏လော ထည့်သွင်းစဉ်းစားသင့်သည်။ ၄င်းမှာ တရားဝင်လိုအပ်ချက်များထက်ကျော်လွန်သော စီမံခန့်ခွဲမှုကို ဆိုလိုသည့် ခက်ခဲသော ဆုံးဖြတ် ချက်တစ်ခုဖြစ်သည်။ ကျွမ်းကျင်သူများ၏ အမြင်ကို ရှာဖွေသင့်သည်၊ ထို့ပြင် ယင်းတန်ဖိုးရှိနေမှုကို နောက်ဆုံးမဆုံးဖြတ်မီ တိုင်ပင်ဆွေးနွေးမှုများလည်း ပြုလုပ်သင့်သည်။

# HCV ၄ ၃.၄.၃ | လေ့လာချက်
## ဂေဟစနစ်ဝန်ဆောင်မှုများ




စပိန်နှင့်ပေါ်တူဂီနိုင်ငံတို့ရှိ ဟက်တာ ၁ သန်းနီးပါးကျယ်ဝန်းသော ဝက်သစ်ချတောများသည် တိရိစ္ဆာန်မွေးမြူရေးလုပ်သော သစ်တောများဖြစ်ကြပြီး ဇီဝမျိုးကွဲများစွာနှင့် FSC အသိအမှတ်ပြု ဖော့များစွာထွက်ရှိသည်။ ဖော့ထုတ်လုပ်ခြင်းအထွက်များစွာ အထောက်အကူပြုကြောင်း ကျော်ကြားသော်လည်း ဂေဟစနစ်ဝန်ဆောင်မှုများအတွက် လူသိနည်းသော သစ်တောများ ဖြစ်ကြသည်။ သို့သော် မြစ်ဝှမ်းဒေသထိန်းသိမ်းခြင်းနှင့် မြေလွှာတရွေ့ရွေ့ တိုက်စားမှုကို ကာကွယ်ခြင်းတို့ကလည်း ဖော့ထုတ်လုပ်ခြင်းကဲ့သို့ တန်ဖိုးရှိကြောင်းကို WWF ၏ HCV အကဲဖြတ်မှုက ပြသနိုင်ခဲ့သည်။ ဝက်သစ်ချတောများ၏ မြစ်ဝှမ်းဒေသ ထိန်းသိမ်းခြင်းလုပ်ငန်းမှာ ရေရရှိမှုကို ရာသီဥတုအပေါ်မှီခိုနေရသော မြေထဲပင်လယ်ဒေသအတွက် အထူးအရေးပါ၏။ Tejo-Sado မြစ်ရိုးဝှမ်းတွင် ရေအောင်းလွှာအမြောက်အမြား တွေ့ရှိရပြီး ယင်းတို့အထဲမှ Margem Esquerda ရေအောင်းလွှာသည် Santarém and Setúbal အရပ်များရှိ မြို့ပြနှင့် စက်မှုလုပ်ငန်းများအတွက် ရေထောက်ပံ့ပေးလျက်ရှိသည်။ ထို့ပြင် ယင်းရေအောင်းလွှာပေါ်တွင် အများစုတည်ရှိနေသော ဝက်သစ်ချတောများအတွက် ၃၆% သောရေပမာဏကိုလည်း ထောက်ပံ့ပေးသည်။ ထို့ကြောင့် ဝက်သစ်ချတောများ၏ဂေဟစနစ်မှာ ယင်းတို့မှီတည်နေသော ရေအောင်းလွှာအတွင်းသို့ ရေပမာဏများများ ရရှိစေရန် ထိန်းသိမ်းပေးကြောင်း သိရှိနိုင်သည်။ Tejo မြစ်ရိုးဝှမ်းအောက်ဘက်အရပ်ရှိ ဝက်သစ်ချတောများကို ရေအောင်းလွှာအတွက် ရေပြန်လည်ဖြည့်တင်းပေးမှုနှင့် ရေအရည်အသွေးတို့အတွက် HCV ၄ အဖြစ်သတ်မှတ်ထိန်းသိမ်း ထားရှိသည်။

| | |
|---|---|
| နေရာ | ပေါ်တူဂီနိုင်ငံတောင်ပိုင်း |
| ဂေဟစနစ် | ဝက်သစ်ချတောနှင့် ရေဖမ်းဧရိယာများ |
| အကဲဖြတ်မှုအကြောင်းအရာ | အကြီးစားကာကွယ်ထိန်းသိမ်းခြင်းအတွက်ဒေသဆိုင်ရာ HCV အကဲဖြတ်မှု |







References:
1 Branco, O. et al. 2010. Hotspot areas for biodiversity and ecosystem services in montados. WWF Mediterranean - Portugal.
http://awsassets.panda.org/downloads/habeas_report2010.pdf



## ၃.၅ HCV ၅: လူ့အဖွဲ့အစည်းလိုအင်များ

တိုင်းရင်းသားများနှင့်ဒေသခံများ၏ အခြေခံလိုအပ်ချက်များ ဖြည့်တင်းရန် လိုအပ်သောနေရာနှင့် အရင်းခံအကြောင်းများ (ဥပမာ စားဝတ်နေရေး၊ ကျန်းမာရေး၊ အာဟာရဖြည့်တင်းမှု၊ ရေ) ကို ကာယကံရှင်များနှင့်ဆွေးနွေးညှိနှိုင်းပြီး သတ်မှတ်နိုင်သည်။

ယင်းအချက်ကို HCV ၅ အဖြစ် ရည်ညွှန်းသည် အကဲဖြတ်မှု၏လုပ်ငန်းတာဝန်မှာ အရင်းအမြစ်များအပေါ်မှီခိုမှုနှုန်းထားကို ဖော်ပြရန်နှင့် ဒေသခံများ၏စားဝတ်နေရေးအပေါ် ဆိုးကျိုးသက်ရောက်မှု လျော့ချနိုင်ရန်အတွက် အစီအမံချကာကွယ်ထိန်းသိမ်းရန်တို့ဖြစ်သည်။

### ၃.၅.၁ | ဝေါဟာရအညွှန်းနှင့်အယူအဆများ

#### အခြေခံလိုအပ်ချက်များဖြည့်တင်းရန်အရင်းခံအကြောင်းများ

အစားထိုးပြောင်းရွှေ့ရန်နေရာမရှိသည့်အခါ သို့မဟုတ် ရွှေ့ပြောင်းမည့်နေရာအဆင်သင့်မဖြစ်ခဲ့ပါက ဝန်ဆောင်မှုပေးမည့်နေရာရှိ ဒေသခံတို့၏ နေထိုင်ရေးနှင့်သုံးစွဲရန်အရင်းအမြစ်ရရှိမှုတို့က အခြေခံလိုအပ်မှု၏ အရင်းခံ အကြောင်းများဖြစ်ပေလိမ့်မည်။ ပျက်စီးဆုံးရှုံးမှုများဖြစ် ပေါ်ပါက ဒေသခံတို့အတွက်နစ်နာမှုဆိုးကျိုးများ သက်ရောက်မည်ဖြစ်သည်။ HCV ၅ ၏အချက်အလက်များတွင်ပါဝင်သော အခြေခံလိုအပ်ချက်များကဏ္ဍသည် လူတို့၏နေစဉ်ဘဝလိုအပ်ချက်များ၊ ကုန်ထုတ်လုပ်မှုတွင်အသုံးပြုနိုင်သောအရာများ၊ နှင့်ရယူသုံးစွဲနိုင်သည့် အရာများအပါအဝင် သဘာဝပတ်ဝန်းကျင်အတွက်လိုအပ်သော ထောက်ပံ့မှုများကို ဖြည့်ဆည်းနိုင်ရန် အထောက်အကူပြုပေလိမ့်မည်။ (ဇယား ၂ တွင်ရှု)

ဝန်ဆောင်မှုပြုသည့်နေရာအတွင်း လမ်းပြင်ခြင်း၊လမ်းပမ်းဆက်သွယ်ရေးတိုးမြှင့်ခြင်း သို့မဟုတ် ရွှေ့ပြောင်းအခြေချသူများဝင်ရောက်လာခြင်းတို့ ဖြစ်ပေါ်ပါက HCV ၅ အရင်းအမြစ်များအပေါ် တည်မှီမှုနှုန်းထားယုတ်ချည်းပြောင်းလဲနိုင်ပါသည်။ ထိုအခါမျိုးတွင်အရေးကြီးသည်မှာ HCV ၅ အရင်းအမြစ်များကို ချက်ချင်းကန့်သတ်ခြင်းမပြုမိဖို့ပင်ဖြစ်သည်။ဒေသခံတို့ပူးပေါင်းပါဝင်မှုမြှင့်သင့်လျော်သောအကူးအပြောင်းတစ်ခုကို သတ်မှတ်ညှိနှိုင်းခြင်း၊ကြိုတင်အသိပေးလှုံ့ဆော် ခြင်းများပါဝင်သော အခြားအစီအစဉ်တစ်ရပ်ကို အစားထိုးအသုံးပြုသင့်သည်။ ယင်းသို့ဆောင်ရွက်နိုင်ပါကလည်း လူ့အဖွဲ့အစည်း၏ပြောင်းလဲသွားသော လိုအင်များကိုကြိုတင်သိမြင်ရန်လိုပြီး မန်နေဂျာများဘက်က အရှည်သဖြင့်ရှုမြင်တွေးဆဖို့လိုအပ်သည်။

အကယ်၍ အခြေခံလိုအပ်ချက်များရနိုင်သော်လည်း ဇရိယာကျဉ်းမြောင်းသောနေရာသို့ ပြောင်းရွှေ့မိပါက မြေနှင့်အရင်းအမြစ်အသုံးပြုမှုသည် အခြား HCV ဇရိယာများ၊မူရင်းအခြေချနေထိုင်သူများအတွက် ဆိုးကျိုးသက်ရောက်သွားနိုင်သည်။ ထိုအခြေအနေမျိုးကြုံတွေ့ပါက HCV များကြားထိန်းညှိဆောင်ရွက်ရာတွင် ဒေသခံများထံမှအကြံဉာဏ်ရယူခြင်းနှင့် လူနေမှုဘဝ၊ပတ်ဝန်းကျင်နှင့်စီးပွါးရေးဆုံးရှုံးမှုများ၊ကုန်ကျစရိတ်များ အကျိုးအမြတ်များအတွက် တွက်ချက်ခြင်းတို့ကို စီမံဆောင်ရွက်ရန်လိုအပ်သည်။ အရင်းအမြစ်များထုတ်ယူသုံးစွဲပြီး၍သော်လည်းကောင်း၊ ထိုသုံးစွဲမှုသည် ဇီဝမျိုးကွဲတစ်ခုခုကို မျိုးတုန်းပျောက်ကွယ်နိုင်သည်အထိ သက်ရောက်မှုရှိလာလျှင်သော်လည်းကောင်း အချက်အလက်စုဆောင်းသူများက ယင်းအရင်းအမြစ်များနှင့်သုံးစွဲမှုတို့၏ သမိုင်းကြောင်း၊လေ့လာသုံးသပ်မှုကို ယင်းတို့၏အတိတ်နှင့်လက်ရှိအခြေအနေ၊ နောင်အနာဂါတ်တွင်ဖြစ်လာနိုင်ခြေများစသည်တို့ကိုစုဆောင်းထားရှိရမည်။ သို့မှသာ ပစ္စုပ္ပန်နှင့်အနာဂါတ် ကာလအတွက် ရေရှည်တည်တံ့သောထုတ်ယူ သုံးစွဲမှုမျိုးကိုကူညီပေးနိုင်မည်ဖြစ်သည်။





#### တိုင်းရင်းသားများ သို့မဟုတ်ဒေသခံများနှင့် ညှိနှိုင်းမှုပြုခြင်း

အတူပူးပေါင်းပါဝင်သောနည်းဖြင့် ဆောင်ရွက်သော HCV သတ်မှတ်ချက်များတွင် တိုင်းရင်းသားများနှင့် ဒေသခံလူ့အဖွဲ့အစည်းများက အဓိကအခန်းမှပါဝင်နေသည်။ HCV ၅ အဆင့်သတ်မှတ်သော နေရာနှင့် အရင်းအမြစ်များအတွက် ဒေသခံများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခြင်း မြေပုံတိုင်းတွာရေးဆွဲခြင်း လူနေမှုအဆင့်အတန်းအတွက်စာရင်းမှတ်ယူခြင်းတို့ကို ဆောင်ရွက်ရမည်။ထိုအခါမျိုးတွင် လူနည်းစုဘက်မှကိုယ်စားလှယ်များ၊ ထိခိုက်မှုရှိစေနိုင်သော ဘေးပတ်ဝန်းကျင်ဒေသများကိုလည်းထည့်သွင်း စဉ်းစားရမည်။ ဒေသခံလူ့အဖွဲ့အစည်းကို ဆွေးနွေးမှုလုပ်ငန်းစဉ်တွင်ထည့်သွင်းရမည်ဖြစ်ပြီး ကြိုတင်ညှိနှိုင်းအသိပေးခြင်းနည်းဖြင့် သဘောတူဆုံးဖြတ် ခွင့်ပြုရပေမည်။ မည်သည့်အကျပ်ကိုင် ခြိမ်းခြောက်မှုမျှမပြုလုပ်ရပေ။ လုပ်ငန်းစဉ်နှင့်စပ်လျဉ်းသော သတင်းအချက်အလက်များကို အကောင်းအဆိုးမခွဲခြားဘဲ အသိပေးရမည်။ ဒေသခံများဆီမှအကြံဉာဏ်ရယူမှုအပြင် ကျွမ်းကျင်သူများ၊ ဒေသအာဏာပိုင်များနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ အကြံပြုချက်များကိုလည်း ထည့်သွင်းစဉ်းစားရန်လိုသည်။ ဒေသခံတို့အတွက် သဘာဝအရင်းအမြစ်များ၏ အရေးပါပုံကို အသုံးပြုမှုပမာဏ၊ အချိန်အတိုင်းအတာ၊ အသုံးချအရည်အသွေး နှင့်တရားဝင်အသုံးပြုခွင့်ရခြင်း တို့ဖြင့်တိုင်းဖြတ်နိုင်သည်။

HCV ၅ အတွက် နေရာနှင့်အရင်းအမြစ် သတ်မှတ်ထိန်းသိမ်းခြင်းသည် အခွင့်အလမ်းပေါ်အခြေပြုသော မြေယာစီမံမှုအဖြင့် ရှုမြင်နိုင်သည်၊ယင်းတွင် သင့်လျော်သောအကျိုးဖြစ်ထွန်းမှုတိုင်းတာချက်၊ ဒေသခံများဆီမှ အကြံပြုချက်တောင်းခံခြင်းနှင့် ညှိနှိုင်းအဖြေရှာခြင်းတို့ပါဝင်သည်။





## ဇယားဘောင် ၁၂: စိုက်ပျိုးမြေနှင့်စားကျက်မြေများအတွက်စဉ်းစားခြင်း

HCV အယူအဆမှာ တန်ဖိုးများအပေါ်အခြေခံထားသဖြင့် (ဖြည့်စွက်ချက် ၁ တွင်ရှု) စိုက်ပျိုးမြေများအတွက်လည်း တန်ဖိုးသတ်မှတ်ဆုံးဖြတ်သင့်သည်။ ကျေးလက်နေလူတန်းစားများအတွက် စိုက်ပျိုးမြေနှင့်စားကျက်မြေများ ရရှိရန်လိုသည်။ ဆင်းရဲသောကျေးလက်နေလူတန်းစားများအတွက် ရှိရင်းစွဲစိုက်ပျိုးမြေများသည် အခြေခံ လိုအပ်ချက်ပင်ဖြစ်၏။ ထို့ကြောင့် HCV ၅ တွင် စိုက်ပျိုးမြေထိန်းသိမ်းခြင်းနှင့်အနာဂါတ်ကုန်ထုတ် လုပ်မှုအတွက် မြေချဲ့ထွင်ခြင်းတို့ကို ထည့်သွင်းရန် အဆိုပြုသည်များလည်းရှိသည်။ သို့သော် အခြေခံ လိုအပ်ချက်များအတွက် ထိန်းသိမ်းရန်လိုအပ်ပါက စိုက်ပျိုးရန်ကောင်းမွန်သောမြေနေရာများကို စိုက်ပျိုးမြေပြုလုပ်ခြင်းမှ ကာကွယ်ရန်လိုပေသည်။ HCV အကဲဖြတ်မှုစရိယာအတွင်းရှိ လူ့အဖွဲ့အစည်းနှင့်ဂေဟစနစ်တို့ကို ကာကွယ်ရန်အလို့ငှာ စိုက်ပျိုးမြေလိုအပ်မှုကို ထည့်သွင်းတွက်ချက်ရန် အရေးကြီးလှသည်။ သို့သော် HCV အယူအဆသည် ယင်းသတ်မှတ်ရာဒေသ၏ စားရေရိက္ခာအထောက်အပံ့ပြုမှုအပေါ်အခြေခံတွက်ချက်ခြင်း မဟုတ်ပေ။ HCV ၅ အရ စိုက်ပျိုးမြေချဲ့ထွင်ရာတွင် မျှော်လင့်မထားသော နောက်ဆက်တွဲအကျိုးသက်ရောက်မှုများကို ဖြစ်စေနိုင်၏။ တောရှတ်ထွင်ရှင်းလင်းခြင်းဖြင့် သဘာဝအရံအတားများကိုလျော့ချသလိုဖြစ်စေနိုင်ပြီး ဂေဟစနစ်ထိခိုက်စေကာ ဇီဝမျိုးကွဲများနှင့်သဘာဝတော ဆက်နွယ်မှုအရောက်ကဲ့သို့ အခြားသော HCV တန်ဖိုးများနှင့် ကွဲလွဲမှုများ ဖြစ်ပေါ်စေနိုင်သည်။ စိုက်ပျိုးမြေရရှိမှုနှင့်ရိက္ခာထောက်ပံ့မှုတို့ကို သီးသန့်ကိုင်တွယ်ခြင်းဖြင့် ယင်းပြဿနာကို ပြေလည်အောင်ဖြေရှင်းနိုင်ရန် ကြိုးပမ်းလျှက်ရှိကြသည်။မိရိုးဖလာစိုက်ပျိုးရေးစနစ်ကို ဇီဝမျိုးကွဲထိန်းသိမ်းမှုဖြင့် HCV အဆင့်သတ်မှတ်ထားသော်လည်း တဆင့်ချင်းစီအလိုက် သေချာသတ်မှတ်ဆုံးဖြတ်သင့်သည်။

## အောက်ပါအချက်များကို HCV ၅ အဖြစ်သတ်မှတ်ထားသည်။

...အခြေခံလိုအပ်မှုများအတွက်အရင်းခံအကြောင်းအဖြစ် သတ်မှတ်ထားလျှင်သော်လည်းကောင်း

- အမဲလိုက်ခြင်းနှင့်ထောင်ချောက်ဆင်ခြင်း (အားကစားတိရိစ္ဆာန်အရေခွံ၊သားမွေးတို့အတွက်)
- သစ်မာသီး၊ဘယ်ရီသီး၊မှို၊ဆေးဖက်ဝင်အပင်များ နှင့် ကြိမ် တို့ကဲ့သို့ သစ်တောထွက်ပစ္စည်းအဖြစ် မသတ်မှတ်သော အရာများ
- အိမ်သုံးထင်းလောင်စာအဖြစ်အသုံးပြုရန်
- အသားဓါတ်ရရှိရန်အတွက် ငါး နှင့် ဒေသခံများအပေါ်မှုတည်သော ရေချိုငါးဖမ်းလုပ်ငန်း
- နေအိမ်ဆောက်လုပ်ရန် သစ်တောထွက်ပစ္စည်းများ
- တိရိစ္ဆာန်အစာအတွက်မြက်ခြောက်နှင့် ရာသီအလိုက် စားကျက်ချခြင်း
- သောက်သုံးရန်နှင့်ကျန်းမာရေးတို့အတွက် ရေအသုံးချခြင်း
- အခြေခံလိုအပ်ချက်များအတွက် ပစ္စည်းလဲလှယ်ခြင်း သို့မဟုတ် ရောင်းဝယ်ခြင်း (အဝတ်အထည်၊ဆေးဝါးနှင့်ကျောင်းအပ်ရန် စသည်ဖြင့်)



## ၃.၅.၂ | ညွှန်းကိန်းများနှင့်အခြေခံအကြောင်းအချက်များ

### ညွှန်းကိန်းများ

အသက်ရှင်ရပ်တည်ရေးအတွက် ဂေဟစနစ်အပေါ်တွင် လုံးလုံးလျားလျားမှီခိုနေရသော လူ့အဖွဲ့အစည်းနှင့် အကန့်အသတ်ဖြင့်သာ သုံးစွဲနေရသော လူ့အဖွဲ့အစည်းတို့တည်ရှိရာနေရာတွင် HCV ၅ မှာလွန်စွာအရေးပါသည်။ ယေဘုယျအားဖြင့် သဘာဝအတိုင်း သို့မဟုတ် အစဉ်အလာနည်းဖြင့် စီမံနေသော ဂေဟစနစ်အပေါ်မှီခိုနေကြသည့် ဒေသခံများအတွက် HCV ၅ ထားရှိပေးရန်လိုအပ်သည်။

အောက်ပါအချက်များသည် HCV ၅ ထားရှိရန်လိုအပ်သောနေရာများအဖြစ်ညွှန်ပြလျှက်ရှိသည်။

- ဆေးရုံဆေးပေးခန်းတို့နှင့်အလှမ်းကွာသောနေရာ
- အများအားဖြင့်သဘာဝထွက်ပစ္စည်းများကို အိမ်ဆောက်လုပ်ခြင်းများ၊ အိမ်အသုံးအဆောင်များပြုလုပ်သုံးစွဲသောနေရာ
- ရေရှားသော၊ရေရရှိရန်ခက်ခဲသော၊ လျှပ်စစ်မီးမရရှိသော နေရာ
- လူနေမှုအဆင့်အတန်းနိမ့်ပါးသော နေရာ
- နေရာကျဉ်သော်လည်း သို့မဟုတ် စိုက်ပျိုးမြေလုံလောက်သော်လည်း စိုက်ပျိုးမြေနှင့်စားကျက်မြေများအလျင်အမြန်တိုးတက်များပြားနေသော နေရာ
- တိုင်းရင်းမှဆိုးများနှင့်သစ်တောထွက်ပစ္စည်းစုဆောင်းသူများ ရောက်ရှိရာ နေရာ
- အမြဲနေ သို့မဟုတ် စားကျက်မြေလှည့်လည်သော ဇီဝမျိုးကွဲများ တည်ရှိသော နေရာ
- စားဝတ်နေရေးအခြေခံလိုအပ်ချက်များအတွက် အမဲလိုက်ခြင်း၊ငါးဖမ်းခြင်းတို့ ရှိရာ နေရာ
- တနစ်ပတ်လုံးသော်လည်းကောင်း ရာသီဥတုဖောက်ပြန်မှုကြောင့်သော်လည်းကောင်း အလေ့ကျပေါက်ပင်များကို မှီတင်းစားသုံးနေရသော နေရာ

### အမဲလိုက်ခြင်း



အမဲလိုက်ကာအသက်မွေးခြင်း၊အခြေခံလိုအပ်ချက်များအတွက် ရာသီအလိုက်အမဲလိုက်ခြင်းများရှိသော နေရာများကို HCV ၅ အဖြစ်သတ်မှတ်ထားသည်။ အမဲလိုက်ခြင်းသည် တခါတရံတွင် မျိုးသုန်းလုနီးဖြစ်နေသောဇီဝမျိုးကွဲများကို သတ်ဖြတ်ခြင်း၊တရားမဝင်အမဲလိုက်ခြင်း၊တားမြစ်ထားသောနည်းလမ်းများကိုအသုံးပြုအမဲလိုက်ခြင်း၊ ကန့်သတ်ဇရိယာအတွင်းအမဲလိုက်ခြင်းနှင့် တားမြစ်ချိန်အတွင်းအမဲလိုက်ခြင်းတို့ကြောင့် ဇီဝမျိုးကွဲများထိန်းသိမ်းရာတွင် သဘောကွဲလွဲမှုများဖြစ်စေနိုင်သည်။ အခြေခံလိုအပ်မှုများအတွက်အမဲလိုက်ခွင့်ပြုရာတွင် စီးပွါးဖြစ်အမဲလိုက်ခြင်းမျိုးဟုတ်၊မဟုတ်ကို အကဲဖြတ်သူများက သေချာဆုံးဖြတ်ပေးရန်လိုအပ်သည်။ သို့သော် လက်တွေ့တွင် ဝေခွဲရန်ခက်ခဲသော အကြောင်းအရာဖြစ်၍၊ ဒေသခံများ၏ အခြေခံလိုအပ်ချက်များအတွက် အမဲလိုက်ခြင်းကိုသတ်မှတ်နိုင်ရန် အောက်တွင် ဇယားဖြင့်ဖော်ပြထားသည်။ မန်နေဂျာများသည် HCV တန်ဖိုးကိုထိန်းသိမ်းရန်နှင့်တိုးမြှင့်ပေးရန်လိုအပ်ပြီး အမိန့်ထုတ်ကာကွယ်ထားသော ဇီဝမျိုးကွဲများကို တရားမဝင် နှင့် အထိန်းအကွပ်မဲ့ သတ်ဖြတ်ခြင်းမှတားပေးရမည်။ အမဲလိုက်မှုနှုန်းကို ထိန်းညှိပေးရန်လိုသည်။ ကြိုတင်အသိပေးနှိုးဆော်ခြင်းဖြင့် အရင်းအမြစ်သုံးစွဲမှုလျှော့ချ ရန်နှင့် အခြားအရင်းအမြစ်များပြောင်းလဲသုံးစွဲရန်၊တခြားနည်းလမ်းဖြင့်ဝင်ငွေရရှိအောင်ဆောင်ရွက်ရန်တို့ ကို လက်တွေ့ညှိနိူင်းအဖြေရှာသင့်သည်။





24 This does not refer to commercial hunting but to small-scale hunting where people obtain cash for basic needs such as cooking oil, salt, medicine, school fees, etc.

ဇယား ၃: အမဲလိုက်မှုပုံစံအမျိုးမျိုးကို အနက်ခွဲခြားပြဆိုခြင်း၊ အပိုင်းဖုံများအတွင်း အမဲလိုက်ခြင်းကို ပြဆိုခြင်းဖြစ်သည်။

| ဇယား ၃: ဂေဟဝန်ဆောင်မှုအမျိုးအစားများ | |
|---|---|
| ဓလေ့ထုံးစံအရအမဲလိုက်ခြင်း (HCV ၅ တွင် အပါအဝင်ဖြစ်) | စီးပွါးဖြစ် အထိန်းအချုပ်မဲ့ အမဲလိုက်ခြင်း (HCV ၅ တွင်ထည့်သွင်းမတွက်) |
| • မုဆိုးများသည်သတ်မှတ်နယ်ပယ်များအတွင်း ရိုးရာဓလေ့အရအမဲလိုက်ခွင့်ရသည်။<br>• အခြေခံစားကုန်များနှင့်ကုန်ကျစရိတ်များအတွက် အချို့တဝက် သို့မဟုတ် အများစု ကိုရောင်းချခြင်း၊ ကျန်ရစ်သော အပိုင်းကို မိသားစုစားသောက်ရန်ခွဲဝေချန်ထားခြင်း။<br>• အသားများကို စားသုံးခြင်းဒေသတွင်း ရောင်းဝယ်ဖောက်ကားခြင်း။<br>• တိုင်းရင်းသားများသည် တောတွင်းရှိ ယာယီမုဆိုးအိမ်များတွင် နေထိုင်တတ်ကြပြီး တနစ်ပတ်လုံး တောလည်အမဲလိုက်လေ့ရှိကြသည်။<br>• အိမ်မွေးတိရိစ္ဆာန် မွေးမြူခြင်းနည်းပါးပြီး ယင်းတိရိစ္ဆာန်များကို စားသုံးခြင်းလည်းမရှိလှပေ၊ အရေးပေါ်ငွေလိုအပ်သည်နှင့် မင်္ဂလာလက်ဖွဲ့ရန် စသည်ကိစ္စတို့မှတပါး သတ်ဖြတ်စားသောက်လေ့မရှိ။ | • အမဲလိုက်ခွင့်တောင်းခံကာ ဒေသခံလမ်းပြများဖြင့် အမဲလိုက်ခြင်း၊ ရိုးရာဓလေ့အရ အမဲလိုက်ခွင့်ရခြင်းမဟုတ်။<br>• ဝမ်းစာအတွက်ထက်ပိုသော အမဲလိုက်ခြင်း၊ဝေးလံသောဒေသများအထိ ရောင်းဝယ်ဖောက်ကားကာစီးပွါးဖြစ်အမဲလိုက်ခြင်း။<br>• တောရိုင်းတိရိစ္ဆာန်တမျိုးမျိုးကို အမဲလိုက်ပြီး ထွက်ကုန်များကို အဆင့်ဆင့်ချိတ်ဆက်ကာ စီးပွါးဖြစ်ရောင်းဝယ်ဖောက်ကားခြင်း။ |

## အခြေခံအကြောင်းအချက်များ

တန်ဖိုးရှိသောသတင်းအချက်အလက်များတွင်အောက်ပါတို့ပါဝင်သည်။

- HCV ဧရိယာအတွင်းရှိ ကွဲပြားသောလူ့အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာ အကဲဖြတ်ချက်များ
- လူ့အဖွဲ့အစည်းဖွံ့ဖြိုးရေး အတွက်ဆောင်ရွက်နေသည်ဟုမှတ်ယူရသော အဖွဲ့အစည်းများနှင့် ဆွေးနွေးခြင်း
- HCV ဧရိယာအတွင်းရှိ လူ့အဖွဲ့အစည်းများ၏ တုံ့ပြန်ချက်၊ဂေဟစနစ်ထုတ်ကုန်များနှင့် အဖွဲ့အစည်းများအသုံးချနိုင်သော ဝန်ဆောင်မှုများကို ဆုံးဖြတ်နိုင်ရန် စစ်တမ်းကောက်ယူခြင်း
- HCV ထိန်းသိမ်းခြင်းအားဖြင့် စားဝတ်နေရေးလုပ်ကိုင်ဆောင်ရွက်မှု၊ သဘာဝအရင်းအမြစ်အသုံးပြုမှု နှင့် အစိုးရမဟုတ်သောအသင်းအဖွဲ့များ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံလုံးဆိုင်ရာအဖွဲ့များ၏ တိုးတက်မှုများ အပေါ် လေ့လာခြင်း
- စားသောက်နေထိုင်မှုတို့အတွက် မနုဿဗေဒဆိုင်ရာလေ့လာချက်များ

အကဲဖြတ်ချက်၏ ရန်ပုံငွေအခြေအနေ၊အချိန်အခါ နှင့် ဖြစ်ပေါ်လာနိုင်သော အကျိုးသက်ရောက်မှုစသည့် အချက်များအပေါ်မူတည်လျှက် လေ့လာမှုပုံစံနည်းစနစ်များ ပြောင်းလဲသွားနိုင်သည်။ အကဲဖြတ်ချက်အပေါ် မူတည်ပြီး အောက်ပါအချက်အလက်များကို သုံးစွဲနိုင်သည်။

- မြေယာအသုံးချမှုနှင့်စပ်လျဉ်းသောသမိုင်းဆိုင်ရာအချက်များ၊လက်ရှိအသုံးချနေမှုပုံစံ၊ ရပိုင်ခွင့်ပမာဏနှင့် နယ်ပယ်အသီးသီးရှိ ဓလေ့ထုံးစံမှု၊ အရင်းအမြစ်အသုံးချမှု တို့ကို ဒေသခံများကိုယ်တိုင်ပါဝင်ရေးဆွဲသော မြေပုံညွှန်းအား အသုံးပြု ရေးဆွဲနိုင်သည်။
- တောတောင်ရေမြေသဘာဝတိုင်းတာသတ်မှတ်ရာတွင် မြေလွှာဖြတ်ပိုင်းပုံများ ကို အဓိကအခြေခံအချက်အဖြစ် အသုံးပြုနိုင်သည်။
- ကွဲပြားသောလူ့အဖွဲ့အစည်းများ၏ ဝင်ငွေရရှိမှုအရင်းအမြစ်၊စားသောက်မှုပုံစံ၊ အမဲလိုက်ခြင်းအလေ့အထ စသော ဘဏ္ဍာရေးဆိုင်ရာလေ့လာချက်များ သည် လူသားတို့ကျန်းမာပျော်ရွှင်မှုကို လေ့လာစမ်းစစ်ရာတွင် နောက်ခံသတင်းအချက်အလက်များအဖြစ် အထောက်အကူပေးသည်။
- ရာသီဥတုအပြောင်းအလဲကိုဖော်ပြသော ပြက္ခဒိန်များသည် ရာသီပြောင်းလဲမှုအခြေအနေ နှင့် ရာသီအလိုက်
- ရွှေ့ပြောင်းနေထိုင်တတ်သော တိရိစ္ဆာန်တို့၏ ရွှေ့ပြောင်းရာလမ်းကြောင်းတို့ကို သိနိုင်ရန် အထောက်အကူပေးသည်။
- ချမ်းသာကြွယ်ဝမှုအခြေအနေနှင့် ကျန်းမာရေးလိုက်စားမှုအတိုင်းအတာ
- ကျေးလက်နေဒေသခံများ၏ပူးပေါင်းပါဝင်မှုကိုအကဲဖြတ်ခြင်း သည် ကိုယ်တိုင်ကြုံတွေ့ခံစားရသူများထံမှ အရည်အသွေးပြည့်ဝသောအချက်အလက်ရရှိရန် အထောက်အပံ့ဖြစ်စေသည်၊ ယင်းအကဲဖြတ်မှုပုံစံသည် အထက်ဖော်ပြပါ အချက်အလက်များကိုလည်း လွှမ်းခြုံနိုင်မှုရှိပေသည်။

ဒေသခံလူ့အဖွဲ့အစည်းများက အစားအစာ၊ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ထင်းမီးသွေး၊ဆေးဝါး စသော အရင်းအမြစ်သုံးစွဲမှု၊ အရင်းအမြစ်များအပေါ်မှီခိုရမှုနှုန်းထား နှင့် မြေအသုံးချမှု စသည့် သတင်းအချက်အလက်များကို အကဲဖြတ်သူများက ကောက်ယူရန် သို့မဟုတ် ပြန်လည်စိစစ်ရန်လိုပေသည်၊ နည်းလမ်းများအသုံးပြုရာတွင်

အခြားသော HCV အကဲဖြတ်ချက်နည်းလမ်းများမှာကဲ့သို့ပင် လုပ်ဆောင်ချက်အရွယ်အစားနှင့်ဆုံးရှုံးမှုများအလိုက် သင့်တင့်သောကုန်ကျစရိတ်ဖြစ်ရန်လိုအပ်သည်။ ဥပမာ.စိုက်ပျိုးမြေအနည်းသာ ပိုင်သူများ သို့မဟုတ် အကျိုးဖြစ်ထွန်းမှုနည်းပါးသော လုပ်ဆောင်ချက်များတွင် လူမှုရေးဆိုင်ရာနည်းစနစ်များအတွက်ကုန်ကျစရိတ်မှာ ဟက်တာပေါင်းများစွာကျယ်ပြန့်သော ဆီအုန်းစိုက်ခင်းများအတွက် ကုန်ကျသည်ထက် ပိုနည်းသောငွေပမာဏသာ အသုံးပြုရန် လိုအပ်လိမ့်မည်။ အသေအချာညွှန်းဆိုရမည်ဆိုပါက ပွင့်လင်းသောဆွေးနွေးမှုများကို အဓိပ္ပါယ်ရှိစွာ ဆောင်ရွက်နိုင်ရန် လိုအပ်သောကြောင့် လွတ်လပ်သောအဖွဲ့အစည်းတစ်ခုအား လူမှုရေးဆိုင်ရာ စစ်တမ်းကောက်မှုကို ပြုလုပ်စေနိုင်းရန်ဖြစ်သည်။ သို့သော် ယင်းအချက်ကို အတိအကျလိုက်နာဆောင်ရွက်ရန် မလိုပေ။

## ဇယားဘောင် ၁၃: ကြိုတင်ညှိနှိုင်းကာသဘောတူချက်ရယူခြင်း (FPIC)

တိုင်းရင်းသားများနှင့် ဒေသခံများက ယင်းတို့၏အခွင့်အရေးများအတွက် ကြိုတင်သဘောတူချက်များပြုလုပ်ရာ၌ ရယူပိုင်ခွင့် နှင့် ငြင်းပယ်ခွင့်တို့ကဲ့သို့ အခွင့်အရေးများကို FPIC တွင်ထည့်သွင်းထားသင့်သည်။ FPIC အသုံးပြုမှု လမ်းညွှန်ချက်ကို သစ်တောကြီးကြပ်မှုကောင်စီ(FSC)၊ ဆီအုန်းစိုက်ပျိုးမှုထိန်းသိမ်းရေးအဖွဲ့(RSPO) နှင့် ရာသီဥတုပြောင်းလဲမှုလျှော့လာရေးအဖွဲ့(REDD+) များအတွက် ပြင်ဆင်ထားရှိပြီးဖြစ်သည်။ ယင်းလမ်းညွှန်ချက်ကို အဓိပ္ပါယ်ပြည့်စုံစွာဖွင့်ဆိုနိုင်ရန်အတွက် အကြံဉာဏ်တောင်းခံသင့်သည်။ HCV ၅ နှင့် ၆ တွင်တန်ဖိုးများသတ်မှတ်ခြင်းနှင့် လုပ်ငန်း၏ ကောင်းကျိုးဆိုးပြစ်များ စဉ်းစားနိုင်ရန်အတွက် ဒေသခံများနှင့် ညှိနှိုင်းရာတွင် FPIC ကိုအသုံးပြုနိုင်သည်။ ထိုအခါမျိုးတွင် ဒေသခံများဘက်က သက်ရောက်မှုအပေါ် ထင်မြင်ချက်ပေးလာနိုင်သလို ယင်းတို့၏ စိတ်ပါဝင်စားမှုကိုလည်း ခန့်မှန်းဆုံးဖြတ်နိုင်မည်ဖြစ်သည်။ ဥပမာ..စိုက်ပျိုးမြေရရှိရန်အတွက် အပဲလိုက်ဇရိယာကိုရှင်းလင်းပြစ်ပြီးနောက် အစားထိုးပေးသော အသက်မွေးဝမ်းကျောင်းမှုကို ဒေသခံများဘက်က ကိုက်ညီမှုရှိမရှိ ဆုံးဖြတ်နိုင်မည်ဖြစ်သည်။ ပါဝင်ပတ်သက်သော လူ့အဖွဲ့အစည်းများနှင့် အကျိုးရလာဒ်ပေါ်မူတည်၍ FPIC လုပ်ငန်းစဉ်အပြည့်အစုံကို ရက်သတ္တပတ်များမှ လချီကြာမြင့်သည်အထိ ဆောင်ရွက်ရနိုင်သည်။ ဆွေးနွေးမှုရလာဒ်ပေါ်အခြေခံလျှက် မန်နေဂျာများက HCV ၅ နှင့် ၆ တို့အတွက် ယာယီသတ်မှတ်ချက်များနှင့် အကဲဖြတ်မှုများကို ပြုလုပ်ရသည်။

### FPIC အတွက်ရည်ညွှန်းကိုးကားချက်:

ကြိုတင်ညှိနှိုင်းသဘောတူမှုရယူခြင်းနှင့် ဆီအုန်းစိုက်ခင်းများ: ကုမ္ပဏီများအတွက်လမ်းညွှန် ၂၀၀၈ အောက်တိုဘာ. RSPO နှင့် Forest Peoples Programme.
*http://www.rspo.org/files/resource_centre/FPIC%20and%20the%20RSPO%20a%20guide%20for%20companies%20Oct%2008%20(2).pdf*

ကြိုတင်ညှိနှိုင်းသဘောတူမှုရယူခြင်းနှင့် REDD+:လမ်းညွှန်ချက်နှင့်အရင်းအမြစ်များ. WWF Working paper ၂၀၁၁ အောက်တိုဘာ.
*http://wwf.panda.org/?203189/Free-Prior-Informed-Consent--REDD-Guidelines-and-Resources*

ကြိုတင်ညှိနှိုင်းသဘောတူမှုရယူခြင်း(FPIC) အခွင့်အလမ်းများ အကောင်အထည်ဖော်ရာတွင် FSC ၏လမ်းညွှန်ချက်များ ထုတ်ပြန်ချက် ၁၊ ၂၀၁၂ အောက်တိုဘာ ၃၀။
*https://ic.fsc.org/guides-manuals.343.htm*

# HCV ၅

## ၃.၅.၃ | လေ့လာချက်

## လူ့အဖွဲ့အစည်းလိုအင်များ




လျင်မြန်စွာပြန်လည်ဖြည့်တင်းနိုင်သောစွမ်းအင်အတွက် ဇီဝကုန်ကြမ်းထုတ်လုပ်မှုကို မကြာတော့သောနှစ်များအတွင်း တိုးမြှင့်လာစေရန် ဆောင်ရွက်လျှက်ရှိသည်။ ဤလေ့လာချက်တွင် မိုဇမ်ဘစ်နိုင်ငံရှိ ကြံထုတ်လုပ်မှုအတွက် HCV အကဲဖြတ်ချက်အပေါ်အခြေခံထားသည်။ ယခုဖော်ပြချက် အတွက် HCV အကဲဖြတ်ရာတွင် အကောင်းဆုံး စမ်းသပ်မှုအဖြစ် ဖော်ညွှန်းနိုင်ရန် စီမံထားသည်။ မိုဇမ်ဘစ်နိုင်ငံ Cabo Delgado ဒေသ၏မြေပြင်အနေအထားမှာ ကျောက်ဆိုင်ကျောက်သားပေါ်များလှသော စိုက်ပျိုးမြေများဖြစ်ပြီး သက်နုသစ်တောများ ပေါက်ရောက်ရာဒေသလည်းဖြစ်သည်။ HCV ဧရိယာအစပ်တွင် ကျေးရွာအနည်းငယ်တည်ရှိပြီး သစ်တောဧရိယာ၏ ၃ မှ ၅ ကီလိုမီတာအတွင်းနေထိုင်ကြသော လူ့အဖွဲ့အစည်းများမှာ အသက်ရှင်ရပ်တည်မှုအတွက် သဘာဝအရင်းအမြစ်များအပေါ်တွင်လုံးလုံးလျားလျား မှီခိုနေရကြောင်းကို လူမှုရေးဆိုင်ရာစစ်တမ်းများအရ သိရှိရသည်။ လူ့အဖွဲ့အစည်းအားလုံးအတွက် ရရှိနိုင်သောအရင်းအမြစ်များမှာ အိမ်ဆောက်ပစ္စည်းများ၊ အသားနှင့် ထင်းမီးသွေးတို့သာဖြစ်သည်။ ရေဘုံဘိုင်မရှိသောကျေးရွာများသို့ ၃ ကီလိုမီတာကျော် ကွာဝေးသောနေရာများမှ ရေပေးဝေဖြန့်ဖြူးလျှက်ရှိသည်။ ယင်းလူ့အဖွဲ့အစည်းများမှီခိုအားထားရာ သစ်တောနှင့် ရေဖြန့်ဖြူးပေးသောနေရာများကို HCV ၅ အဆင့် သတ်မှတ်ထိန်းသိမ်းလျှက်ရှိသည်။

| | |
|---|---|
| နေရာ | မိုဇမ်ဘစ်နိုင်ငံ Cabo Delgado ဒေသ |
| ဂေဟစနစ် | ကျောက်ဆိုင်ကျောက်သားပေါ်များလှသော စိုက်ပျိုးမြေသစ်တော နှင့်စိုစွတ်ဧရိယာ |
| အကဲဖြတ်မှုအကြောင်းအရာ | ကြံစိုက်ပျိုးမှုမဟာအပြောင်းအလဲအတွက် HCV အကဲဖြတ်ချက် ကွင်းဆင်းလေ့လာမှု |







Reference:
1. Proforest. 2009. An assessment of potential High Conservation Values within Cabo Delgado Province, Mozambique.
http://www.hcvnetwork.org/resources/assessments/Mozambique%20HCV%20Cabo%20Delgado%20report%20final%20v1.1.pdf



## ၃.၆ HCV ၆: ယဉ်ကျေးမှုတန်ဖိုးများ

နေရာဒေသ၊ အရင်းအမြစ်၊ သဘာဝဇာတိမြေ နှင့် မြေပြင်အနေအထား တို့ရှိ ကမ္ဘာလုံးဆိုင်ရာသို့မဟုတ်နိုင်ငံအလိုက် ယဉ်ကျေးမှု၊ ရှေးဟောင်းသုတေသနနှင့်သမိုင်းဆိုင်ရာ အရေးပါမှု၊ အခြေအနေဆိုးဝါးနေသောယဉ်ကျေးမှု၊ ဂေဟဗေဒ၊ဘောဂဗေဒ၊ ကိုးကွယ်ရာဘာသာရေး၊ တိုင်းရင်းသား သို့မဟုတ် ဒေသခံများ၏ဓလေ့ထုံးတမ်း စသည်တို့ကို ဒေသခံများနှင့်ညှိနှိုင်း သတ်မှတ်ထားရမည်။

### ၃.၆.၁ | ဝေါဟာရအညွှန်းနှင့်အယူအဆများ

HCV ၆ အတွက် အနက်ဖွင့်ဆိုချက်မှာ လွန်စွာကျယ်ပြန့်သည်။ ကမ္ဘာလုံးဆိုင်ရာသို့မဟုတ်နိုင်ငံအလိုက်အရေးပါသော ယဉ်ကျေးမှုတန်ဖိုးများ နှင့် ဒေသခံများ၏ဓလေ့ထုံးတမ်းဆိုင်ရာတန်ဖိုးများ ဟူ၍ နှစ်ပိုင်းခွဲလေ့လာနိုင်သည်။

#### ကမ္ဘာလုံးဆိုင်ရာသို့မဟုတ်နိုင်ငံအလိုက်အရေးပါသော ယဉ်ကျေးမှုတန်ဖိုးများ

ကမ္ဘာလုံးဆိုင်ရာသို့မဟုတ်နိုင်ငံအဆင့်အရေးပါသောနေရာ၊ အရင်းအမြစ်၊ သဘာဝဇာတိမြေ နှင့် မြေပြင်အနေအထား တို့ကို သမိုင်းဆိုင်ရာ၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာယုံကြည်မှုတို့တွင် အရေးပါသည့်အတွက် အများသိသတ်မှတ် ဖော်ပြရမည်။ သက်ဆိုင်ရာအစိုးရ နှင့် UNESCO အဖွဲ့မှလည်း တရားဝင်ကြေငြာသတ်မှတ်ပေးလေ့ရှိသည်။(ဇယားဘောင် ၁၄ တွင်ရှု) တခါတရံတွင် ရှေးဟောင်းဂူသချိုင်းရာများ သမိုင်းမတင်မီခေတ်က အနုပညာလက်ရာများကို ရှာဖွေတွေ့ရှိတတ်သည်။ယင်းတို့ကို တရားဝင်အသိအမှတ်ပြုမခံရသော်လည်း ကျွမ်းကျင်သူများနှင့် ဒေသခံများ၏ သဘောထားဖြင့် HCV ၆ အဖြစ်သတ်မှတ်နိုင်သည်။





### ဇယားဘောင် ၁၄: UNESCO အသိအမှတ်ပြုယဉ်ကျေးမှုနေရာများ

၁၉၉၂ ခုနှစ်တွင်ကျင်းပသော UNESCO ကမ္ဘာ့အမွေအနှစ်ထိန်းသိမ်းရေးညီလာခံက ယဉ်ကျေးမှုနေရာများသတ်မှတ်ရန်နှင့် ကာကွယ်ထိန်းသိမ်းရန်အတွက် နိုင်ငံတကာအသိအမှတ်ပြု ကြေငြာချက်တစ်စောင် ထွက်ပေါ်လာခဲ့သည်။ UNESCO ၏ ဖွင့်ဆိုချက်အရ ယဉ်ကျေးမှုနေရာ ဆိုသည်မှာ လူသားနှင့်သဘာဝတို့ ယှဉ်တွဲတည်ရှိရာနေရာဖြစ်သည်။ နှစ်ကာလများစွာကလူသားတို့အခြေချနေထိုင်ခဲ့ကြပြီး လူသားတို့၏ဖန်တီးမှုများ၊ လူ့အဖွဲ့အစည်းတိုးတက်ပြောင်းလဲလာမှုကို ဖော်ညွှန်းနိုင်သောနေရာများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊စီးပွားရေး၊ လူမှုရေးကိစ္စရပ်များတွင် အောင်မြင်စွာလွှမ်းမိုးနိုင်ခဲ့သော နေရာများကို အမွေအနှစ်အဖြစ်စာရင်းပြုထိန်းသိမ်းထားရှိသည်။

UNESCO အဖွဲ့က ယဉ်ကျေးမှုနယ်မြေသတ်မှတ်ရာတွင် အဓိကအုပ်စု ၃ စုခွဲကာသတ်မှတ်သည်။

- လူသားတို့ဖန်တီးပြုလုပ်ကြောင်း ရှင်းလင်းစွာသိရှိနိုင်သောနေရာ: ဘာသာရေးဆိုင်ရာအဆောက်အဦ သို့မဟုတ် အထိမ်းအမှတ်နေရာများ၊တေးဂီတဖျော်ဖြေပွဲများနေရာများတွင် အနုပညာမြောက်စွာ ဆောက်လုပ်ထားရှိသော ပန်းခြံများ
- သဘာဝမြေသြဇာဖြင့်ပေါ်ထွန်းလာသောမြေနေရာ: အစဦးတွင် လူမှုရေးစီးပွါးရေး အုပ်ချုပ်ရေး နှင့် ကိုးကွယ်ယုံကြည်မှု တစ်ခုခုကြောင့် အရေးပါသော နေရာဖြစ်ခဲ့ပြီး လက်ရှိအချိန်တွင်ပတ်ဝန်းကျင်အနေအထားကြောင့် ဖွံ့ဖြိုးလာသော မြေနေရာများ
- ပေါင်းစပ်တည်ရှိသောယဉ်ကျေးမှုမြေနေရာ. ယုံကြည်ကိုးကွယ်မှု၊ အနုပညာလက်ရာမြောက်မှု သို့မဟုတ် သဘာဝတရားဖြင့်ပေါင်းစပ်ထားသော ယဉ်ကျေးမှုတစ်ရပ်၏ ဂုဏ်ထူးဝိသေသကြောင့် ယင်းမြေနေရာများကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် မှတ်တမ်းပြုထားသည်။

### တိုင်းရင်းသားများ သို့မဟုတ် ဒေသခံများ၏ အရေးပါသော ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ

တိုင်းရင်းသားများ သို့မဟုတ် ဒေသခံများအတွက် အရေးပါသော ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို HCV ၆ တွင်ဖော်ပြထားသည်။ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အထွတ်အမြတ်နေရာများ၊ သင်္ချိုင်းမြေနေရာ သို့မဟုတ် ရိုးရာပွဲတော်များကျင်းပရာနေရာများ ကိုထည့်သွင်းဖော်ပြသည်။ ယင်းတို့သည်ဒေသခံများ ကောင်းစွာသိရှိပြီးသော နေရာများ နှင့် နိုင်ငံတော်က ဥပဒေဖြင့် သတ်မှတ်ကာကွယ်ပေးသောနေရာများလည်းဖြစ်တတ်သည်။ အကဲဖြတ်သူများအနေဖြင့် ယင်းနေရာများကို ထိန်းသိမ်းကာကွယ်ရန် ဥပဒေလုံလောက်စွာ ရှိမရှိ စဉ်းစားဆုံးဖြတ်နိုင်ရန် လိုအပ်သည်။

## အောက်ပါနေရာတို့ကို HCV ၆ အဖြစ်သတ်မှတ်နိုင်သည်။

- တရားဥပဒေအရ ယဉ်ကျေးမှုတန်ဖိုးမြင့်မားကြောင်း သတ်မှတ်ပေးထားသော နေရာများ
- UNESCO ကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်း နှင့် သက်ဆိုင်ရာအစိုးများက တရားဝင် သတ်မှတ်ပေးထားသော နေရာများ
- ဥပဒေအရကာကွယ်ပေးမှုမရှိသော်လည်း သမိုင်းဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ အရေးပါတန်ဖိုး ရှိကြောင်းသတ်မှတ်သော နေရာများ
- ဒေသခံများအတွက်အရေးပါသော ကိုးကွယ်မှုဆိုင်ရာအထွတ်အမြတ်နေရာများ၊ သင်္ချိုင်းနေရာများ နှင့် ရိုးရာပွဲတော်များကျင်းပရာ နေရာများ
- ကိုးကွယ်ယုံကြည်မှုအရသော်လည်းကောင်း ရိုးရာပွဲတော်များကျင်းပရာတွင်လည်းကောင်း အထွတ်အမြတ်ထားသော အပင် သို့မဟုတ် တိရိစ္ဆာန်

### ၃.၆.၂ | ဝေါဟာရအညွှန်းနှင့်အယူအဆများ

ညွှန်းကိန်းများ

အခြေခံအကြောင်းအချက်များ

ကမ္ဘာလုံးဆိုင်ရာနှင့်နိုင်ငံအလိုက်သက်ဆိုင်ရာ

- UNESCO အသိအမှတ်ပြုကမ္ဘာ့အမွေအနှစ်နေရာများ
- ပြတိုက်များ၊ အမွေအနှစ်စာရင်း၊ နိုင်ငံ၏အချက်အလက်စာရင်းများ၊ ပထဝီအနေအထားအရသော်လည်းကောင်း ယဉ်ကျေးမှုအရသော်လည်းကောင်း အထူးပြုလေ့လာနေသော အာဏာပိုင်အဖွဲ့အစည်း သို့မဟုတ် အဖွဲ့အစည်းတခုခု
- ရှေးဟောင်းသုတေသနနေရာများ နှင့် အရင်းအမြစ်များအတွက် နိုင်ငံတော်အဆင့်ညွှန်ကြားချက်များ

ရှေးဟောင်းသုတေသနပညာရှင်များ၊ သမိုင်းပညာရှင်များ ၊မနုဿဗေဒပညာရှင်များ၏ အကြံပြုချက်၊ ပြတိုက်များနှင့် သတင်းအချက်အလက်ဘဏ်တိုက် တို့မှ ဖော်ပြချက်များ





## ဇယားဘောင် ၁၅: HCV ၆ ပါ ဘောဂဗေဒတန်ဖိုးများ

ဘောဂဗေဒဆိုင်ရာ အကြောင်းအချက်များကို HCV ၅ တွင်ထည့်သွင်းဖော်ပြသည်။ (အသက်ရှင်ရပ်တည်မှုအတွက် သဘာဝရင်းမြစ်များထုတ်ယူသုံးစွဲခြင်း စသည်)။သို့သော် စိတ်ပိုင်းဆိုင်ရာယုံကြည်မှု ယဉ်ကျေးမှုတို့နှင့် ဘောဂဗေဒတို့ ယှက်နွယ်နေသော အခြေအနေများကို HCV ၆ အတွင်းထည့်ပေါင်းဖော်ပြသည်။ ဥပမာ..ဒေသခံများ၏ဝင်ငွေရရှိမှုသည် ယဉ်ကျေးမှုနေရာများ၊ အရင်းအမြစ်များ နှင့်ဆက်နွယ်မှုရှိနေခြင်း၊ ဒေသခံများ၏ ရိုးရာယဉ်ကျေးမှုများ နှင့်ပတ်သက်သော ထုတ်ကုန်များအဖြစ်ယူဆရသော သစ်ဥသစ်ဖု သစ်မြစ်များကဲ့သို့ သဘာဝထုတ်ကုန်များ၊ ခရီးသွားလုပ်ငန်း၊ ဘာသာရေးပွဲတော်များမှရရှိသောဝင်ငွေ စသည်ဖြင့် အမျိုးမျိုးကွဲပြားနိုင်သည်။

သို့သော် ယဉ်ကျေးမှုအခြေခံသော သဘာဝထုတ်ကုန်များကို စီးပွါးဖြစ်ထုတ်လုပ်ရောင်းချပါက HCV ၆ တွင်မပါဝင်နိုင်ချေ။ ဥပမာ..တိရိစ္ဆာန်အရိုးနှင့်ဦးချိုတို့ဖြင့်ပြုလုပ်သော ပစ္စည်းများကို အမြောက်အမြားထုတ်လုပ်ပါက ရိုးရာဓလေ့ဖြစ်သော်လည်း လူ့အဖွဲ့အစည်းနှင့်ယဉ်ကျေးမှုဆက်သွယ်ချက်ကို ထိပါးစေနိုင်သည်။ ထိန်းသိမ်းကာကွယ်ထားသော ဇီဝမျိုးစိတ်များကို ကိုးကွယ်ယုံကြည်မှုအရ သုံးစွဲသည့်အခါတွင်လည်း ချမှတ်ထားသောဥပဒေများနှင့်HCV ၆ ဆောင်ရွက်မှုများ ပြီွစွန်းမှုမရှိစေရန် အထူးဂရုပြုဆောင်ရွက်သင့်သည်။



## ဒေသတွင်း

တိုင်းရင်းသားများ သို့မဟုတ် ဒေသခံများနှင့် ကတိကဝတ်ပြုလုပ်ခြင်းဖြင့် HCV ၆ ကို အသိအမှတ်ပြုနိုင်သည်။ HCV ၅ တွင်အသုံးပြုသော မြေပုံထုတ်ခြင်း၊ အကြံဉာဏ်ရယူခြင်းတို့ကဲ့သို့ သတင်းရင်းမြစ်များ နှင့် နည်းလမ်းများကို HCV ၆ တွင်အသုံးပြုနိုင်သည်။ အချို့နေရာများနှင့် အရင်းအမြစ်များတွင် ဒေသတွင်းရှိမနေသော ယဉ်ကျေးမှုများကိုတွေ့ရှိနိုင်ပြီး HCV ၆ အတွက် ထောက်အပံ့ပေးသည်။ (ဥပမာ..ဘိုးဘွားများနေထိုင်ခဲ့သောဒေသမှ ယဉ်ကျေးမှုများကိုဆက်လက်ထိန်းသိမ်းထားခြင်း၊ မိမိတို့နေထိုင်ရာအရပ်မှ ဝေးကွာသောအခြားဒေသများသို့ ဘုရားဖူးသွားခြင်း)။ ထို့ကြောင့် အကဲဖြတ်သူများ အနေဖြင့် HCV သတ်မှတ်ရာဒေသနှင့် ပတ်သက်မှုရှိသော လူ့အဖွဲ့အစည်းတိုင်းကို ဂရုပြုလေ့လာရန်လိုအပ်ပြီး ဒေသတွင်းရှိအင်အားနည်းသော အဖွဲ့အစည်းကို အထူးအလေးပေး စောင့်ကြည့်ရန်လိုအပ်သည်။

စုပေါင်းတိုင်ပင်ဆွေးနွေးရာတွင် ဒေသအတွင်း အခြေချနေထိုင်သူအားလုံး ပါဝင်နိုင်အောင် ဆောင်ရွက်သင့်ပြီး တိုင်းရင်းသားများကို အထူးအလေးပေး စဉ်းစားသင့်သည်။ အများသဘောတူဆန္ဒရရှိပြီးပါက နေရာခွဲဝေမှုနှင့် အရင်းအမြစ်များကို HCV ၆ တန်ဖိုးအတွက် တိကျပြတ်သားစွာဆုံးဖြတ်နိုင်သည်။ အသိဉာဏ်ကြွယ်ဝသော လူမျိုးစုခေါင်းဆောင်များ နတ်ဆရာများကိုလည်း တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ ကိစ္စရပ်အတွက် ပါဝင်ရန် ဖိတ်ခေါ်သင့်သည်။ စိန်ခေါ်မှုတစ်ခုကား ရိုးရာဓလေ့ကို လျှို့ဝှက်အဆင့် သတ်မှတ်ထားရှိပါက တိကျသော သတင်းအချက်အလက်များ ရရှိရန်ခက်ခဲမည်ဖြစ်သည်။

အချို့လူ့အဖွဲ့အစည်းများတွင် အထွတ်အမြတ်ထားရာနေရာကို လျှို့ဝှက်ထားလေ့ရှိပြီး မြေပုံရေးဆွဲမှုတွင် အခက်အခဲဖြစ်စေနိုင်သည်။ ဓါတ်ပုံရိုက်ယူခြင်း၊ ရုပ်သံမှတ်တမ်းတင်ခြင်းတို့ကို ယဉ်ကျေးမှုအရလက်မခံသည့် အဖွဲ့အစည်းများလည်းရှိရာ နည်းလမ်းရွေးချယ်မှုက အရေးပါလာ၏။ ယဉ်ကျေးမှုဓလေ့ထုံးကိုဖော်ညွှန်းသောမြေပုံများ လဲလှယ်ရာတွင် ဆိုးကျိုးဖြစ်ပေါ်လာနိုင်ခြင်း၊ အကဲဆတ်ခြင်းများရှိနိုင်ကြောင်းကိုလည်း သိရှိထားရန်လိုအပ်သည်။ ထို့ကြောင့် ဒေသခံများနှင့် ယုံကြည်မှုတည်ဆောက်ရန်မှာ အရေးပါပြီး ဖြစ်နိုင်လျှင် ပညာရှင်များဖြင့် အတူလုပ်ကိုင်ရန်လိုအပ်သည်။







## HCV ၆

### ၃.၆.၃ | လေ့လာချက်

#### ယဉ်ကျေးမှုတန်ဖိုးများ




| | |
|---|---|
| နေရာ | Tumbang Titi ခရိုင်ခွဲ၊ Ketapang ခရိုင်၊ အင်ဒိုနီးရှားနိုင်ငံ |
| ဂေဟစနစ် | West Kalimantan ဒေသရှိ အပူပိုင်းသစ်တောဇရိယာ |
| အကဲဖြတ်မှု အကြောင်းအရာ | ဆီအုန်းစိုက်ခင်းများဖွံ့ဖြိုးရေးအတွက် HCV အကဲဖြတ်ချက် |

Tumbang Titi ခရိုင်ခွဲ တွင်နေထိုင်သူအများစုမှာ Pesaguan မြစ်ရိုးတလျှောက် နေထိုင်ကြသော Pesaguan Dayak လူ့အဖွဲ့အစည်းဖြစ်သည်။ ယင်းလူ့အဖွဲ့အစည်း၏ ထူးခြားသော ရိုးရာဓလေ့တခုမှာ သူတို့၏ ဘဝတစ်စိတ်တစ်ပိုင်းအဖြစ် dohaခေါ် တဲအိမ်ငယ်များဆောက်လုပ်ကြခြင်း ဖြစ်သည်။လူ ၄ ယောက်မှ ၆ ယောက် သို့ မိသားစုအကြီးအကဲများ နေထိုင်နိုင်သော ယင်း doha တဲအိမ်လေးများကို pedohasanဟုလည်း ခေါ်ကြပြီး စိုက်ပျိုးမြေနှင့် အနီးဆုံးတွင် ဆောက်လုပ်လေ့ရှိကြသည်။ နေထိုင်သောနေရာနှင့် စိုက်ပျိုးမြေများမှာ ဝေးကွာလှသဖြင့် တဲအိမ်များဆောက်ကာ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ဆောင်ကြပြီး စပါးခင်းစောင့်ခြင်းကဲ့သို့ စိုက်ခင်းကာကွယ်ရေးကိုပါ ဆောင်ရွက်လေ့ရှိကြသည်။ Doha တဲအိမ်များမှာ ယဉ်ကျေးမှုလက္ခဏာအတွက် အရေးပါပြီး ဘဝတလျှောက်လုံးမှ သေသည်ထိ သင်္ကေတတစ်ရပ်အဖြစ် တည်ရှိသည်။ ရာသာစိုက်ပျိုးခြင်း၊ စပါးနှင့် သစ်သီးစိုက်ခင်းများစိုက်ပျိုးကာ ဘဝရပ်တည်ကြသည်။ ရရှိလာသောအသီးအနှံများကို စုဆောင်းသည့် အခါတွင်လည်း တဲအိမ်လေးများက အရေးပါလှသည်။ စိုက်ခင်းကို နှောက်ယှက်ဖျက်ဆီးမှုများမှ ကင်းဝေးစေရန်အတွက် လယ်သမားများသည် တဲအိမ်လေးတွင် ရက်အနည်းငယ်မှ သီတင်းပတ်များစွာကြာသည်အထိ နေထိုင်လေ့ရှိ ကြသည်။ သေဆုံးချိန်၌လည်း တဲအိမ်လေးများကို မိသားစု ဈာပနအခမ်းအနား ကျင်းပရာနေရာအဖြစ် အသုံးပြုကြသည်။ ရိုးရာ ဓလေ့နှင့်စိတ်ပိုင်းဆိုင်ရာ ယုံကြည်မှုအတွက် အရေးပါသဖြင့် ကာလရှည်ကြာ မနေထိုင်ဘဲထားရှိသည့် တဲအိမ်လေးများကိုပင် ထိန်းသိမ်းစောင့်ရှောက်လေ့ရှိ သည်။ တဲအိမ်များကို ရိုးရာဓလေ့အရပြင်ဆင်မထားပါက ပြုပြင်ထိန်းသိမ်းမှု ဆောင်ရွက်နေသော ကာလမှန်း သိရှိနိုင်၏။ ယင်းတို့၏အရေးပါမှုကြောင့် အိုဟောင်းစွန့်ပစ်ထားသောတဲအိမ်များ ကို စိုက်ခင်းပိုင်ရှင် အမှတ်အသားအဖြစ် ဆက်လက်ထားရှိဆဲဖြစ်သည်။Tumbang Titi ဒေသရှိ ကျေးရွာအသီးသီးတွင် ယုံကြည်မှုဆိုင်ရာ အထွတ်အမြတ်နေရာများရှိကြပြီး လူ့အဖွဲ့အစည်းက အသိအမှတ်ပြု လေးစားတတ်ကြသည်။ ထိုအချက်ကြောင့် အဆိုပါ doha တဲအိမ်လေးများကို HCV ၆ အဖြစ်ထည့်သွင်းစဉ်းစားပေးထားသည်။











ဤအပိုင်းသည်  HCV အကဲဖြတ်မှုအစီရင်ခံစာကောင်းများတွင် ပါဝင်သော အဓိကအချက်များ ခြုံငုံသုံး သပ်ရာတွင် အထောက်အကူပေးသည်။ HCV အကဲဖြတ်မှုအစီရင်ခံစာများကို အဆင့်တူ ပြန်လည်စစ်ဆေးရာတွင် HCV အရင်းအမြစ်ကွန်ရက်က အသုံးပြုသော အချက်အလက်များ အပေါ်အခြေခံထားသည်။





# ၄ HCV အကဲဖြတ်မှု အစီရင်ခံစာ အတွက် ပြင်ဆင်ခြင်း

HCV အရင်းအမြစ်ကွန်ရက်သည် အကဲဖြတ်မှုအစီရင်ခံစာကောင်းများပြင်ဆင်ရာတွင် လမ်းညွှန်မှုပေးသည်။ အဓိကအချက်များ  ကို အောက်တွင်အကျဉ်းချုံးဖော်ပြထားပါသည်။ အများပြည်သူနှင့်ဆိုင်သော HCV အကျဉ်းချုပ် အစီစံစာဆောင်ရွက်ရာတွင်  RSPO များအတွက် သီးသန့်ထားရှိသော အစီရင်ခံမှုပုံစံများကဲ့သို့ ရေရှည်လိုက်နာဆောင်ရွက်ရမည့် စံနှုန်းများရှိကြောင်း သတိချပ်သင့်သည်။သီးခြားဖွင့်ဆိုသောပုံစံ ကို အကဲဖြတ်မှုနောက်ဆက်တွဲ အပေါ်မူတည်လျှက် လိုက်နာဆောင်ရွက်ရမည်။ HCV အစီရင်ခံစာ၏ အရည်အသွေးနှင့်ပါဝင်မှုများအလိုက် ရှင်းလင်းဖော်ပြနိုင်ရန်အတွက် အကဲဖြတ်မှုအစီရင်ခံစာတွင် ရည်ညွှန်းအသုံးပြုနိုင်သည့် ဆက်စပ်အကြောင်းအရာများကို အောက်တွင်ဖော်ပြထားသည်။

### ၁. စီမံမှုဆိုင်ရာအကျဉ်းချုပ်ဖော်ပြချက်

### ၂. အကဲဖြတ်မှုဆိုင်ရာ အတိုင်းအတာနယ်ပယ်

က) ကဲဖြတ်မှုဧရိယာနှင့်ဘေးပတ်ဝန်းကျင်နေရာများကို ရှင်းလင်းစွာဖော်ပြထားပါသလား။ (အပိုင်း ၂.၃ တွင်ရှု)

ခ) HCV အဖွဲ့နှင့် ယင်း၏ဆောင်ရွက်မှုများအတွက် အခြေခံအနှစ်ချုပ်အစီရင်ခံစာ ရှိပါရဲ့လား။

ဂ) အဆိုပြုထားသော ဆောင်ရွက်မှုများ၏ ဖြစ်နိုင်ချေရှိသော အကျိုးသက်ရောက်မှုနှင့်အတိုင်းအတာတို့ကို ပြည့်စုံအောင်ဖော်ပြထားပါသလား။ (အပိုင်း ၂.၁ တွင်ရှု)

ဃ) အကဲဖြတ်မှုမဆောင်ရွက်မီ နေရာရှင်းလင်းမှုကဲ့သို့ စွန့်စားဆောင်ရွက်မှု တစ်မျိုးမျိုးကို ပြုလုပ်ခဲ့ပါသလား။ ပြုလုပ်ခဲ့လျှင် မည်ကဲ့သို့ ဆောင်ရွက်ခဲ့ပါသနည်း။

င) HCV အကဲဖြတ်မှု၏ ရည်ရွယ်ချက်ကို ရှင်းလင်းစွာဖော်ပြထားနိုင်ပါရဲ့လား။

### ၃. ကျယ်ပြန့်သောမြေပြင်အနေအထားဖော်ပြချက် နှင့် အကဲဖြတ်ဧရိယာ၏အရေးပါပုံ (အပိုင်း ၂.၃ နှင့် ၃.၁ တွင်ကြည့်)

က) ကျယ်ပြန့်သောမြေပြင်အနေအထား၏လူမှုရေးနှင့်ဇီဝဆိုင်ရာအင်္ဂါရပ်များကို ရှင်းလင်းစွာဖော်ပြထား ပါသလား။ယင်းတို့မှာ-

- ကာကွယ်ထိန်းသိမ်းမှုဧရိယာ
- ဒေသဧရိယာအသီးသီးရှိ သက်ရှိများမှီတင်းရာမြေပြင်အနေအထား (အကဲဖြတ်ဧရိယာသည် သက်ရှိများအတွက် သီးခြားဖြစ်သော သို့မဟုတ် ကန့်သတ်ထားသောပထဝီအနေအထားတွင် ပါဝင်ပါသလား )
- သဘာဝပေါက်ပင်တို့၏နေရာနှင့်အခြေအနေ(ဂေဟစနစ်အမျိုးအစား၊အရွယ်အစားနှင့်ဂုဏ်သတ္တိ တို့ကိုဖော်ပြနိုင်ရမည်)
- ကမ္ဘာလုံးဆိုင်ရာရှားပါးမျိုးစိတ်ဝင်များရှင်သန်နေထိုင်မှု တွေ့ရှိမရှိ။
- အဓိကမြေပြင်အနေအထား၊မြစ်ဝှမ်းဒေသနှင့်မြစ်များ၊ဘူမိဗေဒနှင့်မြေအနေအထား
- လူအခြေချနေထိုင်မှုနှင့်အခြေခံအဆောက်အဦများ၊စိုက်ပျိုးမြေများ
- လူမှုရေးဆိုင်ရာအချက်အလက် (ဒေသဆိုင်ရာလူမျိုးနွယ်၊လူမှုဗေဒဆိုင်ရာအဓိကအချက်များနှင့်မြေ အသုံးပြုဆောင်ရွက်ချက်များ)
- မြေအသုံးပြုမှုသမိုင်းနှင့်အနာဂါတ်အစီအစဉ်များပါဝင်သောဖွံ့ဖြိုးမှုအစဉ် (ကောင်းကင်မြေပုံ တိုင်းတာချက်၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊အခိုင်အမာတည်ရှိပြီး သို့မဟုတ် ရှေ့ဆက်ဆောင်ရွက်မည့် ကူးသန်းရောင်းဝယ်ရေးအချက်အလက်များနှင့်ကုန်ထုတ်လုပ်မှု)

### ၄. HCV အကဲဖြတ်မှုဆောင်ရွက်ချက်

၄.၁. HCV အကဲဖြတ်အဖွဲ့ကိုဖွဲ့စည်းခြင်းနှင့်အရည်အသွေးတိုင်းတာအကဲဖြတ်ခြင်း (အပိုင်း ၂ တွင်ရှု)

က) ဇီဝနှင့်လူမှုဗေဒတန်ဖိုးများကို အကဲဖြတ်ရန်အတွက် လုံလောက်သောကျွမ်းကျင်မှုရှိသလား။

၄.၂. အချက်အလက်ရရှိမှုနှင့်ကောက်ခံမှုဆိုင်ရာနည်းစနစ်များ (အပိုင်း ၂.၄ တွင်ရှု)

က) ယင်းနည်းစနစ်များကို တိကျသေချာစွာဖော်ညွှန်းထားပါသလား။ အကိုးအကားယူထားသလား။ အကျဉ်းချုံးဖော်ပြထားနိုင်ရဲ့လား။ (သင့်လျော်သော နောက်ဆက်တွဲဖော်ပြချက်ပါရှိရဲ့လား။) HCV အချက်အလက်များကို ပြည့်စုံစွာဖော်ပြနိုင်ရဲ့လား။ ဤအပိုင်းသည်

- နောက်ခံအချက်အလက်များနှင့်ရုံးပိုင်းဆိုင်ရာသုတေသန
- ဖြစ်နိုင်လျှင် အချက်အလက်ကွင်းဆင်းကောက်ယူမှု တို့ကိုလွှမ်းခြုံနိုင်ရမည်၊

ခ) အချက်အလက်ကွာဟမှု၊ အကျိုးသက်ရောက်မှုအချိုးညီမျှချက်နှင့် ဆောင်ရွက်မှုနည်းလမ်းတို့တွင် ကြောင်းကျိုးခိုင်လုံစွာအားထုတ်မှုရှိသလား

- ပါဝင်သင့်သူများနှင့် ညှိနှိုင်းဆွေးနွေးမှုတွင် သိသာမြင်သာစွာဆောင်ရွက်ခဲ့မှု
    - အစစ်ဆေးခံနိုင်ခြင်းရှိမရှိ
    - အဖွဲ့၏တင်ပြချက်နှင့်သတင်းအချက်အလက်များကို သင့်လျော်သောဆောင်ရွက်ချက်တွင် ပေါင်းစပ်ထည့်သွင်းမှု ရှိမရှိ
    - အစီရင်ခံစာကို ကောက်ချက်ဆွဲရာတွင် ဆွေးနွေးညှိနှိုင်းသူများထံ အလျဉ်းသင့်သလို ထုတ်ပြန်ပေးမှုရှိ၊ မရှိ။

ဂ) ဒေသတွင်းတည်ရှိပြီးအဖွဲ့ အစည်းများကို နေရာပေးပါဝင်စေမှု ရှိမရှိ။ (လူမှုဗေဒနှင့်ဇီဝဗေဒဆိုင်ရာထိန်းသိမ်းရေးလုပ်ဆောင်သောဒေသခံအဖွဲ့ အစည်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများပါဝင်မှု)

## ၅. HCV အသီးသီး၏ ဖွင့်ဆိုချက်၊ နေရာ နှင့် အခြေအနေ (အပိုင်း ၃ တွင်ရှု)

၅.၁ HCV ၆ချက်ကို ဖော်ပြမှု

က) အစီရင်ခံစာတွင် HCV အချက် အားလုံးကိုဖော်ပြပါရှိရမည်။

ခ) HCV အချက်အားလုံးကို ထည့်သွင်းဖော်ပြမထားပါက ပြည့်စုံသောတိုင်းဆချက် ဖြစ်နိုင်ပါမည်လား။

၅.၂ အချက်အလက်အရည်အသွေး

က) အချက်အလက်များသည် HCV ၏လက်ရှိအနေအထား၊အခြေအနေနှင့်နေရာတို့ အပေါ် ဆုံးဖြတ်နိုင်ရန်တွက် အသေးစိတ်ကျသော၊လတ်ဆတ်ပြီးပြည့်စုံသောအချက်အလက်များ ဖြစ်ပါရဲ့လား။

ခ) ကြိုတင်သတိပေးချက်များဖြင့် ချဉ်းကပ်ကောက်ယူထားပါသလား။

၅.၃ နိုင်ငံအဆင့်အဓိပ္ပါယ်ဖွင့်ဆိုချက်များကို အကိုးအကားယူထားမှု (အပိုင်း ၁.၃.၃ တွင်ရှု)

က) ယင်းသို့အကိုးအကားယူမှုရှိပါက HCV လမ်းညွှန်ချက်ပါ ယေဘုယျဖွင့်ဆိုချက်များနှင့် ပေါင်းစပ်နိုင်မှုရှိ၊မရှိ။

ခ) ယင်းသို့အကိုးအကားယူခြင်း၊မယူခြင်း အပေါ်၌ ပြည့်စုံစွာဆုံးဖြတ်ဖော်ပြခြင်း ရှိမရှိ။

၅.၄ HCV အခြေအနေကို ဆုံးဖြတ်ခြင်း

က) HCV လုပ်ဆောင်မှုရှိပြီလား။ လုပ်ဆောင်နိုင်ခြေရှိရဲ့လား။ သို့မဟုတ် လုပ်ဆောင်မှုမရှိတဲ့အခြေအနေလား။

ခ) လုပ်ဆောင်ထားမှုကို ဒေသဆိုင်ရာ၊နိုင်ငံလုံးအတိုင်းအတာ သို့မဟုတ် နိုင်ငံတကာသိအောင် ကြေငြာထားပြီး ဖြစ်သလား။

ဂ) HCV ကိုရှင်းလင်းစွာ အနက်ဖွင့်ဆိုဖော်ပြထားပါသလား။

၅.၅ မြေပုံဆွဲခြင်း

HCV တည်ရှိမှုကိုဖော်ပြသော မြေပုံညွှန်းများသည် ကြည့်ရှုမြင်တွေ့နိုင်ရန်အတွက် လုံလောက်သောကြည်လင်ပြတ်သားမှုရှိရန်နှင့် စီမံခန့်ခွဲမှုပြုလုပ်ရန်အတွက် လိုအပ်သောပြည့်စုံမှုများပါရှိရန်လိုသည်။ သို့မဟုတ်ပါက မြေပုံထုတ်ရန်အရေးပါပုံနှင့် မြေပုံထုတ်ခြင်းအဆင့်တို့ကို မည်သည့်ဆောင်ရွက်မှုမှ မပြုလုပ်မီ အစောတလျင်ဆောင်ရွက်သင့်သည်။

## ၆ HCV စီမံခန့်ခွဲခြင်းနှင့်စောင့်ကြည့်စစ်ဆေးခြင်း (အပိုင်း ၁.၂.၂ နှင့် ၁.၂.၃ တို့တွင်ရှု)

HCV လက်တွေ့အသုံးချမှုတိုင်းတွင် သတ်မှတ်ဖော်ထုတ်ဖွင့်ဆိုထားသောတန်ဖိုးများကို ထိန်းသိမ်းရန်အတွက် စီမံမှုအဖွဲ့ ဖွဲ့စည်းခြင်း နှင့် လုပ်ငန်းပိုင်းတွင် ယင်းအဖွဲ့၏ဆောင်ရွက်မှုကို အကဲဖြတ်နိုင်သော စောင့်ကြည့်စစ်ဆေးခြင်းနည်းလမ်းများပြီးမြောက်အောင် ဆောင်ရွက်နိုင်ခြင်းတို့ ပါဝင်သည်။HCV ဖွင့်ဆိုချက်သည် ယင်းလုပ်ငန်း၏တစ်စိတ်တစ်ပိုင်းသာဖြစ်၏။ ယခုစာအုပ်တွင် HCV ဖွင့်ဆိုချက်များသာ အလေးပေးဖော်ပြထားသည်။HCV စီမံခန့်ခွဲခြင်းနှင့်စောင့်ကြည့်စစ်ဆေးခြင်းတို့အတွက် လမ်းညွှန်ချက်စာအုပ်ကို ၂၀၁၄ ခုနှစ် အစောပိုင်းတွင် HCVRN ကထုတ်ဝေခဲ့ပြီးဖြစ်သည်။ လက်ရှိအချိန်တွင် HCV နှင့်ပတ်သက်သော အချက်အလက်များကို အောက်ဖော်ပြပါ အင်တာနက်လိပ်စာများမှတဆင့် ရယူနိုင်သည်။

*http://www.hcvnetwork.org/resources/folder.2006-09-29.6584228415/resources/folder.2006-09-29.6584228415/background-documents#managing-hcvs*

ဥပမာ.. HCV အစီရင်ခံစာများအတွက်ဆိုပါက

*http://www.hcvnetwork.org/resources/assessments/projects*

အစီရင်ခံစာပါအချက်အလက်များကိုအသေးစိတ်သိလိုပါက

*http://www.hcvnetwork.org/resource-network/our-services/technical-panel-peer-review*

တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# ၉ ကိုးကားချက်


Bowyer, C., G. Tucker, H. By & D. Baldock. 2010. Operationalising criteria to protect highly biodiverse grasslands under the Renewable Energy Directive (2009/28/EC), Institute for European Environmental Policy: London.

FSC. 2012 (October). Global FSC certificates: type and distribution.
*https://ic.fsc.org/facts-figures.19.htm*

FSC Principles & Criteria v. 5.0 (2012) and FSC Principles & Criteria v. 4.0 (2002)
*https://ic.fsc.org/principles-and-criteria.34.htm*

HCVRN. 2010 (September). Reviewing High Conservation Value reports: HCV Resource Network guidance for peer reviews of HCV assessment reports - Version 2.1.
*http://www.hcvnetwork.org/resources/hcv-network-governance/Guidance%20on%20HCV%20assessment%20reviews%20-%20Version%202.1-%20updated%20September%202010.pdf*

Millennium Ecosystem Assessment. 2005. Hassan, R., Scholes R., and A. Neville, eds. Ecosystems and human well-being: current state and trends, volume 1, chapter 2: Analytical approaches for assessing ecosystem condition and human well-being. Island Press: London.

Proforest. 2008a (July). Good practice guidelines for High Conservation Value assessments: A practical guide for practitioners and auditors.
*http://www.hcvnetwork.org/resources/folder.2006-09-29.6584228415/HCV%20good%20practice%20-%20guidance%20for%20practitioners.pdf*

Proforest. 2008b (April). Assessment, management and monitoring of High Conservation Value Forest: A practical guide for forest managers.
*http://www.hcvnetwork.org/resources/folder.2006-09-29.6584228415/hcvf%20-%20practical%20guide%20for%20forest%20managers.pdf*

Proforest. No date. Defining High Conservation Values at the national level: a practical guide. Part 2, HCV Global Toolkit.
*http://www.hcvnetwork.org/resources/global-hcv-toolkits/hcvf-toolkit-part-2-final.pdf*

Proforest. 2003. Jennings, S., R. Nussbaum, N. Judd and T. Evans with: T. Azevedo, N. Brown, M. Colchester, T. Iacobelli, J. Jarvie, A. Lindhe, T. Synnott, C. Vallejos, A. Yaroshenko and Z. Chunquan. 2003 (December). The High Conservation Value Forest Toolkit.
*http://www.hcvnetwork.org/resources/global-hcv-toolkits/hcvf-toolkit-part-1-final.pdf*

Synnott, T. with M. Colchester, N. Dudley, N. Ghaffar, A. Gough, D. Hall, A. Lindhe, D.R. Muhtaman, J. Palmer, R. Robertson, G. Rosoman, C. Stewart, C. Thies and M. Tyschianouk. 2012 (June). FSC guidelines for principle 9 and high conservation values. Forest Stewardship Council.

# နောက်ဆက်တွဲ ၁

# HCV အဓိပ္ပါယ်ဖွင့်ဆိုချက်များ၏ ဆင့်ကဲဖြစ်စဉ်များ

FSC အဆင့် စတုတ္ထအကြိမ် ထုတ်ဝေ (၂၀၀၂) ဝေါဟာရများ။

HCV သစ်တောများ- HCV သစ်တောများသည် အောက်ပါအချက်များထဲမှ တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ပိုင်ဆိုင်ကြသည်။

က) သစ်တောဧရိယာများသည် ကမ္ဘာလုံးဆိုင်ရာ သို့မဟုတ် အမျိုးသားအဆင့် ထင်ရှားသော များပြားသည့်ဇီဝမျိုးစုံမျိုးကွဲများ၏ တန်ဖိုးများပါဝင်သည် ( ဥပမာ- ဒေသမျိုးများ၊ မျိုးသုဉ်းမှု အန္တရာယ်ရှိသောမျိုးစိတ်များ၊ အခြားမှ လာရောက်နေထိုင်သောမျိုးစိတ်များ) နှင့်/ သို့မဟုတ် ကျယ်ပြန့်သောမြေယာ အခင်းအကျင်းအဆင့်ရှိသည့် သစ်တောများသည် ထိုထဲတွင်ပါဝင်သည် သို့မဟုတ် စီမံခန့်ခွဲမှု ယူနစ်တွင် ပါဝင်သည်။ မျိုးစိတ်အများစု၏ အရေအတွက်များပြားစေရန် အလားအလာသည် အကယ်၍ သဘာဝအတိုင်း တည်ရှိမှုတွင် သဘာဝအတိုင်း ဖြစ်ပေါ်လာသော မျိုးစိတ်များတည်ရှိမှုသည် ဖြန့်ဝေခြင်းနှင့် များပြားခြင်း မရှိပါက။

ခ) သစ်တောဧရိယာထဲတွင် ရှားပါးသော၊ ခြိမ်းခြောက်ခံနေရသော၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသော ဂေဟစနစ်များ ရှိသည် သို့မဟုတ် ပါဝင်နေသည်။

ဂ) သစ်တောဧရိယာများသည် အန္တရာယ်ရှိသော အခြေအနေမျိုးတွင် သဘာဝအလျောက် အခြေခံကျသော ဝန်ဆောင်မှုများကို ပေးသည်။ (ဥပမာ-ရေဝေကုန်းတန်းများအားကာကွယ်ပေးခြင်း၊ မြေပြိုမှုများအားထိန်းပေးခြင်း)

ဃ) သစ်တောဧရိယာများသည် ဒေသခံများ၏အခြေခံကျသောလိုအပ်ချက်များကို ရရှိစေသည်၊ (ဥပမာ- စားဝတ်နေရေး၊ ကျန်းမာရေး) နှင့်/ သို့မဟုတ် ဒေသခံများ၏ မိရိုးဖလာရိုးရာ ယဉ်ကျေးမှုအမှတ်အသားများကို ဆန်းစစ်နိုင်သည်( ယဉ်ကျေးမှုဆိုင်ရာ၊ ဂေဟစနစ်နှင့် ဆိုင်ရာ နေရာများ၊ ထိုဒေသခံလူ့အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်နေသော စီးပွားရေး သို့မဟုတ် ဘာသာရေးဆိုင်ရာ ထင်ရှားသောအမှတ်အသားများ။

In 2003 Proforest turned the 4 attributes above from the FSC Standard V 4.0 Glossary into 6 HCV categories (see definition in table below). This was elaborated in the HCV Toolkits http://www.hcvnetwork.org/resources/global-hcv-toolkits

In 2005, the HCV Resource Network Charter acknowledged that these values apply across all landscapes and dropped the "forest" language in the definitions. The 2005 HCV Resource Network Charter defines HCVs as:

High Conservation Value areas are critical areas in a landscape which need to be appropriately managed in order to maintain or enhance High Conservation Values (HCVs). There are six main types of HCV area, based on the definition originally developed by the Forest Stewardship Council for certification of forest ecosystems.

Most recently, FSC V 5.0 (2012) along with the HCV Resource Network have moved the focus from areas to values – reflected in the updated definitions.

| | Proforest Toolkits (2003) | HCV အရင်းအမြစ်ကွန်ယက် အဓိပ္ပါယ်ဖွင့်ဆိုချက်များ ၂၀၀၅ | FSC အဆင့် ၊ ပဥ္စမအကြိမ်ထုတ်ဝေ ၂၀၁၂ |
|---|---|---|---|
| HCV ၁ | သစ်တောဧရိယာများတွင် ကမ္ဘာလုံးအဆင့်၊ ဒေသအဆင့်၊ နိုင်ငံအဆင့် ဇီဝမျိုးစုံ မျိုးကွဲများ၏ တန်ဖိုးများ ထင်ထင် ရှားရှား များပြားခြင်း(ဥပမာ- ဒေသမျိုးရင်းများ၊ မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ်များ၊ ငြေ ဟင်းရွှေ့နေထိုင်သောမျိုးစိတ်များ) | ဧရိယာများတွင် ကမ္ဘာလုံးအဆင့်၊ ဒေသအဆင့်၊ နိုင်ငံအဆင့် ဇီဝမျိုးစုံ မျိုးကွဲများ၏ တန်ဖိုးများ ထင်ထင် ရှားရှား များပြားခြင်း(ဥပမာ- ဒေသမျိုးရင်းများ၊ မျိုးသုဉ်းရန် အန္တရာယ်ရှိသော မျိုးစိတ်များ၊ လာရောက်ခိုလှုံသောမျိုးစိတ်များ) | ကမ္ဘာအဆင့်၊ ဒေသအဆင့်၊ နိုင်ငံအဆင့် ထင်ရှားသော ဒေသမျိုးစိတ်များနှင့် ရှားပါးသော၊ ခြိမ်းခြောက်ခံနေရသော၊ မျိုးသုဉ်းရန် အန္တရာယ်ရှိသော ဇီဝမျိုးစုံမျိုးကွဲများ များပြားခြင်း |
| HCV ၂ | သစ်တောဧရိယာများတွင် ကမ္ဘာလုံးအဆင့်၊ ဒေသအဆင့်၊ နိုင်ငံအဆင့်ထင်ရှားသော ကြီးမားသည့် မြေယာအခင်းအကျင်း အဆင့် သစ်တောများ ထိုထဲတွင် ပါဝင်သည်၊ သို့မဟုတ် စီမံခန့်ခွဲမှု ယူနစ်တွင် ပါဝင်သည်။ မျိုးစိတ်အများစု၏အရေအတွက်များပြားစေရန် အလားအလာသည် အကယ်၍ သဘာဝအတိုင်း တည်ရှိမှုတွင် သဘာဝ အတိုင်းဖြစ်ပေါ်လာသော မျိုးစိတ်များ တည်ရှိမှုသည် ဖြန့်ဝေခြင်းနှင့် များပြားခြင်း မရှိပါက။ | ကမ္ဘာလုံးအဆင့်၊ ဒေသအဆင့်၊ နိုင်ငံအဆင့် ထင်ရှားသော ကြီးမားသည့် မြေယာအခင်း အကျင်း အဆင့် ဧရိယာများရှိသောနေရာများတွင် မျိုးစိတ်အများစု၏အရေအတွက်များပြားစေရန် အလားအလာသည် အကယ်၍ သဘာဝ အတိုင်း တည်ရှိမှုတွင် သဘာဝ အတိုင်း ဖြစ်ပေါ်လာသော မျိုးစိတ်များ တည်ရှိ မှုသည် ဖြန့်ဝေခြင်းနှင့် များပြားခြင်း မရှိပါက။ | ကမ္ဘာအဆင့်၊ဒေသအဆင့်၊ နိုင်ငံအဆင့် ထင်ရှားသော ကြီးမားကျယ်ပြန့်သော မြေယာအခင်းအကျင်းဆင့် ဂေဟစနစ်များနှင့် စုံလင်သော ဂေဟစနစ်များ နှင့် အများစုသည် သဘာဝအတိုင်း ဖြန့်ဝေခြင်း ဖြင့် များပြားသော မျိုးစိတ်များ |
| HCV ၃ | သစ်တောဧရိယာထဲတွင် ရှားပါးသော၊ ခြိမ်းခြောက်ခံနေရသော၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသော ဂေဟစနစ်များ ရှိသည် သို့မဟုတ် ပါဝင်နေသည်။ | ဧရိယာထဲတွင် ရှားပါးသော၊ ခြိမ်းခြောက် ခံနေရသော၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသော ဂေဟစနစ်များ ရှိသည် သို့မဟုတ် ပါဝင်နေသည်။ | ရှားပါးသော၊ ခြိမ်းခြောက် ခံနေရသော သို့မဟုတ် မျိုးသုဉ်းရန် အန္တရာယ် ရှိသော ဂေဟစနစ်များ၊ သက်ရှိများ၊ လာရောက်ခိုလှုံသော မျိုးစိတ်များ |
| HCV ၄ | သစ်တောဧရိယာများသည် အန္တရာယ်ရှိသော အခြေအနေမျိုးတွင် သဘာဝအလျောက် အခြေခံ ကျသော ဝန်ဆောင်မှုများကို ပေးသည်။ (ဥပမာ-ရေဝေကုန်းတန်းများ အား ကာကွယ်ပေးခြင်း၊ မြေပြိုမှုများအား ထိန်းပေး ခြင်း) | ဧရိယာများသည် အန္တရာယ်ရှိသော အခြေအနေမျိုးတွင် သဘာဝအလျောက် အခြေခံကျသော ဝန်ဆောင်မှုများကို ပေးသည်။ (ဥပမာ-ရေဝေကုန်းတန်းများ အား ကာကွယ်ပေးခြင်း၊ မြေပြိုမှုများအားထိန်းပေးခြင်း) | အန္တရာယ်ရှိသော အခြေအနေများတွင် အခြေခံကျသော ဂေဟစနစ် ဝန်ဆောင်မှုများပေးသည် ၊ ရေဖမ်းနယ်များအား ကာကွယ်ခြင်း၊ မြေပျောများနှင့် တောင်စောင်းမြေများ ပြိုကျမှုမှ ကာကွယ်ခြင်း |
| HCV ၅ | သစ်တောဧရိယာများသည် ဒေသခံများ၏ အခြေခံကျသောလိုအပ်ချက်များကို ရရှိ စေသည်။ (ဥပမာ- စားဝတ်နေရေး၊ ကျန်းမာရေး) | ဧရိယာများသည် ဒေသခံများ၏ အခြေခံ ကျသောလိုအပ်ချက်များကို ရရှိစေသည်။ (ဥပမာ- စားဝတ်နေရေး၊ ကျန်းမာရေး) | ဒေသခံ လူအဖွဲ့အစည်းများ၊ တိုင်းရင်းသားများ၏ အခြေခံလိုအပ်ချက်များ အား ကျေနပ်မှုရစေရန် အခြေခံကျသော အရင်းအမြစ်များ၊ လုပ်ကွက်များ၊ (စားဝတ်နေရေး၊ ကျန်းမာရေး၊ အာဟာရ၊ ရေ စသည်) ဒေသခံ လူအဖွဲ့အစည်းများ တိုင်းရင်းသားများနှင့် |
| HCV ၆ | သစ်တောဧရိယာများသည် ဒေသခံများ၏ မိရိုးဖလာရိုးရာ ယဉ်ကျေးမှု အမှတ်အသား များကို ဆန်းစစ်နိုင်သည်( ယဉ်ကျေးမှုဆိုင်ရာ၊ ဂေဟစနစ်နှင့် ဆိုင်ရာ နေရာများ၊ ထိုဒေသခံလူ့အဖွဲ့အစည်းနှင့် ပူးပေါင်း ဆောင်ရွက်နေသော စီးပွားရေး သို့မဟုတ် ဘာသာရေးဆိုင်ရာ ထင်ရှားသော အမှတ်အသားများ။ | ဧရိယာများသည် ဒေသခံများ၏ မိရိုးဖလာရိုးရာ ယဉ်ကျေးမှု အမှတ်အသား များကို ဆန်းစစ်နိုင်သည်( ယဉ်ကျေးမှုဆိုင်ရာ၊ ဂေဟစနစ်နှင့် ဆိုင်ရာ နေရာများ၊ ထိုဒေသခံလူ့အဖွဲ့အစည်းနှင့် ပူးပေါင်း ဆောင်ရွက်နေသော စီးပွားရေး သို့မဟုတ် ဘာသာရေးဆိုင်ရာ ထင်ရှားသော အမှတ်အသားများ။ | ဒေသခံလူအဖွဲ့အစည်းများ၊ တိုင်းရင်းသားများအတွက် ကမ္ဘာလုံးဆိုင်ရာ ၊ အမျိုးသားအဆင့် ယဉ်ကျေးမှု ရှေးဟောင်းသုတေသနဆိုင်ရာ (သို့) သမိုင်းဝင်ထင်ရှားသော နှင့်/သို့ ထိခိုက်လွယ်သော ယဉ်ကျေးမှု၊ ဂေဟစနစ်၊ စီးပွားရေးအရ (သို့) ဘာသာရေးအရ အရေးကြီးသော လုပ်ကွက်များ၊ အရင်းအမြစ်များ၊ သက်ရှိများ၊ မြေယာအခင်း အကျင်းများ။ ထိုအချက်များကို ဒေသခံ လူအဖွဲ့အစည်းများ၊ တိုင်းရင်းသားများနှင့် သဘောတူညီမှုရယူ သတ်မှတ်သည်။ |

# နောက်ဆက်တွဲ ၂



## မြက်ခင်းပြင်များရှိ HCV များ

**HCV မျိုးစုံ ရောပြွမ်းနေသော မြက်ခင်းပြင်**

လက်ရှိအချိန်ထိ သစ်တောများအတွက် အကူအညီဖြစ်စေရန် ချမှတ်ထားသော HCV ညွှန်ကြားချက်များနှင့် ရှင်းလင်းဖော်ပြထားသော စာအုပ်များ အများအပြားရှိသော်လည်း မြက်ခင်းပြင်များ၊ ကုန်းတွင်းရေချို နှင့် ပတ်သတ်သည့်အကြောင်းအရာများပေါ်တွင် အလေးပေးမှုများ နည်းနေသေးသည်။ ထို့ကြောင့် ဤစာအုပ်တွင် အသေးစိတ်အချက်များထပ်မံ ထည့်သွင်းထားပြီး ဤဂေဟစနစ် များတွင် HCV ကိုမည်သို့ အသုံးချရမည်ကို အနှစ်ချုပ် ဖော်ပြထားသည်။ (Dudley, N ၂၀၁၃၊ မြက်ခင်းပြင်များတွင် ရှိသော ထိန်းသိမ်းမှု တန်ဖိုး မြင့်မားသော ဂေဟလူမှုအခြေပြု အမွေအနှစ်များ၊ မြက်ခင်းပြင်များရှိ ဂေဟစနစ်များရှိ HCV များကို သတ်မှတ်သော စာတမ်းမှုကြမ်း၊ မျှခြေ သုတေသနနည်း)

| အဓိကအသုံးအနှုန်းများ - မြက်ခင်းပြင်များအား အဓိပ္ပါယ်ဖွင့်ဆိုချက် | အညွှန်းများ | အချက်အလက် အရင်းအမြစ်များ၊ ချဉ်းကပ်ပုံများ |
|---|---|---|
| **HCV ၁ ကမ္ဘာလုံးဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအလိုက် သိသိသာသာများပြားသည့် မြက်ခင်းပြင်များရှိ ဇီဝမျိုးစုံမျိုးကွဲများ** | | |
| ရှားပါးသော၊ ခြိမ်းခြောက်ခံနေရသော သို့မဟုတ် မျိုးသုဉ်းရန်အန္တရာယ် ရှိသော မျိုးစိတ်များ | • RTE မျိုးစိတ်များရှိခြင်း (RTE မျိုးစိတ်အများအပြားရှိခြင်း။ RTE မျိုးစိတ် တစ်ခု၏ အရေအတွက်များပြားခြင်း၊ လာရောက်နေထိုင်သော မျိုးစိတ်များ)<br>• အသိမှတ်ပြုထားသော ကာကွယ်တော ဧရိယာများရှိခြင်း<br>• IPAs သို့မဟုတ် KBAs ဟုသတ်မှတ်ထားသော ကာကွယ်မထားသော မြက်ခင်းပြင်များ | • တကမ္ဘာလုံး (သို့) အမျိုးသားအဆင့် အနီရောင်အဆင့်သတ်မှတ်ခြင်း (အန္တရာယ်ရှိသော နှင့် အထက်) AZE ဒေသတွင်း သတင်းအချက်အလက် အရင်းအမြစ်များ၊ ကာကွယ်တောဧရိယာများ ပေါ်ရှိကမ္ဘာ့ ဒေတာဘေ့စ် (WDPA)<br>• KBAs စာရင်း (သို့) တူညီသော (ဥပမာ- အရေးကြီးသော ငှက်များနေထိုင်ရာ ဧရိယာ) |
| ဒေသမျိုးစိတ်များ | • ဒေသမျိုးများရှိခြင်း( ဂေဟဒေသ သို့မဟုတ် တိုင်းပြည်အဆင့်) သို့မဟုတ် အကန့်အသတ်ဖြင့်သာ ရှိတော့သော မျိုးစိတ်များ<br>• အသိမှတ်ပြု ထားသောကာကွယ်တော ဧရိယာများရှိခြင်း<br>• IPAs သို့မဟုတ် KBAs ဟုသတ်မှတ်ထားသော ကာကွယ်မထားသော မြက်ခင်းပြင်များ | • ဒေသငှက်မျိုးများရှိရာနေရာစာရင်း ဒေသတွင်း သတင်းအချက်အလက်<br>• WDPA |
| မျိုးစိတ်များပြားခြင်း- ယာယီအရေးပေါ် အသုံးပြုခြင်း (ဥပမာ- ပြောင်းရွှေ့ခြင်း အတွက်) | • နို့တိုက်သတ္တဝါများ ပြောင်းရွှေ့ရာလမ်းကြောင်းနှင့် ငှက်များ ပိုးမွှားများ ပျံသန်းရာ လမ်းကြောင်း<br>• Presence of recognised protected areas<br>• Unprotected grasslands identified as IPAs or KBAs | • ပျံသန်းရာလမ်းကြောင်းနှင့် ပြောင်းရွှေ့ရာလမ်းကြောင်းများ၏ ဒေသတွင်းအချက်အလက်များကို နိုင်ငံတကာငှက်အဖွဲ့နှင့် မျိုးစိတ်များပြောင်းရွှေ့ရာလမ်းကြောင်း ညီလာခံ တို့မှရရှိ<br>• WDPA |
| **HCV ၂ ကမ္ဘာလုံးဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအလိုက် သိသိသာသာများပြား သည့် မြက်ခင်းပြင်များရှိ ဇီဝမျိုးစုံမျိုးကွဲများ** | | |
| ကြီးမားသော၊ အဓိကအားဖြင့် ဒေသမျိုး နှင့်/ သို့မဟုတ် မျှော်လင့်ထားသောမျိုးစိတ် အများအပြားရှိသော ရှည်လျားစွာ တည်ရှိသည့် မြက်ခင်းပြင်များ သို့မဟုတ် မျိုးစားစုံလင်သော မြက်ခင်းပြင်များ | • ဆိုက်အကြီး- ဟတ်တာ ၅၀၀၀၀၊ အပိုင်းလိုက် ချမှတ်ရန် လိုသော်လည်း<br>• အဓိကအားဖြင့် ဒေသမျိုးစိတ်များဖြင့် ဖွဲ့စည်းထား<br>• အစဉ်အဆက်တည်ရှိသော ဂေဟစနစ်သမိုင်း | • မြေပုံများ။ ကွင်းဆင်းလေ့လာချက်များ။ ဂြိုလ်တုပုံရိပ်များ<br>• မျိုးစိတ်များအားကွင်းဆင်းလေ့လာခြင်း<br>• မြက်ခင်းပြင်အနေဖြင့် ကာလရှည်ကြာ နောင့်ယှက်ဖျက်ဆီးခံရမှု အဖြစ်ဆုံး ပုံစံ ( သဘာဝကြောင့်သော်လည်းကောင်း လူတို့ စီမံပြုလုပ်၍သော်လည်းကောင်း) |
| **HCV ၃ ရှားပါးသော၊ ခြိမ်းခြောက်ခံနေရသော သို့မဟုတ် မျိုးသုဉ်းလုနီးပါးအန္တရယ် ကျရောက်နေသော မြက်ခင်းပြင်များ သို့မဟုတ် မြက်ခင်းပြင်များအတွင်းရှိ ဂေဟစနစ်များ** | | |
| ရှားပါးသော၊ ခြိမ်းခြောက်ခံနေရသော သို့မဟုတ် မျိုးသုဉ်းရန်အန္တရာယ် ရှိသော မြက်ခင်းပြင်များ၏ ဂေဟစနစ်များ | • ရှားပါးသော မြက်ခင်းပြင်ဂေဟစနစ်များရှိ ခြင်း၊ သဘာဝအလျောက်ရှားပါးသော ဂေဟစနစ်များနှင့် ပြုပြင်ပြောင်းလဲမှုများနှင့် ပျက်စီးယိုယွင်းမှုများကြောင့်ရှားပါးခြင်း ၂ မျိုးလုံးပါဝင်သည်။ | • နောက်ဆုံး IUCV မှထုတ်ပြန်ထားသော မျိုးသုဉ်းလုနီးပါ အန္တရာယ်ရှိသော ဂေဟစနစ်များ။ တချိန်တည်းတွင် စနစ်တကျ ထိန်းသိမ်းရေး အစီအစဉ်များ (သို့) ပညာရှင်များ၏အမြင်များ။ |
| အခြားပြုပြင်ထားသော မြက်ခင်းပြင်များတွင် ပါဝင်သော အကြွင်းအကျန် ဂေဟစနစ်များနှင့် သက်ရှိများရှင်သန်နေထိုင်ခြင်း | • မြက်ခင်းပြင်အတွင်း ရှားပါးသော ဂေဟစနစ်များ ရှိခြင်း (ဥပမာ-ဒေသရင်း မြက်ခင်းပြင်ရှိ အဓိကပြောင်းလဲခဲ့သော အပိုင်းအစများ- ကန်များ၊ ချောင်းများ (သို့) အခြားကုန်းတွင်းရေများ ၊ မြစ်ကမ်းပါးရှိ သစ်တောမြေများ) | • ကွင်းဆင်းလေ့လာချက်များ<br>• ဂြိုလ်တုပုံရိပ်များ<br>• မှတ်တမ်းမှတ်ရာများအား ပြန်လည် တိုက်ဆိုင် လေ့လာခြင်း |

| အဓိကအသုံးအနှုန်းများ - မြက်ခင်းပြင်များအား အဓိပ္ပါယ်ဖွင့်ဆိုချက် | အညွှန်းများ | အချက်အလက် အရင်းအမြစ်များ၊ ချဉ်းကပ်ပုံများ |
|---|---|---|
| HCV ၄ အရေးကြီးသော အခြေအနေများရှိ အခြေခံကျသော ဂေဟစနစ်ဝန်ဆောင်မှုများ | | |
| မြက်ခင်းပြင်များရှိ အန္တရာယ် ကျရောက်နေသော ရေဖမ်းနယ်များနှင့် ရေအောင်းလွှာများ | • မြေအောင်းရေများအားပြန်လည် ဖြည့်တင်းခြင်း၊ သန့်စင်စေခြင်း၊ စသည်တို့ နှင့် မျက်နှာပြင် ရေဖမ်းနယ်များအား ဒေသရင်းမြက်ခင်းပြင်များက လုပ်ဆောင်ပေးသည်။ | • ရေနှင့်ပတ်သတ်သည့် တာဝန်ရှိသူ များထံမှ သတင်းအချက်အလက် ရယူခြင်း<br>• ရေနှင့် ပတ်သတ်သည့် ကွင်းဆင်း လေ့လာချက်များ |
| မြက်ခင်းပြင်များရှိ အန္တရာယ် ကျရောက်နေသော ရေတိုက်စားခြင်းနှင့် ကန္တာရဖြစ်ပေါ်မှု ထိန်းချုပ်ခြင်း | • ဒေသ သဘာဝပေါက်ပင်များ မြေတိုက်စားခြင်း၊ မြေချော်ခြင်း၊ မြောင်းများဖြစ်ခြင်း၊ ဖုန်မှုန်တိုင်းများနှင့် ကန္တာရဖြစ်ခြင်းတို့ကို တားဆီးရန် အကူအညီပေးသည်။ | • နယ်ပယ်အနေအထားကို အသေးစိတ် ကွင်းဆင်းလေ့လာခြင်း၊ ဂြိုလ်တုဓါတ်ပုံများ ကို အသုံးပြုခြင်း။ |
| Grasslands providing buffering against flooding | • Wet, seasonally-flooded grassland areas that can absorb sudden influxes of floodwater | • Hydrological surveys, interviews with water authorities, river managers and farmers, maps and satellite images |
| မြက်ခင်းပြင်များတွင် ရေကြီး ရေလျှံမှု မဖြစ်စေရန် ကြားခံနယ်မြေထားခြင်း | • ဝတ်မှုံကူးသော တိရိစ္ဆာန်အရေအတွက် များပြားခြင်း ( များ၊ လိပ်ပြာ၊ ပုတုံး နှင့် အချို့ ငှက်များ) | • ကွင်းဆင်းလေ့လာခြင်း |
| HCV ၅ မြက်ခင်းပြင် ဇီဝယာများနှင့် ဒေသခံပြည်သူများ၏ အခြေခံကျသောလိုအပ်ချက်များ သိစေရန် အခြေခံကျသော တန်ဖိုးများ | | |
| မြက်ခင်းပြင်များသည် အမြဲ (သို့) ရာသီအလိုက် အသုံးပြုနိုင်သော စားကျက်မြေများ အဖြစ် ထောက်ပံ့ ပေးသည်။ | • အမြဲတမ်း သို့မဟုတ် လှည့်လည် စစ်ဆေးသူများရှိခြင်း | • တွေ့ဆုံမေးမြန်းခြင်း၊ ကွင်းဆင်းလေ့လာခြင်း |
| မက်ခင်းပြင်များသည် တောထွက်ပစ္စည်းများ ထုတ်လုပ်ပေးသည်။ (သားကောင်များ၊ စားသုံးနိုင်သောအပင်များ၊ တိရိစ္ဆာန် အစာများ၊ ဆေးဖက်ဝင်အပင်များ၊ အသုံးဆောင်ပစ္စည်းများ) | • မြက်ခင်းပြင်များမှပုံမှန် သို့မဟုတ် အန္တရာယ်ရှိသော ပုံမှန်မဟုတ်သည့် သက်သေအရင်းအမြစ် များကို သုံးခြင်း | • တွေ့ဆုံမေးမြန်းခြင်း ၊ ကွင်းဆင်းလေ့လာခြင်း |
| HCV ၆- ယဉ်ကျေးမှု တူညီသော မြက်ခင်းပြင်များနှင့် အန္တရာယ် ကျနေသော တန်ဖိုးများ | | |
| မြက်ခင်းပြင်များရှိအရေးကြီးသော ရိုးရာလေ့ နေထိုင်မှုပုံစံများနှင့် ဂေဟစနစ် ပေါ်မှီတည်နေသော စားဝတ်နေရေးအတွက် တန်ဖိုးများကိုပါ ထောက်ပံ့ပေးသည်။ | • အသက်ရှင်နေထိုင်မှုအတွက် မြက်ခင်းပြင်များအား မိရိုးဖလာ အစဉ်အဆက် မှီခိုနေထိုင်ကြခြင်း | • ကွင်းဆင်းလေ့လာခြင်း၊ တွေ့ဆုံမေးမြန်းခြင်း |
| မိရိုးဖလာ စီမံခန့်ခွဲမှု စနစ်ရှိပြီးသား မြက်ခင်းပြင် နေရာများ | • ယဉ်ကျေးမှုအရ ထင်ရှားသော စီမံခန့်ခွဲမှုစနစ် တည်ရှိခြင်း ( အသက်ရှင်နေထိုင်မှုအတွက်ကောင်းမွန် သော မေးခွန်းများ သို့မဟုတ် အထောက်အပံ့များရှိသော ယဉ်ကျေးမှုတန်ဖိုးများ) | • သဘာဝတရားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကမ္ဘာ့အမွေအနှစ် အဖြစ် သတ်မှတ်ထားသောနေရာများရှိခြင်း၊ MAB သက်ရှိဝန်းကျင်များအားထိန်းသိမ်း ထားခြင်း သို့မဟုတ် ဒေသ အလိုက်အဆင့်များသတ်မှတ်ထားခြင်း။ ကွင်းဆင်းလေ့လာခြင်း၊ တွေ့ဆုံမေးမြန်းခြင်း |
| မြက်ခင်းပြင်များသည် အရေးကြီးသော အထွတ်အမြတ်ထားရာ နေရာများ၊ ဘာသာရေးအခြေခံသောတန်ဖိုးများအား ကူညီထောက်ပံ့သည်။ | • အထွတ်အမြတ်ထားရာ နေရာများ အထွတ်အမြတ်ထားရာ မြေယာအခင်းအကျင်းများ ရှိခြင်း | • ကွင်းဆင်းလေ့လာခြင်း၊ တွေ့ဆုံမေးမြန်းခြင်း |
| အမျိုးသားယဉ်ကျေးမှု အမှတ်အသားများအတွက်လည်း အရေးကြီးသည်။ | • အထင်ကရဖြစ်သောနေရာများ မြေယာအခင်းအကျင်းများရှိခြင်း | • သဘာဝတရားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကမ္ဘာ့အမွေအနှစ် အဖြစ် သတ်မှတ်ထားသောနေရာများရှိခြင်း၊ MAB သက်ရှိဝန်းကျင်များအားထိန်းသိမ်း ထားခြင်း သို့မဟုတ် ဒေသ အလိုက်အဆင့်များသတ်မှတ်ထားခြင်း။ ကွင်းဆင်းလေ့လာခြင်း၊ တွေ့ဆုံမေးမြန်းခြင်း |

Note that in a number of cases (in fact the majority of cases) the elements can apply to both "natural" and "cultural" grasslands and that furthermore it may sometimes be difficult to distinguish between the two. Cultural management systems may in themselves sometimes contain HCVs and this is addressed in HCV 6 above.

# နောက်ဆက်တွဲ ၃

## ကုန်းတွင်းရေချိုစနစ်များရှိ HCV များ

### HCV မျိုးစုံ ရောပြွမ်းနေသော ကုန်းတွင်းရေချိုများ

လက်ရှိအချိန်ထိ သစ်တောများအတွက် အကူအညီဖြစ်စေရန် ချမှတ်ထားသော HCV ညွှန်ကြားချက်များနှင့် ရှင်းလင်းဖော်ပြထားသော စာအုပ်များ အများအပြားရှိသော်လည်း မြက်ခင်းပြင်များ၊ ကုန်းတွင်းရေချို နှင့် ပတ်သတ်သည့်အကြောင်းအရာများပေါ်တွင် အလေးပေးမှုများ နည်းနေသေးသည်၊ ထို့ကြောင့် ဤစာအုပ်တွင် အသေးစိတ်အချက်များထပ်မံ ထည့်သွင်းထားပြီး ဤဂေဟစနစ် များတွင် HCV ကိုမည်သို့ အသုံးချရမည်ကို အနစ်ချုပ် ဖော်ပြထားသည်။ (Abell, R., S. Morgan, နှင့် A. Morgan ၂၀၁၃ မှ ကောက်နုတ်သည်။ သစ်တောများမှစ၍ ကုန်းတွင်းရေချိုအထိ သက်ဆိုင်သော HCV များကို ထုတ်နုတ်ထားသည်။

| အဓိကအသုံးအနှုန်းများ မြက်ခင်းပြင်များအား အဓိပ္ပါယ်ဖွင့်ဆိုချက် | ဥပမာများ | အချက်အလက် အရင်းအမြစ်များ၊ ချဉ်းကပ်ပုံများ |
|---|---|---|
| HCV ၁ ကမ္ဘာလုံးဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအလိုက် သိသိသာသာများပြားသည့် မြက်ခင်းပြင်များရှိ ဇီဝမျိုးစုံမျိုးကွဲများ | | |
| ရှားပါးသော၊ ခြိမ်းခြောက်ခံနေရသော သို့မဟုတ် မျိုးသုဉ်းလုနီးပါးအန္တရာယ် ရှိသော မျိုးစိတ်များ | • ဘဝသံသရာ၏ တစ်စိတ်တစ်ပိုင်း (သို့) အားလုံးသည် ရေချိုပေါ်တွင် မှီတည်နေရသော RTE မျိုးစိတ်များရှိခြင်း (RTE မျိုးစိတ်အများအပြားရှိခြင်း၊ RTE မျိုးစိတ် တစ်ခု၏ အရေအတွက်များပြားခြင်း၊ လာရောက်မှီခိုသောမျိုးစိတ်များ)<br>• ရေချိုနေ RTE မျိုးစိတ်များ (သို့) သက်ရှိများအားလုံး (သို့) တစိတ်တပိုင်းကို ထိန်းသိမ်းရန် အသိမှတ်ပြုထားသော ကာကွယ်တော ဧရိယာများရှိခြင်း<br>• IPAs သို့မဟုတ် KBAs ဟုသတ်မှတ်ထားသော ကာကွယ်မထားသော ကုန်းတွင်းရေချို စနစ်များ | • တကမ္ဘာလုံး (သို့) အမျိုးသားအဆင့် အနီရောင်အဆင့်သတ်မှတ်ခြင်း (အန္တရာယ်ရှိသော နှင့် အထက်)<br>• ကာကွယ်တောဧရိယာများ ပေါ်ရှိကမ္ဘာ့ ဒေတာဘေ့စ် (WDPA)( မှတ်ချက်- Ramsar ၏ လုပ်ကွက်များသည် WDPA ထဲတွင် ပါဝင်သည်၊ သို့သော် အချို့သည် ဖော်ပြပါထပ်ဝင် အနေအထားများကိုသာ ကိုယ်စားပြုသည်၊ Ramsar သတင်းအချက်အလက် စာရွက်သည်မျိုးစိတ်များ၏ အသေးစိတ် အချက်အလက်များကို တိုင်ပင်သင့်သည်။<br>• ကာကွယ်ထားသော အသုံးနည်းသော/ရှင်းသာသော/ အမွေအနှစ်ရှိသော မြစ်များ၏ နိုင်ငံအလိုက်/ ပြည်နယ်အလိုက် ဒေတာဘေ့စ်များ<br>• KBAs စာရင်း (သို့) တူညီသော (ဥပမာ- အရေးကြီးသော ငှက်များနေထိုင်ရာ ဧရိယာ၊ အရေးကြီးသော အပင်များရှိရာ ဧရိယာ) (မှတ်ချက်- ကုန်းတွင်းရေချိုများ၏ KBAs များသည်အများစုသော ပထဝီ အနေအထားများကို စနစ်တကျ ဆောင်ရွက် ထားခြင်းမရှိပေ။<br>• ဒေသတွင်းသတင်းအချက်အလက် အရင်းအမြစ်၊ မှတ်တမ်းမှတ်ရာများအား ပြန်လည် တိုက်ဆိုင် လေ့လာခြင်း၊ နှင့် ပညာရှင်များ၏ အသိအမြင်များ၊ထိန်းသိမ်းရေး အစီအစဉ် သင်ခန်းစာများလည်းပါဝင်သည်။<br>• ကွင်းဆင်းလေ့လာခြင်းများ |
| ကုန်းတွင်းရေချိုနေဒေသမျိုးစိတ်များ | • ဒေသမျိုးများရှိခြင်း( ဂေဟဒေသ သို့မဟုတ် တိုင်းပြည်အဆင့်) သို့မဟုတ် အကန့်အသတ်ဖြင့်သာ ရှိတော့သော ရေချိုအမှီပြုမျိုးစိတ်များ<br>• ဒေသမျိုးစိတ် အားလုံး (သို့) တစိတ်တပိုင်းကို ကာကွယ်ရန် သို့မဟုတ် တားမြစ်ထားသော ရေချိုနေမျိုးစိတ်များ သည်အသိမှတ်ပြု ထားသော ကာကွယ် တော ဧရိယာအတွင်းရှိခြင်း<br>• KBAs ဟုသတ်မှတ်ထားသော ကာကွယ်မထားသောကုန်းတွင်းရေချို များ | • AZE ဆိုက်များ (မှတ်ချက်- AZE ဆိုက်များသည် ရေချိုငါးများ၊ ကျောရိုးမဲ့သတ္တဝါများအား သတ်မှတ်ထားခြင်းမရှိ။)<br>• တိုင်းပြည်အဆင့် (သို့) ပြည်နယ်/တိုင်းအဆင့် ဒေသမျိုးရင်းများစာရင်း<br>• ငါးအခြေခံစာရင်း (ဒေသမျိုးများစာရင်းသည် တိုင်းပြည်/ကျွန်းအဆင့်ကိုသာ ဆောင်ရွက်ပေးနိုင်)<br>• ကမ္ဘာကြီး၏ ရေချိုဂေဟဒေသများ (မှတ်ချက်- ဒေသမျိုး ငါးမျိုးစိတ်များသည် ရေချိုဂေဟဒေသတစ်ခုဖြစ်စေရန် တောင်းဆိုမှုပေါ်မူတည်၍ ရနိုင်သည်၊<br>• ရေချိုကိုမှီတည်နေသော နို့တိုက်သတ္တဝါများငှက်များ၊ ကုန်းနေရေနေ သတ္တဝါများ၊ တွားသွား သတ္တဝါများအတွက် အစာရှာသူများ<br>• ဇီဝသန့်စင်မှု *(http://www2.freshwaterbiodiversity.eu/)* (မှတ်ချက်- အချက်အလက်ဝင်ရောက်မှုသည် မျိုးစိတ်များ များပြားမှုဖြစ်စဉ်ကြောင့် ဖြစ်သည်)<br>• WDPA<br>• တောရိုင်း တိရိစ္ဆာန်များ၊ ရှင်းများ၊ အမွေအနှစ်များ၊ မြစ်များ၏ အမျိုးသားဒေတာဘေ့စ်<br>• KBAs သို့မဟုတ် အခြားအလားတူ စာရင်း<br>• ဒေသတွင်းအတင်းအချက်အလက် အရင်းအမြစ်၊ မှတ်တမ်းမှတ်ရာများအား ပြန်လည် တိုက်ဆိုင် လေ့လာခြင်း နှင့် ပညာရှင်များ၏ အသိအမြင်များ၊ ထိန်းသိမ်းရေး အစီအစဉ် သင်ခန်းစာများလည်းပါဝင်သည်။<br>• ကွင်းဆင်းလေ့လာခြင်းများ |

1 Nearly all global and national-level datasets will provide information on what might occur in a given assessment area, but in most cases they cannot be used in isolation to determine what does occur in a given location

2 For the purposes of this document, 'freshwaters' is synonymous with 'inland wetland' as defined by the Ramsar Convention's 'Classification System for Wetland Type.'

| အဓိကအသုံးအနှုန်းများ မြက်ခင်းပြင်များအား အဓိပ္ပါယ်ဖွင့်ဆိုချက် | ဥပမာများ | အချက်အလက် အရင်းအမြစ်များ၊ ချဉ်းကပ်ပုံများ |
|---|---|---|
| **HCV ၁ ကမ္ဘာလုံးဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအလိုက် သိသိသာသာများပြားသည့် မြက်ခင်းပြင်များရှိ ဇီဝမျိုးစုံမျိုးကွဲများ** | | |
| အရေးပေါ်ယာယီ အသုံးပြုသော ဇရိယာများ၊ စီးဆင်းရာလမ်းကြောင်း၊ ဆောင်းခိုခြင်း၊ ဥဥခြင်း/ပေါက်ဖွားခြင်း၊ သားလောင်း၊ ပြောင်းရွှေ့နေထိုင်ခြင်း၊ အစာခြင်း၊ သို့မဟုတ် ဆောင်းခိုသည့် ဇရိယာ | • ငါးများ ရွှေ့ပြောင်းနေထိုင်ရာလမ်း သို့မဟုတ် မွားများရာ လမ်းကြောင်း၊ စိမ့်မြေနေ ဌက်များ၊ရေနေရသော နို့တိုက်သတ္တဝါများ/ ကုန်းနေရေနေ သတ္တဝါများ/ တွားသွားသတ္တဝါများ၊ သို့မဟုတ် ရေနေကြောရိုးမဲ့သတ္တဝါများ၊ (ဥပမာ- ရေလွှမ်းလွင်ပြင်၊ နက်သော သို့မဟုတ် နွေဦးတွင်ပေါ်သော ကန်များ၊ မြစ်ကြောင်းစပ်များ<br>• Presence of recognised protected areas designated in whole or part to conserve freshwaters of critical use during certain times<br>• IBAs IPAs KBAs တို့မှကာကွယ်ရန် သတ်မှတ်မထားသော ကုန်းတွင်းရေရှိများ | • ပျံသန်းရာလမ်းကြောင်းနှင့် ပြောင်းရွှေ့ရာလမ်းကြောင်းများ၏ ဒေသတွင်းအချက်အလက်များကို နိုင်ငံတကာဌက်အဖွဲ့နှင့် မျိုးစိတ်များ ပြောင်းရွှေ့ရာလမ်းကြောင်း ညီလာခံ<br>• ရေလွှမ်းလွင်ပြင်များ၊ နွေဦးတွင်ပေါ်သောကန်များ နှင့် အခြားယာယီ စိမ့်မြေနေရာများ၊ စမ်းချောင်းများ အတွက် ဒေသတွင်း (သို့) အမျိုးသားအဆင့် မြေပုံများ<br>• KBAs သို့မဟုတ် အခြားအလားတူ စာရင်း<br>• ဒေသတွင်းအတင်းအချက်အလက် အရင်းအမြစ်၊ မှတ်တမ်းမှတ်ရာများအား ပြန်လည် တိုက်ဆိုင် လေ့လာခြင်း နှင့် ပညာရှင်များ၏ အသိအမြင်များ၊ ထိန်းသိမ်းရေး အစီအစဉ် သင်ခန်းစာများလည်း ပါဝင်သည်။ (မှတ်ချက်- အချို့ "ကမ္ဘာပေါ်နေ" နို့တိုက်သတ္တဝါ/ဌက်များသည် ပြောင်းရွှေ့ရန်၊ မျိုးပွားရန် မြစ်ကမ်းပါး/ရေလွှမ်းလွင်ပြင် ကမ်းစပ်များပေါ်တွင် မှီခို နေရသည်။<br>• ကွင်းဆင်းလေ့လာခြင်းနှင့် ကြိုလ်တုပုံရိပ်များ |
| **HCV ၂ ကမ္ဘာလုံးဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအလိုက် ထင်ထင်ရှားရှားကြီးမားကျယ်ပြန့်သော မြေယာအခင်းအကျင်းအဆင့် ဂေဟစနစ်များနှင့် မျိုးစားစုံလင်သော ဂေဟစနစ်များ** | | |
| ထိခိုက်ပျက်စီးခြင်း မရှိသော ကုန်းတွင်းရေရှိ နမူနာများ | • သဘာဝအတိုင်းစနစ်တကျ စီးဆင်းနေသော မြစ်များ<br>• သဘာဝရေအချိန်အတိုင်းရှိသော ကန်များနှင့် စိမ့်မြေများ | • WDPA နှင့် Ramsarသတင်းအချက်အလက် တရွက်<br>• ကာကွယ်ထားသော တောရိုင်းတိရိစ္ဆာန်များ၊ ရွှင်းများ၊ အမွေအနှစ်ရှိသော မြစ်များ၏ အမျိုးသားအဆင့် ဒေတာဘေ့စ်များ<br>• ကမ္ဘာလုံးဆိုင်ရာရေနစ်များ စီမံကိန်း မြေပုံများ ဒေသတွင်းအတင်းအချက်အလက် အရင်းအမြစ်၊ မှတ်တမ်းမှတ်ရာများအား ပြန်လည် တိုက်ဆိုင် လေ့လာခြင်း နှင့် ပညာရှင်များ (အထူးသဖြင့် ရေပညာရှင်များ)၏ အသိအမြင်များ၊ ထိန်းသိမ်းရေး အစီအစဉ် သင်ခန်းစာများလည်းပါဝင်သည်။<br>• Local information sources, literature review, and expert knowledge (especially hydrologists), including inputs to conservation planning exercises.<br>• ကွင်းဆင်းလေ့လာခြင်းနှင့် ကြိုလ်တုပုံရိပ်များ |
| ကုန်းတွင်းရေရှိများ စုံလင်စွာ လောင်ကိုကျူ အရ ဆက်နွယ်မှုများ | • ရေရုန်/ရေဆန်မရှိသော မြစ်များသည် မျိုးစိတ်များ ဘဝစက်ဝိုင်း တပတ်လည်ခြင်းအား အဟန့်အတား ဖြစ်စေသည်။ | • WDPA နှင့် Ramsarသတင်းအချက်အလက် တရွက်<br>• ကမ္ဘာလုံးဆိုင်ရာရေနစ်များ စီမံကိန်း မြေပုံများ<br>• ကာကွယ်ထားသော တောရိုင်းတိရိစ္ဆာန်များ၊ ရွှင်းများ၊ အမွေအနှစ်ရှိသော မြစ်များ၏ အမျိုးသားအဆင့် ဒေတာဘေ့စ်များ<br>• ဒေသတွင်းအတင်းအချက်အလက် အရင်းအမြစ်၊ မှတ်တမ်းမှတ်ရာများအား ပြန်လည် တိုက်ဆိုင် လေ့လာခြင်း နှင့် ပညာရှင်များ၏ အသိအမြင်များ၊ ထိန်းသိမ်းရေး အစီအစဉ် သင်ခန်းစာများလည်းပါဝင်သည်။<br>• ကွင်းဆင်းလေ့လာခြင်းနှင့် ကြိုလ်တုပုံရိပ်များ |
| ကုန်းတွင်းရေရှိများ စုံလင်စွာ သမားရိုးကျမဟုတ်သော ဆက်နွယ်မှုများ | • ပြုပြင်မထားသော မြစ်ကြောင်းများသည် ရေလွှမ်းလွင်ပြင်များနှင့် စီးဆင်းဆက်စပ်ခြင်း | • WDPA နှင့် Ramsarသတင်းအချက်အလက် တရွက်<br>• ကာကွယ်ထားသော တောရိုင်းတိရိစ္ဆာန်များ၊ ရွှင်းများ၊ အမွေအနှစ်ရှိသော မြစ်များ၏ အမျိုးသားအဆင့် ဒေတာဘေ့စ်များ<br>• ဒေသတွင်းအတင်းအချက်အလက် အရင်းအမြစ်၊ မှတ်တမ်းမှတ်ရာများအား ပြန်လည် တိုက်ဆိုင် လေ့လာခြင်း နှင့် ပညာရှင်များ၏ အသိအမြင်များ၊ ထိန်းသိမ်းရေး အစီအစဉ် သင်ခန်းစာများလည်းပါဝင်သည်။<br>• ကွင်းဆင်းလေ့လာခြင်းနှင့် ကြိုလ်တုပုံရိပ်များ |
| သဘာဝရေ အရည်အသွေးအတိုင်း ရှိသော ကုန်းတွင်းရေရှိများ | • ပြုပြင်မထားသော ရေနွေးခြင်း၊ အနည်ကျခြင်း၊ မြေသြဇာဖြစ်ခြင်း | • WDPA နှင့် Ramsarသတင်းအချက်အလက် တရွက်<br>• ဒေသတွင်းအတင်းအချက်အလက် အရင်းအမြစ်၊ မှတ်တမ်းမှတ်ရာများအား ပြန်လည် တိုက်ဆိုင် လေ့လာခြင်း နှင့် ပညာရှင်များ၏ အသိအမြင်များ၊ ထိန်းသိမ်းရေး အစီအစဉ် သင်ခန်းစာများလည်းပါဝင်သည်။<br>• ကွင်းဆင်းလေ့လာခြင်းနှင့် ကြိုလ်တုပုံရိပ်များ |

| အဓိကအသုံးအနှုန်းများ မြက်ခင်းပြင်များအား အဓိပ္ပါယ်ဖွင့်ဆိုချက် | ဥပမာများ | အချက်အလက် အရင်းအမြစ်များ၊ ချဉ်းကပ်ပုံများ |
|---|---|---|
| ပျက်စီးခြင်းမရှိသော ရေဝေကုန်းတန်းများ/ ရေဖမ်းနယ်များ | • မြေဖုံးလွှမ်းမှု ပြောင်းလဲခြင်း မတိုးရှိရသော အခြေအနေ | • HydroSHEDS သို့မဟုတ် အလားတူသော အမျိုးသားအဆင့်/ဒေသတွင်းအဆင့် ညရေနှင့်ဆိုင် သော သတင်းများ ၊ မြေအသုံးချခြင်းနှင့်မြေဖုံးလွှမ်းမ<br>• WDPA<br>• ကမ္ဘာလုံးဆိုင်ရာရေစနစ်များ စီမံကိန်း မြေပုံများ<br>• ဂြိုလ်တု ပုံရိပ်များ |
| ဒေသခံပြည်သူများနှင့် ကုန်းတွင်းရေရှိ | • အခြားမှမျိုးစိတ်များမရှိသော ကန်များ မြစ်များနှင့် စိမ့်မြေများ | • ဒေသတွင်းအတင်းအချက်အလက် အရင်းအမြစ်၊ မှတ်တမ်းမှတ်ရာများအား ပြန်လည် တိုက်ဆိုင် လေ့လာခြင်း နှင့် ပညာရှင်များ၏ အသိအမြင်များ၊ ထိန်းသိမ်းရေး အစီအစဉ် သင်ခန်းစာများလည်းပါဝင်သည်။<br>• ကွင်းဆင်းလေ့လာခြင်း |
| **HCV ၃ ရှားပါးသော၊ ခြိမ်းခြောက်ခံနေရသော သို့မဟုတ် မျိုးသုဉ်းရန်အန္တရယ် ရှိသော ဂေဟစနစ်များ** | | |
| ရှားပါးသော၊ ခြိမ်းခြောက်ခံနေရသော သို့မဟုတ် မျိုးသုဉ်းရန်အန္တရာယ် ကျရောက်နေသော ကုန်းတွင်းရေရှိ ဂေဟစနစ်များ | • ဥပမာ- Karstic စနစ်များ၊ သစ်ဆွေးမြေများ | • ဒေသတွင်းအတင်းအချက်အလက် အရင်းအမြစ်၊ မှတ်တမ်းမှတ်ရာများအား ပြန်လည် တိုက်ဆိုင် လေ့လာခြင်း နှင့် ပညာရှင်များ၏ အသိအမြင်များ၊ ထိန်းသိမ်းရေး အစီအစဉ် သင်ခန်းစာများလည်းပါဝင်သည်။<br>• ကွင်းဆင်းလေ့လာခြင်းနှင့် ဂြိုလ်တုပုံရိပ်များ |
| **HCV ၄ အရေးကြီးသော အခြေအနေများရှိ အခြေခံကျသော ဂေဟစနစ်ဝန်ဆောင်မှုများ** | | |
| ရေဝေကုန်းတန်းများ/ရေဖမ်းနယ် ဇရိယာများအား စီမံခန့်ခွဲရန် ခက်ခဲခြင်း၊ ရေစီးအားသန်မှုကို ထိန်းသိမ်းရန် ခက်ခဲခြင်း (ဥပမာ- ရေကြီးခြင်း၊ ရေခမ်းခြောက်ခြင်း) | • ရေလွှမ်းလွင်ပြင်များ<br>• စမ်းချောင်းများ | • ရေလွှမ်းလွင်ပြင်များ/စိမ့်မြေများ သို့မဟုတ် စမ်းချောင်းများ၏ ဒေသတွင်း (သို့) အမျိုးသားအဆင့် မြေပုံများ<br>• ဒေသတွင်းအတင်းအချက်အလက် အရင်းအမြစ်၊ မှတ်တမ်းမှတ်ရာများအား ပြန်လည် တိုက်ဆိုင် လေ့လာခြင်း နှင့် ပညာရှင်များ၏ အသိအမြင်များ၊ ထိန်းသိမ်းရေး အစီအစဉ် သင်ခန်းစာများလည်းပါဝင်သည်။<br>• ကွင်းဆင်းလေ့လာခြင်းနှင့် ဂြိုလ်တုပုံရိပ်များ |
| သဘာဝပေါက်ပင်များ ပေါက်ရောက်နေသော ကြားခံနယ်မြေများနှင့် ပျက်စီးခြင်းမရှိသော ရေလွှမ်းလွင်ပြင်များ | • မြစ်ကမ်းနားသစ်တောများ<br>• ရေကာတာမရှိသော ရေလွှမ်း လွင်ပြင်များ | • ရေလွှမ်းလွင်ပြင်များ သို့မဟုတ် မြစ်ကမ်းစပ်များ၏ ဒေသတွင်း (သို့) အမျိုးသားအဆင့် မြေပုံများ<br>• ဒေသတွင်းအတင်းအချက်အလက် အရင်းအမြစ်၊ မှတ်တမ်းမှတ်ရာများအား ပြန်လည် တိုက်ဆိုင် လေ့လာခြင်း နှင့် ပညာရှင်များ၏ အသိအမြင်များ၊ ထိန်းသိမ်းရေး အစီအစဉ် သင်ခန်းစာများလည်းပါဝင်သည်။<br>• ကွင်းဆင်းလေ့လာခြင်းနှင့် ဂြိုလ်တုပုံရိပ်များ |
| မြေအောက်ရေ ပြန်လည်ဖြည့်တင်းရေးဇုန် | • အလွယ်ရနိုင်သော အသုံးပြုပြီး မြေအောက်ရေ များ ပြန်လည်ဖြည့်တင်းရန် ခက်ခဲသော ဇရိယာများ<br>• အခြားဝန်ဆောင်မှုများအတွက် အထောက်အပံ့ပေးနေသော ရေရှိများပေးရန် အတွက် မြေအောက်ရေ ပြန်လည်ဖြည့်တင်းရန် ခက်ခဲသော ဇရိယာများ. (ဥပမာ- ငါးမွေးမြူရေးလုပ်ငန်း) | • မြေအောက်ရေပြန်လည်ဖြည့်တင်းရေးဇုန် များ၏ ဒေသတွင်း (သို့) အမျိုးသားအဆင့် မြေပုံများ<br>• ဒေသတွင်းအတင်းအချက်အလက် အရင်းအမြစ်၊ မှတ်တမ်းမှတ်ရာများအား ပြန်လည် တိုက်ဆိုင် လေ့လာခြင်း နှင့် ပညာရှင်များ၏ အသိအမြင်များ၊ ထိန်းသိမ်းရေး အစီအစဉ် သင်ခန်းစာများလည်းပါဝင်သည်။<br>• ကွင်းဆင်းလေ့လာခြင်းနှင့် ဂြိုလ်တုပုံရိပ်များ |
| ထိန်းသိမ်းရန်ခက်ခဲသော ရေဇုန် စီးဆင်း သောထိန်းသိမ်းရန် ခက်ခဲ့သော ရေဝေကုန်းတန်းများ/ ရေဖမ်းနယ်များ | • ရေထိန်းအမှတ် (ရေမျက်နှာပြင်မြင့်သော ဇရိယာ) | • HydroSHEDS သို့မဟုတ် အလားတူသော အမျိုးသားအဆင့်/ဒေသတွင်းအဆင့် ညရေနှင့်ဆိုင် သော သတင်းများ ၊ မြေအသုံးချခြင်းနှင့်မြေဖုံးလွှမ်းမ<br>• သဘာဝအရ အရေးကြီးသော စီမံကိန်း၏ RIOS (အရင်းအမြစ်များကိုအသင့်တော်ဆုံး ရင်းနှီးမြှုပ်နှံမှု စနစ်)သို့မဟုတ် တူညီသော စနစ်များ<br>• ဒေသတွင်းအတင်းအချက်အလက် အရင်းအမြစ်၊ မှတ်တမ်းမှတ်ရာများအား ပြန်လည် တိုက်ဆိုင် လေ့လာခြင်း နှင့် ပညာရှင်များ၏ အသိအမြင်များ၊ ထိန်းသိမ်းရေး အစီအစဉ် သင်ခန်းစာများလည်းပါဝင်သည်။<br>• ကွင်းဆင်းလေ့လာခြင်းနှင့် ဂြိုလ်တုပုံရိပ်များ |

| အဓိကအသုံးအနှုန်းများ ဖြက်ခင်းပြင်များအား အဓိပ္ပါယ်ဖွင့်ဆိုချက် | ဥပမာများ | အချက်အလက် အရင်းအမြစ်များ၊ ချဉ်းကပ်ပုံများ |
|---|---|---|
| ရေ အရည်အသွေး သွင်ပြင်လက္ခဏာများ ထိန်းသိမ်းရန် ခက်ခဲ သော ရေဝေကုန်းတန်း/ရေဖမ်း နယ်များ | • ရေဆန်၍ ထောက်ပံ့ပေးရန်ခက်ခဲသော သဘာဝပေါက်ပင်ဇရိယာ | • သဘာဝအရ အရေးကြီးသော စီမံကိန်း၏ RIOS (အရင်းအမြစ်များကိုအသင့်တော်ဆုံး ရင်းနှီးမြှုပ်နှံမှု စနစ်)သို့မဟုတ် တူညီသော စနစ်များ<br>• ဒေသတွင်းအတင်းအချက်အလက် အရင်းအမြစ်၊ မှတ်တမ်းမှတ်ရာများအား ပြန်လည် တိုက်ဆိုင် လေ့လာခြင်း နှင့် ပညာရှင်များ၏ အသိအမြင်များ၊ ထိန်းသိမ်းရေး အစီအစဉ် သင်ခန်းစာများလည်းပါဝင်သည်။<br>• ကွင်းဆင်းလေ့လာခြင်းနှင့် ဤုလ်တုပုံရိပ်များ |
| HCV ၅ ဒေသခံပြည်သူများ၏ အခြေခံကျသောလိုအပ်ချက်များ သိစေရန် | | |
| ဒေသခံပြည်သူများ၏ အခြေခံကျသောလိုအပ်ချက်များ ရရှိစေရန် အဓိကလုပ်ကွက်များနှင့် အရင်းအမြစ်များ | • အခြေခံကျသော သောက်သုံးရေ သန့်ရှင်းသောရေ ရရှိရန် ရေအရင်းအမြစ်များ<br>• တိရိစ္ဆာန်နှင့် အပင်များ သန့်ရှင်းသောရေ ရရှိမှုသည် ဒေသခံပြည်သူများပေါ် တာဝန်ရှိသည်။ | • ဒေသတွင်းအတင်းအချက်အလက် အရင်းအမြစ်၊ မှတ်တမ်းမှတ်ရာများအား ပြန်လည် တိုက်ဆိုင် လေ့လာခြင်း နှင့် ပညာရှင်များ၏ အသိအမြင်များ၊<br>• ဒေသခံပြည်သူများနှင့် တွေ့ဆုံမေးမြန်းခြင်း/လေ့လာခြင်း<br>• ကွင်းဆင်းလေ့လာခြင်း |
| HCV ၆- ယဉ်ကျေးမှု တန်ဖိုးများ | | |
| ယဉ်ကျေးမှုဆိုင်ရာ အထူးအရေးကြီးသော လုပ်ကွက်များနှင့် အရင်းအမြစ်များ | • ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ တန်ဖိုးမြင့်မားသော ရေ (ဥပမာ- ရေတံခွန်များ၊ ရေကန်များ)<br>• ယဉ်ကျေးမှုတန်ဖိုးများရှိသော ရေချိုထုတ်ကုန်များ | • ဒေသခံပြည်သူများနှင့် တွေ့ဆုံမေးမြန်းခြင်း/လေ့လာခြင်း<br>• စုဆောင်းထားသောစာပေအချက်အလက်များ လေ့လာခြင်း |

# နောက်ဆက်တွဲ ၄

## Image credits

All images, diagrams and maps are ©Proforest unless otherwise stated

| Image description | Image credit | Page no. |
|---|---|---|
| Sumatran Tiger | Brian McKay | 26 |
| Case Study HCV 1<br>Rajong River Sarawak (Borneo), Malaysia | Chris Elliott | 29 |
| Case Study HCV 1<br>Bornean orang-utan & Proboscis monkey | Alain Compost | 29 |
| Case Study HCV 2<br>Boreal forest of Saskatchewan Canada | Tom Clark | 33 |
| Case Study HCV 3<br>FVSA_pampas deer in Bahía Samborombón | Fernando Miñarro | 36 |
| Case Study HCV 4<br>Gorge of the Guardiana River, Portugal | Hartmut Jungius | 41 |
| Case Study HCV 4<br>Cork oaks (*Quercus suber*), Eucalyptus and pine trees in the montados, Monchique, Algarve region, Portugal | Claire Doole | 41 |
| Case Study HCV 4<br>"Montados" landscape, Portugal | Sebastian Rich | 41 |
| Case Study HCV 6<br>Dohas of West Kalimantan, Indonesia | Dwi Rahmad Muhtaman | 51 |

